အခြေခံဥပဒေရေးရာ

အခြေခံဥပဒေရေးရာ ဆွေးနွေးခန်းဆောင်းပါးများ

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ရေးသားစီစဉ်တင်ဆက်သော နိုင်ငံ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ အခန်းဆက် ဆွေးနွေးခန်းဆောင်းပါးများကို ဒီမိုကရက်တစ်မြန်မာ့ အသံက ၂၀၀၀ပြည့်နှစ် ဇူလိုင်လ လဆန်းမှစ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်လွှင့်လျက်ခဲ့သည်။ ထိုဆွေးနွေးခန်းဆောင်းပါးများကို အခြေခံဥပဒေရေးရာစာစောင် ပရိသတ်များအတွက် အပိုင်းခွဲ၍ ပြန်လည်ဖော်ပြလျက်ရှိရာ စာစောင်အမှတ်စဉ် (၈)နှင့် (၉)တွင် အပိုင်း (၁၆)အထိ ဆက်လက်ဖော်ပြခဲ့ပြီးဖြစ်သည်။ ကျန်နေသေးသော နောက်ဆုံးအပိုင်းများကို ဤအမှတ်စဉ် (၁၀) တွင် ဖော်ပြလိုက်ပါသည်။

အယ်ဒီတာ

အပိုင်း(၁၇)
ဒီမိုကရေစီနှင့် အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

မသူဇာ။ အကိုကြီး၊ ၁၉၄၈ခုနှစ် ဇန္နဝါရီလကစပြီး အချုပ်အခြာအာဏာပိုင်အဖြစ် ကိုလိုနီနယ်ချဲ့လက်အောက်ကလွတ် မြောက်ခဲ့တယ်နော်။

ဦးမြင့်အောင်။ အဲ့ဒါဘာဖြစ်လဲ သူဇာ၊ ကလေးလိုမေးနေ ပြန်ပြီ။

မသူဇာ။ မဟုတ်ပါဘူး အကိုကြီးရယ်။ အဲ့ဒီလို အချုပ်အခြာ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာမှန်သမျှ အစိုးရအာဏာပိုင်တွေကပဲ မောင်ပိုင်စီးထားလို့မရဘူးမဟုတ်လား။

ကိုရင်မောင်။ ဒါပေ့ါ–ဆရာမရယ်။ အချုပ်အခြာအာဏာဆိုတာ လူထုလက်ထဲမှာပဲအချိန်မရွေးတည်ရှိနေသင့်တဲ့ အရာပါ။

ဦးမြင့်အောင်။ ဒါဟာ ဒီမိုကရေစီနိုင်ငံတိုင်းက လက်ခံထားတဲ့အယူအဆပဲ။ ပြည်သူတွေကပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်မှန်သမျှသာ ပြည်သူတွေကလုပ်ကြရတာ။

ရင်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ အစိုးရအာဏာကို ပြည်သူ့ဆန္ဒအပေါ်မှာအခြေခံပြီး တည်ဆောက်ရမယ် လို့ဆိုထားပါတယ်။

သူ။ အမလေး–ကျမတို့ဆီမှာတော့ အဲ့လိုမဟုတ်ဘူးနော်။ စစ်အစိုးရက အချုပ်အခြာအာဏာကို ရာသက်ပန်အမွေရ ထားသလိုပဲ။ ပြည်သူတွေကိုတော့ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မသတ်မှတ်ချင်ဘူး။

မြင့်။ ထားပါသူဇာရယ်။ ပြောလက်စလေးဆက်ပြော ရအောင်ပါ။ ကဲ–နားထောင် ဒီမိုကရေစီနိုင်ငံတွေဟာ ပါတီစုံစံနစ်ကို ကျင့်သုံးကြတယ်။ တစ်ပါတီစံနစ်ကို မကျင့်သုံးကြဘူး။ တစ်ပါတီထဲကလွှမ်းမိုးချုပ်ကိုင်ထားရင် တိုင်းပြည်အတွက် ဆုတ်ယုတ်ကျဆုံးမှုကို ဖြစ်စေတယ်လို့ လက်ခံလာကြတယ်။

သူ။ အဲဒီလို ပါတီစုံနိုင်ငံရေးစံနစ်ကျင့်သုံးတယ်ဆိုတာ လူထုလက်ထဲ အချုပ်အခြာအာဏာတည်မြဲဖို့ အထောက်အကူပေးတဲ့ အချက်တချက်လဲဖြစ်တာပေါ့နော်။

ရင်။ ဟုတ်တယ်ဗျ။ နောက်ပြီး ပါတီစုံနိုင်ငံရေးစံနစ်နဲ့အတူ လွတ်လပ်တဲ့အသင်းအဖွဲ့တွေလည်း ထူထောင်ခွင့်ပေးရတယ်။

သူ။ ဒီအချက်ဟာလည်း သိပ်ကိုအရေးကြီးတယ်လို့ ကျမမြင်တယ်။ အခု မျက်မှောက်ခေတ်ကာလကြီးမှာ ပြည်သူတွေရွေးချယ်နိုင်ဖို့ နိုင်ငံရေးအတွေးအခေါ်တွေ အများကြီးရှိနေပြီ။ ဒါကြောင့် ဒီလိုနိုင်ငံရေးအတွေးအခေါ်တွေအလိုက် ပါတီတွေ၊ နိုင်ငံရေးအသင်းအဖွဲ့တွေ လွတ်လွတ်လပ်လပ်ထူထောင်ဖို့ အခွင့်ရေးဟာ ရှိကိုရှိနေရမှာ။

မြင့်။ ဒါပေါ့ သူဇာရယ်။ နိုင်ငံရေးအယူအဆအမျိုးမျိုးကို ကိုယ်ယုံကြည်ရာအလိုက် အကောင်အထည်ဖေါ်ဆောင်ရွက်ဖို့ ပါတီအသင်းအဖွဲ့တွေ ထူထောင်နိုင်ကြတယ်လေ။ ဒါဟာ ဒီမိုကရေစီရဲ့ အခြေခံအခွင့်ရေးတစ်ရပ်ပဲ။

ရင်။ လူထုအနေနဲ့လည်း ကိုယ်နှစ်သက်ရာနိုင်ငံရေးအဖွဲ့အစည်းတွေမှာ လွတ်လွတ်လပ်လပ် ပါဝင်လှုပ်ရှားနိုင် တယ်လေ။

သူ။ ပါတီတွေကိုလည်း လွတ်လပ်တဲ့စည်းရုံးလှုပ်ရှားမှုတွေ ပေးရမှာပေါ့နော်။ ပြည်သူလူထုကိုလည်း လွတ်လပ်စွာထုတ် ဖေါ်ပြောဆိုခွင့်တို့၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းဖြန့်ချိခွင့်တို့ ပေးထားရမှာနော်။

ရင်။ ဟုတ်တာပေါ့ ဆရာမရယ်။ လွတ်လပ်စွာတွေးခေါ်မှုက ဖြစ်လာတဲ့သတင်း၊ မဂ္ဂဇင်း၊ စာအုပ်စာပေ ဝေဖန်ရေးသားမှုတွေဟာ ပြည်သူပြည်သားတွေအတွက် ပညာဗဟုသုတနဲ့ နိုင်ငံရေးအသိအမြင်တွေ တိုးပွါးနိုင်စေတယ်လေ။

မြင့်။ ဒါပေါ့ကိုရင်မောင်ရာ၊ ဒါကြောင့်ဒီအခွင့်အရေးတွေ မပိတ်ပင်နိုင်အောင် ဟန့်တားကန့်သတ်မှုတွေ၊ ဆင်ဆာဖြတ်တောက်မှုတွေ မလုပ်နိုင်အောင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာကို အတိအကျထည့်သွင်းပြဋ္ဌာန်းသင့်တယ်။

ရင်။ ကောင်းတယ်ဗျ။ မဟုတ်ရင် အာဏာပိုင်တွေက ကိုယ့်ကိုအကျိုးယုတ်စေတဲ့ ကိစ္စရပ်တွေအတွက် တည်းဖြတ်တာတွေ၊ ဆင်ဆာဖြတ်တောက်တာတွေ၊ ပိတ်ပင်တာတွေကြောင့် ပြည်သူလူထုရဲ့ဆန္ဒတွေ မှေးမှိန်ပျောက်ကွယ်သွားပြီး၊ အမှန်တရားနဲ့လည်း ကင်းဝေးနေလိမ့်မယ်။

သူ။ စာပေလောကတင်မဟုတ်ပဲ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်လောကတွေပါ လွတ်လပ်တဲ့ထုတ်ဖော်တင်ပြခွင့်တွေ ရှိနေရမှာ။

မြင့်။ ဘယ်လောကမှာမဆို နည်းလမ်းအမျိုးမျိုးနဲ့ ပြောဆိုထုတ်ဖော်ခွင့်၊ တင်ပြခွင့်တွေရှိရမှာပေါ့။ တိုင်းပြည်အတွက် အကျိုးပြုတဲ့လုပ်ရပ်ကို ဘယ်သူမဆို ဘယ်နေရာ ဘယ်ဌာနကပဲဖြစ်ဖြစ် ပြောရေးဆိုခွင့်တွေ ရှိနေရမယ်လေ။

ရင်။ အမှန်ပါပဲဗျာ။ လွတ်လပ်တဲ့ပြောဆိုရေးသားခွင့်မှမရှိဘူးဆိုရင် အစိုးရတွေဟာ သူတို့လုပ်ချင်သလိုလုပ်ထားတာတွေကို အမြဲဖုံးကွယ်ထားတော့ မှာပေါ့။

သူ။ ဟုတ်တယ်၊ ဟုတ်တယ်။ အစိုးရက သူတို့ကျူးလွန်ထားတဲ့လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ကွယ်ဝှက်ထားရင် ဥပဒေအရလည်း အရေးမယူနိုင်ဖြစ်သွားမှာ။ ပြည်သူတွေဟာလည်း အစိုးရရဲ့ဖိနှိပ်မှုတွေကို ဆက်ပြီးခံနေရမှာပဲ။

ရင်။ ကျနော် တစ်ခုထပ်ပြောချင်တာက လွတ်လပ်စွာစုဝေးခွင့်၊ ငြိမ်းချမ်းတဲ့ဆန္ဒပြခွင့်တွေလည်း ပြဋ္ဌာန်းသင့်သေးတယ်။

မြင့်။ ဒါပေါ့ဗျာ။ ဒီအချက်တွေဟာလည်း ပြည်သူတွေအတွက်အရေးကြီးတဲ့ နိုင်ငံရေးအခွင့်အရေးတွေ ပဲပေါ့။ ပြည်သူတွေဟာ မှန်ကန်တဲ့တောင်းဆိုပိုင်ခွင့်ရှိတဲ့ လိုအင်ဆန္ဒတွေကို ထုတ်ဖော်ပြသနိုင်ရမယ်။

သူ။ ပြည်သူနဲ့အုပ်ချုပ်သူအစိုးရကြားမှာ ဥပဒေနဲ့အညီ ရပိုင်ခွင့်တွေကို တောင်းဆိုခွင့်ရှိတဲ့ သဘောပေါ့နော် အကိုကြီး။

မြင့်။ အေးပေါ့ ကွဲ့။

ရင်။ ဒါကြောင့် ဒီလိုကိစ္စမျိုးတွေအတွက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လွတ်လွတ်လပ်လပ်ဆန္ဒပြခွင့်ရှိသင့်တယ်လို့ ကျနော်ပြောတာပေါ့။

သူ။ ဟုတ်တယ်။ ကိုယ့်ဆန္ဒကိုမှ ထုတ်ဖေါ်ခွင့်မရရင် လူတစ်ယောက်အတွက် အသက်ရှင်ရပ်တည်နေရတာ ဘာအကျိုး ရှိတော့မလဲ။

မြင်။ ဒါပေါ့ သူဇာရယ်။ ဒါကြောင့်လည်း အခုလိုဒီမိုကရေစီရဲ့ အခြေခံအခွင့်အရေးတွေကို ဘယ်သူဘယ်ဝါကမှ နှောင့်ယှက်ဖျက်စီးလို့မရအောင် အခြေခံဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားကြရ တာပေါ့။

သူ။ ဒီအခွင့်အရေးတွေရှိမှလည်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ထွန်းကားလာနိုင်တာပေါ့နော်။

ရင်။ အမှန်ပဲဆရာမရေ၊ အမှန်ပဲဗျာ။

အပိုင်း(၁၈)
တိုင်းရင်းသားတန်းတူရေးဆိုင်ရာပြဋ္ဌာန်းချက်များ(၁)

သူ။ အကိုကြီး၊ ဖက်ဒရယ်ဆိုတာကို ဘယ်လို အဓိပ္ပါယ်ဖွင့်မလဲဟင်။

မြင့်။ ဖက်ဒရယ်ဆိုတာ အင်္ဂလိပ်ဝေါဟာရအတိုင်း Federal ကိုအသံထွက်တာကွဲ့။ အဓိပ္ပါယ်ကတော့ စုပေါင်းခြင်း၊ အတူတကွရှိခြင်း၊ အကျိုးတူကိစ္စတွေအတွက် ပူးပေါင်းဆောင်ရွက်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ မြန်မာနိုင်ငံအတွက်လည်း အင်

မတန်ကောင်းတဲ့ အဓိပ္ပါယ်လေးပေါ့။

ရင်။ ကျနော်လေ့လာကြည့်တော့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ပြည်နယ်တွေနဲ့ စုပေါင်းဖွဲ့စည်းထားတာဖြစ်တယ်တဲ့၊ တနိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ ပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရတွေအကြား အာဏာခွဲဝေကျင့်သုံးတဲ့စနစ်လို့ ဆိုတယ်။

မြင့်။ ဟုတ်တယ်ဗျ။ ဘယ်ပုံဘယ်နည်းနဲ့ အာဏာခွဲဝေကျင့်သုံးကြမယ် ဆိုတဲ့သဘောတူညီချက်ကိုအခြေခံပြီး ပြည်နယ်တွေစုပေါင်းထားတာတဲ့။ ပြည်ထောင်စုပေ့ါ။ ပြည်နယ်တွေနဲ့ ပြည်ထောင်စုအစိုးရအကြား အာဏာခွဲဝေမှုပုံစံကို အခြေခံဥပဒေမှာ တိတိကျကျပြဋ္ဌာန်း ကြတယ်။

သူ။ ဦးနေဝင်းကတော့ ဖက်ဒရယ်ဆိုတာဟာ ခွဲထွက်ရေးဝါဒလို့ ပြောခဲ့တာပဲ။

မြင့်။ ဒါကတော့ဟာ သူကပြည်ထောင်စုကြီးပြိုကွဲမှာစိုးလို့ဆိုပြီး အကြောင်းပြအာဏာသိမ်းထားတာကိုး။ ဒါကိုကာကွယ်ရအောင်လို့ သက်သက်မဲ့တလွဲ အဓိပ္ပါယ်ဖွင့်တာပါ။

ရင်။ ဒီမှုမှာ အကြမ်းအားဖြင့် အဓိကအချက် (၃)ချက်ပါတယ်နော်။

မြင့်။ ဟုတ်တယ်ဗျ။ ဗမာပြည်မကို တခြားပြည်နယ်တွေလို ပြည်နယ်တခုအဖြစ် သတ်မှတ်ပေးဖို့၊ လူမျိုးစုလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် အာဏာခြင်းတူညီတယ်လို့သတ်မှတ်ပေးဖို့၊ နောက်ပြီး လူမျိုးစုလွှတ်တော်မှာ ပြည်နယ်တိုင်းရဲ့ အမတ်ဦးရေဟာ ညီတူညီမျှကိုယ်စားပြုရေးဆိုတဲ့ အချက်တွေလေ။

သူ။ မျှတမှုရှိတဲ့အချက်တွေပဲ။ ကျမတို့ပြည်ထောင်စုဟာ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ပြည်နယ်တွေနဲ့ စုပေါင်းဖွဲ့စည်းထားတာမဟုတ်လား။ တိုင်းရင်းသား လူမျိုးတွေအချင်းချင်းကြားမှာ တန်းတူညီမျှမှုမရှိလို့ဘယ်ဖြစ်မလဲ။ ကျမတို့ဗမာက လူများစုဆိုပြီး အစစအရာရာ လွှမ်းမိုးချင်လို့ မဖြစ်ဘူးလေ။

ရင်။ ဟုတ်ပါတယ်။ တိုင်းရင်းသားအချင်းချင်း တန်းတူညီမျှမှုမရှိရင် ပြည်ထောင်စု ပြိုကွဲနိုင်တာပေ့ါ။

မြင့်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်းကြားမှာ ခုနက ဖက်ဒရယ်အခြေခံမှုတွေနဲ့ အာဏာထိန်းညှိပြီး ကျင့်သုံးနေသင့်တယ်။

ရင်။ ဟုတ်တယ်လေ။ ဖက်ဒရယ်ဆိုတာဦးနေဝင်းပြောသလိုခွဲထွက်ရေး သက်သက်ပဲဖြစ်နေရင် ဘာဖြစ်လို့အခြေခံဥပဒေထဲမှာထည့်ရေးတော့မလဲ၊ မဟုတ်ဘူးလား။

သူ။ ၁၉၉၃ ခုနှစ်က နဝတ ထုတ်ဝေခဲ့တဲ့ ကျောင်းသားသုံးအင်္ဂလိပ်–မြန်မာ အဘိဓါန်မှာတော့ ဖက်ဒရယ်ကို “အများ အားဖြင့်တမျိုးသားလုံးအရေးနှင့် နိုင်ငံတော်အရေးတို့တွင် ဗဟိုအစိုးရကချုပ်ကိုင်သည့်ပြည်နယ်များဖြင့်ဖွဲ့စည်းထားသောပြည်ထောင်စု”ဆိုပြီး အဓိပ္ပါယ်ဖွင့်ထားတယ်။

ရင်။ မရှုပ်ထွေးတာကို ရှုပ်ထွေးအောင်ရေးထားတာပါဗျာ။ နောက်ပြီး တဖက်ကလည်း ဖက်ဒရယ်ကြောင့် ပြည်ထောင်စုကြီးပြိုကွဲမယ်၊ ပြည်နယ်တွေခွဲထွက်တော့မယ်တို့၊ ဗမာအများစုပါတဲ့ဗဟိုအစိုးရက ပြည်နယ်တွေကိုချုပ်ကိုင်တော့မယ်တို့ လျှောက်ပြီးဝါဒဖြန့်နေတာ။

မြင့်။ ဒါပေါ့လေ။ ဗမာတွေနဲ့ ကျန်တဲ့တိုင်းရင်းသားတွေကြားမှာ သံသယစိတ်တွေ၊ မယုံသင်္ကာစိတ်တွေပွါးများအောင် လုပ်နေတာ။

ရင်။ ဒါမှလည်း သူတို့အုပ်ချုပ်ရတာလွယ်မှာကိုး။

သူ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဖက်ဒရယ်လို့ပဲခေါ်ခေါ် ပြည်ထောင်စုလို့ပဲ ခေါ်ခေါ် ဒါကအရေးမကြီးဘူး။ အဓိက ကတော့ တိုင်းရင်းသားအားလုံးလက်ခံ သဘောတူတဲ့ ပြည်ထောင်စုတခုတည်ဆောက်နိုင်ရေးပဲလို့ ပြောခဲ့တယ်နော်။

မြင့်။ ဟုတ်တယ်လေကွယ်။ တိုင်းရင်းသားအားလုံးလက်ခံမှ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ တည်ဆောက်လို့ရတယ်။ စစ်အစိုးရလိုသေနတ်ပြ ခြိမ်းခြောက်ပြီး တည်ဆောက်လို့ရတာ မဟုတ်ဘူး။

ရင်။ အကိုကြီး တိုင်းရင်းသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာကို နဲနဲ လောက်ရှင်းပြပါလား။

မြင့်။ တန်းတူရေးဆိုတာ နိုင်ငံရေးအခွင့်အရေးညီမျှမှုကို ဆိုလိုတာပါ။ သဘောက တော့ ပြည်နယ်ကြီးတာငယ်တာကြောင့် လူဦးရေနည်းတာများတာကြောင့် အခွင့်အရေးခွဲခြားမှုမရှိရအောင် ပြဋ္ဌာန်းထားတာပေါ့။

သူ။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ဆိုတဲ့ သဘောကကော အကိုကြီး။

မြင့်။ မိမိနဲ့သီးသန့် သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ မိမိတို့ဖါသာမိမိတို့ လွတ်လွတ် လပ်လပ် ဆုံးဖြတ်ခွင့်ရှိရမယ်။ အကောင်အထည်ဖေါ်ပိုင်ခွင့်၊ ပြောင်းလဲပိုင်ခွင့်ရှိ ရမယ်ဆိုတဲ့ သဘောပါပဲ။

ရင်။ ပြည်နယ်တခုရဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စရပ်တွေမှာ ပြည်ထောင်စုအစိုးရရဲ့ဝန်ကြီး ချုပ်ကစပြီး ဘယ်အာဏာပိုင် ဘယ်ဝန်ကြီးကမှဝင်ရောက်မစွက်ဖက်ရအောင် ပြည်နယ်တွေရဲ့အခွင့်အရေးကို မထိပါးရအောင်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ အကာ အကွယ်ပေးထား တာကိုး။

သူ။ ပြည်နယ်တွေဆိုတာ လူမျိုးတွေပေါ်မှာအခြေခံထားတာဆိုတော့ ပြည်နယ် တွေရဲ့အခွင့်အရေးဆိုတာ လူမျိုးတွေရဲ့ အခွင့်အရေးပဲပေါ့နော်။

မြင့်။ ဒါပေါ့ သူဇာရယ်။

သူ။ အဲ့ဒီတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ လူမျိုးတမျိုးချင်းအလိုက် မိမိကံကြမ္မာ ကို မိမိဘာသာဆုံးဖြတ်ပိုင်ခွင့်၊ မိမိလျှောက်ချင်တဲ့လမ်းကို ရွေးချယ်လျှောက် ပိုင်ခွင့်တွေရှိတယ်ဆိုတဲ့ သဘောပဲ။

ရင်။ မှန်တာပေါ့ ဆရာမရယ်။

မြင့်။ ဩော်–ကိုရင်မောင်တို့ကတော့ မှန်လိုက်ပြန်ပြီနော်။

အပိုင်း(၁၉)
တိုင်းရင်းသားတန်းတူရေးဆိုင်ရာပြဋ္ဌာန်းချက်များ(၂)

ရင်။ အကိုကြီး၊ တိုင်းရင်းသားတွေတန်းတူရေးအတွက် အခြေခံဥပဒေထဲမှာ ဘယ် လိုအခြေခံအချက်တွေကို ထည့်သွင်းပြဋ္ဌာန်းသင့်တယ်ဆိုတာဟာ ဖက်ဒရယ်

ပြည်ထောင်စုနိုင်ငံတခုအတွက် တော်တော်အရေးပါ မယ်နော်။

မြင့်။ ပါတာပေါ့ ကိုရင်မောင်ရာ။ တပြည်ထောင်အပေါ် တပြည်ထောင်က လွှမ်းမိုး ချုပ်ကိုင်မှုတွေမရှိအောင် ဖွဲ့စည်းတည်ဆောက်ပုံ မှန်ကန်ဖို့လိုတယ်။ အားလုံး ဟာ တပြေးညီအခွင့်အရေးရှိနေရမယ်။ ဒီလိုရှိဖို့အတွက်လည်း အချက်အ လက်အချို့ အားဖြည့်ပေးရမယ်။

သူ။ ဘယ်လိုအချက်အလက်မျိုးတွေနဲ့ အားဖြည့်ပေးရမှာလည်း အကိုကြီးရဲ့။

မြင့်။ အားဖြည့်ရမဲ့ အချက်အလက်ထဲက အထက်လွှတ်တော်ဖွဲ့စည်းမှုနဲ့ပတ်သက် လို့ စပြောရရင် ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် နှစ်ရပ် ထားရမယ်။

သူ။ ပြည်သူ့လွှတ်တော်ဆိုတာက မဲဆန္ဒရှင်ပြည်သူတွေရဲ့ လူဦးရေအလိုက် အချိုး ကျရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီးတော့ လူမျိုး စုလွှတ်တော်ဆိုတာက ပြည်နယ်တွေက ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် တွေနဲ့ ဖွဲ့စည်းထားတာကို ပြောတာနော်။

မြင့်။ ဟုတ်တာပေါ့ ဒေါ်သူဇာရာ။

ရင်။ ဒါမှလည်း တန်းတူရည်တူပူးပေါင်းခြင်းဆိုတာကို ပုံဖေါ်နိုင်မှာပေါ့နော် အ ကိုကြီး။

မြင့်။ ဒါပေါ့ဗျာ။ နောက်ပြီး လွှတ်တော်နှစ်ရပ်ဟာလည်း တူညီတဲ့အခွင့်အာဏာရှိ နေရမယ်။ လွှတ်တော်တရပ်ရပ်ကို အာဏာပိုပေးလိုက်ရင် ပြဿနာဖြစ်လာ နိုင်တယ်။

သူ။ အခုဆွေးနွေးပြီးသလောက် ပြန်ချုပ်ကြည့်ရင် ပြည်နယ်ကြီးငယ်မရွေး နိုင်ငံရေး မှာ တန်းတူအခွင့်အရေးရှိရမယ်။ လူမျိုးစုလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ဆို ပြီး လွှတ်တော်နှစ်ရပ်ထားသင့်တယ်။ နောက်ပြီးလွှတ်တော်တွေဟာ တူညီ တဲ့အခွင့်အာဏာ ရှိနေရမယ်။ ဟုတ်တယ်နော် အကိုကြီး။

မြင့်။ ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ နောက်အရေးကြီးတဲ့အချက်ရှိသေးတယ်။ အဲ့ဒါကတိုင်း ရင်းသားတန်းတူရေးအတွက် ပြည်နယ်လွှတ်တော်တွေနဲ့ ပြည်ထောင်စုလွှတ် တော်ကြားမှာ ဥပဒေပြုအာဏာကိုလည်း ခွဲဝေကျင့်သုံးဖို့လိုအုံးမယ်။

ရင်။ ဟုတ်တယ်အကိုကြီး။ တချို့ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ပြည်နယ်ရဲ့ဥပဒေ ပြုအာဏာတွေကို ကန့်သတ်ထားကြတယ်။

မြင့်။ တချို့နိုင်ငံတွေမှာတော့လည်း ပြည်ထောင်စုနဲ့ ပြည်နယ်ဥပဒေပြုအာဏာတွေ ကို သတ်မှတ်ပေးလိုက်တဲ့အပြင် ပြည်ထောင်စုနဲ့ ပြည်နယ်တွေကို ထပ်တူဥပ ဒေပြုအာဏာတွဲပြီး ကျင့်သုံးတာလည်းရှိတယ်။

သူ။ အကိုကြီးတို့ပြောတာနားထောင်ရင်း တဖြည်းဖြည်းနဲ့ နားမလည်ချင်တော့ ဘူး။

ရင်။ တချို့ဥပဒေအခေါ်အဝေါ်အသုံးအနှုန်းလေးတွေ ကြားညှပ်ပါနေလို့ပါ ဆရာမ ရယ်။ သတိထားပြီး သေချာနားထောင်ပါ။ သဘောပေါက်လာပါလိမ့်မယ်။

မြင့်။ ကဲ–တိုင်းရင်းသားတန်းတူရေးကိုဖေါ်ဆောင်ဖို့အတွက် နောက်ထပ်အရေးကြီး တဲ့ တချက်ပြောပြအုံးမယ်။ ဘာလဲဆိုတော့ အစိုးရဖွဲ့စည်းခြင်းပဲ။ အစိုးရကို

ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရဆိုပြီး ဖွဲ့စည်းရမယ်။

သူ။ ပြည်ထောင်စုအစိုးရဆိုတာက ပြည်နယ်အားလုံးပါဝင်တဲ့ ပြည်ထောင်စုတစ်ခုလုံးကိုကိုယ်စားပြုတာ၊ ပြည်နယ်အစိုးရဆိုတာက ကိုယ့်ပြည်နယ်ကိုပဲ ကိုယ်စားပြုတာပေ့ါနော်။

မြင့်။ ဒါပေ့ါ၊ နောက်ပြီး အစိုးရဖွဲ့စည်းတဲ့အခါ ပါလီမန်ဒီမိုကရေစီကျင့်သုံးတဲ့ ဖက်ဒရယ်နိုင်ငံဖြစ်လို့ ဝန်ကြီးချုပ်ကို ပြည်သူ့လွှတ်တော်ကရွေးချယ်ပေးပြီး သမ္မတကို လူမျိုးစုလွှတ်တော်က ရွေးချယ်ပေးရမယ်။

ရင်။ ပြည်ထောင်စုရဲ့ စီမံခန့်ခွဲရေးအာဏာကိုလည်း ဝန်ကြီးချုပ်တဦးထဲလက်မှာ မထားပဲ သမ္မတနဲ့ဝန်ကြီးချုပ်နှစ်ဦးစလုံးစီမှာ ထားရင်မကောင်းဘူးလား။

သူ။ ဘာဖြစ်လို့ အဲ့ဒီလိုထားသင့်သလဲ ကိုရင်မောင်။

ရင်။ ဒီလိုလေ ဝန်ကြီးချုပ်ဆိုတာ ပြည်သူ့လွှတ်တော်က ရွေးပေးတာ။ သမ္မတဆိုတာ လူမျိုးစုလွှတ်တော်ကရွေးပေးတာ အဲဒီတော့ စီမံခန့်ခွဲရေးအာဏာကို ခွဲဝေပေးလိုက်ရင် တိုင်းရင်းသားတန်းတူရေးကို ပိုပြီးဖေါ်ဆောင်နိုင်မယ်ထင်လို့ပါ။

မြင့်။ အဲ့ဒီကိစ္စကတော့ ဒီလိုရှိတယ်ကိုရင်မောင်ရဲ့။ တိုင်းပြည်ရဲ့နေ့စဉ်ပြဿနာတွေကို စီမံခန့်ခွဲသွားဖို့အတွက် လုပ်ပိုင်ခွင့်ကို လူပုဂ္ဂိုလ်တဦးထဲဆီမှာထားတာ ရှင်းလင်းလွယ်ကူတယ်။ နှစ်ဦးဆီမှာထားမယ်ဆိုရင် မတူတဲ့ပါတီနောက်ခံနဲ့ လူမျိုးရေးအမြင်တွေကြောင့် အားပြိုင်မှုတွေ ဖြစ်လာနိုင်တယ်။

သူ။ အင်း–ဟုတ်တယ်နော်။ တိုင်းပြည်ရဲ့ကောင်းကျိုးထက် ဆိုးကျိုးကို ပိုပြီးဦးတည်သွားနိုင်တယ်။

ရင်။ တကယ်တန်း တိုင်းရင်းသားတန်းတူရေးကို အခြေခံဥပဒေနဲ့ ဖေါ်ဆောင်တော့မယ်ဆိုရင် ပြည်ထောင်စုကိုဖွဲ့စည်းတဲ့အခါ အခွင့်အရေးတန်းတူရှိတဲ့ပြည်နယ်တွေနဲ့ ဖွဲ့စည်းသလားဆိုတာက အဓိကပဲနော်။

မြင့်။ ဟုတ်တယ်ဗျ။ နောက်တခါ ပြည်နယ်လွှတ်တော်တွေဟာ ဟန်ပြမဟုတ်ပဲ အခြေခံဥပဒေနဲ့အညီ သတ်မှတ်ထားတဲ့ ဥပဒေပြုပိုင်ခွင့်အာဏာ ရမရကိုလည်း ထည့်တွက်ရတယ်။

သူ။ ဒီပြဋ္ဌာန်းချက်တွေအတိုင်း အုပ်ချုပ်လုပ်ကိုင်သွားမဲ့ ပြည်နယ်အစိုးရတွေလည်း ရှိနေကြမှာပဲဟာနော်။

မြင့်။ နောက်ထပ်အရေးကြီးတဲ့ အချက်တစ်ချက်ရှိသေးတယ်။ တရားရုံးနဲ့ပတ်သက်လို့ပေ့ါ။

ရင် ။ ဟုတ်ကဲ့ ဆိုပါအုံး အကိုကြီး။

မြင့်။ ဒီလိုပါ၊ ပြည်ထောင်စုတရားရုံးချုပ်ဆိုတာက အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်တွေ၊ ပြည်နယ်အချင်းချင်းအငြင်းပွါးတဲ့ကိစ္စတွေကိုပဲ လုပ်ပိုင်ခွင့်ရှိတယ်။ ကျန်ကိစ္စတွေမှန်သမျှကို ပြည်နယ်တွေက လွတ်လွတ်လပ်လပ် တရားစီရင်ပိုင်ခွင့်အာဏာ ရှိနေရမယ်။

ရင်။ ကျနော်က နောက်ထပ်အချက်တချက်လောက် ဆွေးနွေးချင်သေးတယ်။

မြင့်။ ဆိုပါအုံး ကိုရင်မောင်ရဲ့။

ရင်။ ဒီလိုလေ၊ ပြည်ထောင်စုနဲ့ ပြည်နယ်တွေကြားမှာ ပြည်နယ်အချင်းချင်းကြားမှာ ဘဏ္ဍာငွေတပြေးညီဖြစ်ဖို့ ညီမျှမှုရှိဖို့တွေအတွက် ထိမ်းညှိပေးနိုင်မဲ့ပြဋ္ဌာန်းချက်မျိုးလည်း အရေးကြီးတယ်လို့ မြင်မိတယ်။

မြင့်။ ကြီးတာပေါ့ဗျာ၊ ဒီလိုအချက်မျိုးကလည်း တပြေးညီဖြစ်မှုအတွက် အလွန်အရေးပါတဲ့ အချက်မျိုးပဲဗျ။

သူ။ ဟုတ်တယ်။ သမ္မတနဲ့ဝန်ကြီးချုပ်ကိုအာဏာတူပေးရေးထက် ကိုရင်မောင် အခုပြောတဲ့အချက်မျိုးက တန်းတူရေးမှာပိုပြီးအရေးကြီးတယ်လို့ ကျမလဲမြင်မိတယ်။

မြင့်။ ဒီမိုကရေစီစံနစ်အောက်မှာ အရည်အချင်းရှိတဲ့သူ ဘယ်သူမဆို နိုင်ငံရေးပါတီတွေရဲ့အမြင့်ဆုံးခေါင်းဆောင်တွေ ဖြစ်နိုင်တာပဲ။ ဘယ်လူမျိုးပဲဖြစ်ဖြစ် ဝန်ကြီးချုပ်လဲဖြစ်လို့ရတယ်၊ သမ္မတလဲဖြစ်လို့ရတာပဲ၊ အဓိက ကတော့ အခြေခံကျတဲ့ တန်းတူညီမျှမှုတွေရှိနေဖို့ ပဲဗျ။

ရင်။ ကဲ–ဒီတပတ် တိုင်းရင်းသားများတန်းတူညီရေးအတွက် ဆွေးနွေးလိုက်ကြတာ တော်တော်လေးပြည့်စုံသွားပြီပဲ။ နားလိုက်ကြစို့ လားနော်။

အပိုင်း(၂၀)
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အခြေခံဥပဒေကိုလေ့လာခြင်း(၁)

ရင်။ အကိုကြီး။ ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီကရေးဆွဲနေတဲ့ အနာဂါတ်ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်ကြရအောင်လား။ ဆရာမအနေနဲ့လည်း တခါတည်းဝင်ပြီး ဆွေးနွေးလို့ရအောင် စာအုပ်ပါယူလာတယ်။

မြင့်။ ကောင်းသားပဲဗျ။ ပထမဆုံး ရုတ်သိမ်းခွင့်မရှိတဲ့အခြေခံအခွင့်အရေးတွေအကြောင်းကြည့်ကြစို့လား။ ရုတ်သိမ်းခွင့်မရှိတဲ့အခြေခံအခွင့်အရေးဆိုတာ ပြည်ထောင်စုအတွင်းက နိုင်ငံသားတိုင်း ဘယ်အခြေအနေအောက်မှာပဲ ရောက်နေရောက်နေ အချိန်တိုင်းမှာ ရနေရမဲ့ အခွင့်အရေးမျိုးကိုခေါ်တာလေ။

ရင်။ ပုဒ်မ(၁၄)မှာ ပုဒ်မခွဲ(က)(ခ)(ဂ) ဆိုပြီး ရှိတယ်ဆရာမ။

သူ။ အင်း–ပုဒ်မခွဲ (က)မှာတော့ ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်း ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ်မခွဲခြားပဲ ဥပဒေရှေ့မှောက်မှာ တန်းတူအခွင့်အရေးရှိရမယ်တဲ့။ အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ခွင့်တွေလည်းရှိရမယ်တဲ့။ လူပုဂ္ဂိုလ်တစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး ဂုဏ်သိက္ခာကို စော်ကားခြင်းမခံစေရဘူးတဲ့။

ရင်။ ဘယ်သူမဆို ကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ ရက်စက်တဲ့ လူမဆန်တဲ့ပြုမူဆက်ဆံခြင်းတွေလည်း မခံစေရလို့ ဆိုထားတယ်။

မြင်။ ဒီရုတ်သိမ်းခွင့်မရှိတဲ့ အခြေခံအခွင့်အရေးတွေဆိုတာ အပြည်ပြည်ဆိုင်ရာလူ့

အခွင့်အရေးကြေညာစာတမ်းမှာပါတဲ့ အခြေခံလူ့အခွင့်အရေးတွေခံစားရအောင် အတိအကျပြဋ္ဌာန်းထားတဲ့ သဘောပဲ။

ရင်။ ပုဒ်မ(၁၅)(က)မှာ အခြေခံလွတ်လပ်ခွင့်တွေကို ပြဋ္ဌာန်းထားတယ်။ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းဖြန့်ချိခွင့်နဲ့ လွတ်လပ်စွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ပေါ့။

သူ။ အောက်က ပုဒ်ခွဲ (ခ)မှာလည်းတော်တော်စုံတာပဲ။ လွတ်လွတ်လပ်လပ် အသင်းအဖွဲ့တွေဖွဲ့စည်းနိုင်တယ်။ ပါဝင်ခွင့် ရှိနိုင်တယ်တဲ့။ နောက်ပြီး ယဉ်ကျေးမှု၊ ပညာရေးအခွင့်အရေးတွေနဲ့ ပစ္စည်းပိုင်ဆိုင်ခွင့်အခွင့်အရေးတွေကအစ ပါတယ်။ ပြီးတော့ တိုင်းရင်းသားဘာသာစကားတွေကို လွတ်လွတ်လပ်လပ်သင်ကြားခွင့်တွေ၊ ကလေးသူငယ်တွေနဲ့ ပတ်သက်တဲ့ အခွင့်အရေးတွေလည်းပါတယ်။

မြင့်။ ဒီလိုလူ့အခွင့်အရေးတွေကို ပေးရုံတင်ဘယ်ကမလဲ။ လူ့အခွင့်အရေးချိုးဖေါက်ခံရသူ ဘယ်သူ့ကိုမဆို လူ့အခွင့်အရေးကော်မရှင်ရဲ့ ကာကွယ်စောင့်ရှောက်ခွင့်ကိုရအောင် လုပ်ထားသေးတယ်။ ပုဒ်မ(၃၁)မှာ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဖေါ်ပြထားတယ်လေ။

ရင်။ ဥပဒေရေးရာနဲ့ပတ်သက်လို့လဲ တနိုင်ငံလုံးအတွက်ဥပဒေပြုမဲ့ ပြည်ထောင်စုလွှတ်တော်ကို လွှတ်တော်နှစ်ရပ်နဲ့ ဖွဲ့စည်းထားတယ်။ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်နိုင်ငံတွေရဲ့ သဘောသဘာဝအတိုင်း ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ပေါ့။

သူ။ လွှတ်တော်နှစ်ရပ်ကိုလည်း အခွန်ဥပဒေကြမ်း၊ ငွေဥပဒေကြမ်း အတည်ပြုပုံကလွဲပြီး တခြားဥပဒေတွေပြုစုတဲ့အခါ လုပ်ပိုင်ခွင့်အာဏာအတူတူ ပေးထားတာတွေ့ရတယ်။

မြင့်။ ဒါပေါ့ကွဲ့။ ခြွင်းချက်ဥပဒေတချို့ကလွဲပြီး လွှတ်တော်နှစ်ရပ်ကိုဥပဒေပြုအာဏာအတူတူပေးမထားရင် တိုင်းရင်းသားတန်းတူရေးကို မဖော်ဆောင်နိုင်တော့ဘူး။

ရင်။ ပြည်နယ်တွေကို ဘယ်လိုဖွဲ့စည်းမလဲ၊ ပြည်နယ်အရေအတွက်ဘယ်လောက်ထားမလဲဆိုတဲ့ အချက်တွေကလည်း အရေးကြီးတယ်။

မြင့်။ အမျိုးသားကောင်စီရဲ့ အဆိုပြုဥပဒေမူကြမ်းထဲမှာတော့ ပြည်နယ်တွေကို လူမျိုးအပေါ်အခြေခံပြီး ဖွဲ့စည်းထားတယ်၊ ပုဒ်မ (၃၅)မှာ ဗမာအမျိုးသားတွေအတွက် ပြည်နယ်တစ်ခုပဲသတ်မှတ်ပေးထားတယ်။ ကျန်လူမျိုးစုတွေဖြစ်တဲ့ ကရင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးတွေအတွက်လည်း တစ်ပြည်နယ်စီ သတ်မှတ်ပေးထားတယ်။

ရင်။ တခြားလူမျိုးနွယ်စုတွေအတွက်လဲ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေ၊ တိုင်းရင်းသားအထူးဒေသတွေအဖြစ် သတ်မှတ်ပေးထားတယ်။

မြင့်။ ဒါပေမဲ့ ဒီဒေသတွေက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိဘူး။ အဆင့်မြင့်အာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့ ကိုယ့်ဒေသအတွင်းအုပ်ချုပ်ရေးလုပ်ငန်းတွေကို ကိုယ့်ဟာကို လုပ်ပိုင်ခွင့်ရစေတဲ့သဘောပဲ။

သူ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ပြည်ထောင်စုမှာ တိုက်ရိုက်ပူးပေါင်းတဲ့ပြည်နယ်တွေကသာ ကျင့်သုံးနိုင်တဲ့အခွင့်အရေးဖြစ်ပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကတော့ ပြည်နယ်တွေအတွင်းမှာရှိတဲ့ တိုင်းရင်းသားအုပ်စုတွေက ကျင့်သုံးနိုင်တဲ့ အခွင့်အရေးပဲပေါ့နော်။

မြင့်။ ဟုတ်တယ်သူဇာရဲ့။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာက နိုင်ငံရေးအရ တိုက်ရိုက်ကိုယ်စားပြုနိုင်တဲ့အခွင့်အရေးပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မှာကျတော့ ဒီအခွင့်အရေးမရှိဘူး။ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တွေအတွင်းမှာပဲ နိုင်ငံရေး ကိုယ်စားပြုခွင့်ရှိတယ်။

သူ။ ဒီတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟာ ပြည်နယ်တွေအတွက် အခွင့်အရေးဖြစ်ပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟာ ပြည်နယ်အတွင်းက တိုင်းရင်းသားအုပ်စုတွေအတွက် အခွင့်အရေးပေါ့နော်။

မြင့်။ ဒီလိုသတ်မှတ်ထားလို့ တိုင်းရင်းသားအထူးဒေသမှာနေတဲ့ တိုင်းရင်းသားတွေအတွက် နိုင်ငံရေးအခွင့်အရေး မရှိတာတော့ မဟုတ်ဘူးနော်။ ဖက်ဒရယ်ပြည်ထောင်စုအတွင်းမှာ ဘယ်လိုဒေသမှာနေတဲ့ ဘယ်သူ့ကိုမဆို အခြေခံနိုင်ငံရေး အခွင့်အရေးတွေ တန်းတူပေးထားတယ်။

ရင်။ နောက်ပြီးတော့ အမျိုးသားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနဲ့ တိုင်းရင်းသားအထူးဒေသကကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူ့လွှတ်တော်နှစ်ရပ်ထဲက လွှတ်တော်တစ်ရပ်မှာ အချိုးကျ ကိုယ်စားပြုပါဝင်နိုင်ခွင့်လည်း ရထားတာပဲ။

သူ။ ပုဒ်မ (၃၆)မှာဖတ်ကြည့်တာတော့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေနဲ့ တိုင်းရင်းသားအထူးဒေသတွေက လူမျိုးတွေစုပေါင်းပြီး အမျိုးသားပြည်နယ်တွေ၊ အမျိုးသားများပြည်နယ်တွေ ဖွဲ့စည်းမယ်ဆိုရင် ဖွဲ့စည်းခွင့်ရှိတယ်တဲ့။

ရင်။ ဒါပေမဲ့ ဆရာရဲ့။ ဘယ်ဒေသတွေကို အမျိုးသားပြည်နယ်တွေ၊ အမျိုးသားများပြည်နယ်တွေ ဖွဲ့စည်းမယ်လို့တော့ ပြောမထားဘူး။ အခြေခံဥပဒေ အတည်ပြုတဲ့အချိန်ကျမှ ဆုံးဖြတ်ကြပါလို့ဆိုထားတယ်။

မြင့်။ ပုဒ်မ (၃၈)(ဂ)မှာလို သက်ဆိုင်ရာအဖွဲ့ဝင်ပြည်နယ်လွှတ်တော်တွေရဲ့ သဘောတူညီချက် ပြည်နယ်မဲဆန္ဒရှင် သုံးပုံနှစ်ပုံရဲ့ အတည်ပြုချက်တွေလိုနေမှာကိုး။

ရင်။ နောက်ပြီးတော့။

မြင့်။ ကဲ–ကိုရင်မောင် နောက်ပြီးတော့လေ အသာထားပြီး ရှေ့အပတ်မှဆက်ကြစို့လား။ အကိုကြီး အမှုကိစ္စအတွက် ဧည့်သည်တစ်ယောက်နဲ့ သွားတွေ့စရာရှိလို့။

ရင်။ ရပါတယ် အကိုကြီးရယ် ရပါတယ်ဗျာ။ နောက်တစ်ပတ်မှ ဆက်ကြတာပေါ့။

အပိုင်း(၂၁)
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အခြေခံဥပဒေကိုလေ့လာခြင်း(၂)

ရင်။ အကိုကြီး–ပြီးခဲ့တဲ့အပတ်က ဆွေးနွေးလက်စလေး ဆက်လိုက်ကြရအောင်

နော်။

မြင့်။ ရတယ်လေဗျာ၊ ကျနော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီရဲ့ အဆိုပြု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို လေ့လာဆွေးနွေးနေကြတာမ ဟုတ်လား။

ရင်။ ဟုတ်ပါတယ်၊ ကျနော် နောက်ထပ်လေ့လာကြည့်ချင်တာက တိုင်းပြည်မှာ ကျင့်သုံးမဲ့ နိုင်ငံရေးစံနစ်အကြောင်းပဲ။

သူ၊ နိုင်ငံရေးစံနစ်အတွက် ပုဒ်မ (၇)(က)မှာ ပြဋ္ဌာန်းထားတယ်မှတ်လား။ ဖက်ဒ ရယ်ပြည်ထောင်စုရဲ့ နိုင်ငံရေးစံနစ်ဟာ ပါတီစုံနိုင်ငံရေးစံနစ်ဖြစ်တယ်လို့ ရေး ထားတာပဲ။

မြင့်။ အေးပါ–ဒီစံနစ်ကတော့ ကမ္ဘာပေါ်မှာ တိုးတက်နေတဲ့နိုင်ငံအားလုံးလိုလို ကျင့် သုံးနေတဲ့စံနစ်ပဲ။

ရင်။ (၈၈) အရေးတော်ပုံကြီးတုံးက ကျနော်တို့လူထု တောင်းဆိုခဲ့တာလည်း ဒီစံ နစ်ပါပဲ။

မြင့်။ ဒီနေရာမှာအရေးကြီးတဲ့ အချက်တစ်ချက်အနေနဲ့ပြောချင်တာက ပါတီစုံနိုင်ငံ ရေးစံနစ်ကို အမည်ခံလောက်သာခွင့်ပြုပြီး အစိုးရလိုလားတဲ့ပါတီတွေကို အ ထူးအခွင့်အရေးပေးတာမျိုး၊ အတိုက်အခံပါတီတွေကို အစိုးရကိုယ်တိုင်က ဦး စီးပြီး နှိပ်ကွက်တာမျိုးတွေ မလုပ်ကြဖို့လိုတယ်။

သူ။ အစိုးရက တခြားပါတီတွေရဲ့ရပ်တည်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်တွေကို ကန့် သတ်ချုပ်ချယ်နေရင် စစ်မှန်တဲ့ ပါတီစုံနိုင်ငံရေးစံနစ် ဘယ်ဟုတ်ပါတော့မလဲ။

ရင်။ ဟုတ်တယ် ဒီအတွက် ပုဒ်မ (၇)(ခ) မှာ နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးဖို့ ရေးထားတယ်။ နောက် ဥပဒေပြုခွင့် အာဏာခွဲဝေကျင့်သုံးပုံအကြောင်း ကြည့်ကြရအောင်။

မြင့်။ ဥပဒေပြုအာဏာ ခွဲဝေကျင့်သုံးရေးအတွက်တော့ ပုဒ်မ (၇၃)ကနေ(၇၈)အ ထိ ပြဋ္ဌာန်းပေးထားတယ်။ ပြည်ထောင်စု လွှတ်တော်အတွက် သီးသန့်ဥပဒေ ပြုအာဏာအည္ဆန်းကိုလည်း စာရင်းနဲ့ချရေးပြထားတာပဲ။ နောက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တွေအတွက် လွှတ်တော်တစ် ခုခြင်းစီအလိုက် ထပ်တူဥပဒေပြုပိုင်ခွင့်အာဏာ ပေးထားတာလဲတွေ့ရတယ်။

သူ။ ပုဒ်မ (၇၇)မှာတော့ ကြွင်းကျန်တဲ့ဥပဒေမှန်သမျှကို ပြည်နယ်လွှတ်တော်တွေ ကသာ ပြုစုပြဋ္ဌာန်းသင့်ကြောင်းအဆို ပြုထားတယ်နော်။

ရင်။ ဟုတ်တယ်ဆရာမရဲ့။ ကြွင်းကျန်တဲ့ဥပဒေတွေကို ပြည်နယ်တွေကပဲကျင့်သုံး သင့်တယ်။ ဒါမှမဟုတ်လို့ ကြွင်းကျန်တဲ့အာဏာတွေကို ပြည်ထောင်စုလွှတ် တော်တွေလက်ထဲထားရင် ပြည်ထောင်စုပုံသဏ္ဌာန်ပျောက်ပြီး တပြည်ထောင် ပုံစံ ဖြစ်သွားနိုင်တယ်ဗျ။

မြင့်။ ကဲ–နောက်ထပ်အရေးကြီးတဲ့ အချက်ဖြစ်တဲ့ ပြည်ထောင်စုတပ်မတော်အ ကြောင်း ဆက်ကြည့်ရအောင်လား။

ရင်။ ကောင်းသားပဲ အကိုကြီး။

သူ။ ပုဒ်မ (၁၀၉)မှာတော့ ပြည်ထောင်စုကို ပြည်ပရန်တွေကနေကာကွယ်ဖို့အ

တွက်သာ ပြည်ထောင်စုတပ်မတော်ကို ဖွဲ့စည်းတည်ထောင်မယ်၊ ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာထားမယ်တဲ့၊ ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးဟာ ပြည်ထောင်စုတပ်မတော်မှာ လက်ရှိတာဝန်ထမ်း ဆောင်နေတဲ့သူ ဘယ်သူ့ကိုမှ မခန့်အပ် ရဘူးတဲ့။

မြင့်။ ဒါဟာ–တနည်းဆိုရရင် အုပ်ချုပ်ရေးအာဏာကို အရပ်သားတွေလက်ထဲမှာပဲ ရှိနေအောင် ပြဋ္ဌာန်းပေးထားတာလေ၊ စစ်အာဏာရှင်တွေ ထပ်ပြီးမပေါ်ပေါက် အောင် အခြေခံဥပဒေအရ အကာအကွယ်ပေးထားတဲ့သဘောပဲ။

သူ။ ပုဒ်မ(၁၁၀)ကတော့ ကာကွယ်ရေးဆိုင်ရာမူဝါဒကိုပြောထားတယ်ပြည်ထောင် စုအစိုးရအဖွဲ့နဲ့ ကာကွယ်ရေးဝန်ကြီးဟာ ကာကွယ်ရေးဆိုင်ရာမူဝါဒတွေကိုချ မှတ်ပြီး ပြည်ထောင်စုတပ်မတော်က အကောင်အထည်ဖေါ် ဆောင်ရွက်ရ မယ်တဲ့။

ရင်။ ဒါက–ရှင်းပါတယ်ဆရာမရယ်၊ တပ်မတော်သာအမိ၊ တပ်မတော်သာအဖဆို တဲ့ မှားယွင်းတဲ့အယူအဆတွေ၊ လုပ်ရပ်တွေမပေါ်ပေါက်နိုင်အောင် ပြဋ္ဌာန်း ထားတာလေ၊ နောက်သဘောကျတဲ့အချက်က ပုဒ်မ (၁၁၁)၊(ခ)ဗျ။

သူ။ ဘာလဲ–ပြည်ထောင်စုတပ်မတော်ကိုဖွဲ့စည်းဖို့ တပ်ဖွဲ့တွေကို ပြည်နယ်တွေက နေ အချိုးကျပေးပို့ရမယ်ဆိုတာ လား။

ရင်။ ဟုတ်တယ်ဗျ။ ပြည်ထောင်စုတစ်ခုလုံးကိုကာကွယ်ဖို့ဆိုတာ ပြည်ထောင်စုဝင် ပြည်နယ်အားလုံးမှာ တာဝန်ရှိတာပဲလေ၊ တိုင်းရင်းသားလူမျိုးစုံနိုင်ငံအတွက် လူမျိုးတစ်မျိုးက စစ်တပ်ကို တလက်ကိုင်ထားပြီး တခြားလူမျိုးတွေကို ဖိနှိပ်မှု တွေကနေလည်း ရှောင်ရှားနိုင်မှာ။

မြင့်။ ပုဒ်မ(၁၁၂)မှာတော့ ကြည်း၊ ရေ၊ လေ အတွက်စစ်တက္ကသိုလ်တွေဖွင့်ပေးမယ်၊ ပြည်နယ်တွေကနေ အချိုးကျတက်ရောက်ခွင့်ရှိမယ်လို့ဆိုတယ်လေ၊ စစ်ပညာ သင်ကြားတဲ့ကိစ္စမှာအခွင့်အရေးတူညီမှုရှိအောင် ပြဋ္ဌာန်းထားတဲ့သဘောပေ့ါ။

သူ။ (၁၁၃) ပုဒ်မကတော့ ပြည်ထောင်စုတပ်မတော်တစ်ခုလုံးရဲ့ အမြဲတမ်းအင် အားဟာ ပြည်ထောင်စုလူဦးရေရဲ့ သုံးညဒသမ တစ်ရာခိုင်နှုန်းထက် မပိုစေရ ဘူးတဲ့။ အဲ့ဒါဘာဖြစ်လို့လဲ။

မြင့်။ မလိုလားအပ်ပဲ စစ်တပ်အင်အားမကြီးထွားအောင် လုပ်ထားတာလေ။ ဒါပေ မဲ့ ပြည်ထောင်စုတစ်ခုလုံး အန္တရာယ်ကြုံရင် စစ်ရေးမှာအတွေ့အကြုံရှိတဲ့ ပြည် ထောင်စုသားတွေရှိနေအောင် တခြားဥပဒေတွေနဲ့ထိန်းထားတယ်။

ရင်။ တပ်မတော်ဖွဲ့စည်းမဲ့ပုံစံနဲ့ ကာကွယ်ရေးကိစ္စအတွက် ပုဒ်မတော်တော်များ များ ပြဋ္ဌာန်းထားတယ်ဗျ။ ဆွေးနွေးမယ်ဆိုရင် အချိန်တော်တော်ယူရမှာ။

မြင့်။ အရေးအကြီးဆုံးကတော့ကွယ် ပုဒ်မ(၁၁၅) မှာပြဋ္ဌာန်းထားသလို စစ်တပ်ဟာ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အရပ်ဘက်အုပ်ချုပ်ရေးအောက်မှာပဲ ရှိရမှာပေ့ါ။

သူ။ အစိုးရဖွဲ့စည်းပုံကို နဲနဲလောက်ပြောချင်သေးတယ်အကိုကြီး၊ ဖယ်ဒရယ်ပြည် ထောင်စုအတွက် ဝန်ကြီးချုပ်ဦးဆောင်တဲ့ ဝန်ကြီးအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရ ကို ဖွဲ့စည်းမယ်လို့ ပုဒ်မ(၈၈)မှာ ရေးထားတယ်နော်။

ရင်။ ဟုတ်တယ်လေ။ အဲ့ဒီမှာဝန်ကြီးချုပ်ဟာ ပြည်သူ့လွှတ်တော်ကနေရွေးချယ်ရ

မှာဆိုတော့ အချိန်တိုင်းနီးပါး ဗမာလူမျိုးတွေပဲ ဖြစ်နေနိုင်တယ်လေ။ ဒီလိုမဖြစ်ရအောင် လူမျိုးစုလွှတ်တော်ကပါ ပါဝင်အရွေးခံသင့်တယ်လို့ ပြောကြတာပေါ့။

မြင့်။ ကိုရင်မောင်ရေ့ တိုင်းရင်းသားပေါင်းစုံနေကြတဲ့ကျနော်တို့တိုင်းပြည်မှာဝန်ကြီးချုပ်ဦးဆောင်အစိုးရဖွဲ့စည်းတာဟာ လူမျိုးရေးရှုထောင့်ကကြည့်ရင် အားနည်းချက် ရှိနိုင်တာပေါ့၊ ဒီလိုအားနည်းချက်ရှိတိုင်း ပြင်ဆင်နိုင်တဲ့အဖြေကိုတော့ အလွယ်တကူရချင်မှ ရနိုင်မှာဗျ။

သူ၊ သဘောကတော့ တိုင်းပြည်နဲ့လူမျိုးအားလုံး မျှမျှတတ ကြီးပွားချမ်းသာရေး၊ တိုးတက်ဖွံ့ဖြိုးရေးကို အမှန်တကယ် ဆောင်ရွက်နိုင်မဲ့ပါတီသာ မဲအများစုရပြီး အစိုးရဖွဲ့နိုင်မှာပဲ။ ဒီအတွက်ပါတီတိုင်းဟာ တိုင်းရင်းသားလူမျိုးအများစုကြီးရဲ့ ထောက်ခံမှုရမှဖြစ်မှာပဲ။ ဒီလို တစ်တိုင်းပြည်လုံးကထောက်ခံနေမှတော့ ဗမာကိုယ်စားပြုပါတီတို့၊ ဗမာအစိုးရတို့၊ ဗမာဝန်ကြီးချုပ်တို့သာဖြစ်တယ်လိုတော့ ပြောလို့ဘယ်ဖြစ်မလဲ။

ရင်။ မှန်ပါတယ်ဆရာမရယ်။ ဝန်ကြီးချုပ်က ဗမာဖြစ်လို့ ဗမာတွေအတွက်ပဲလုပ်သွားမယ်လို့တော့ ဘယ်လိုလုပ်ပြီးပြော နိုင်ပါ့မလဲဗျာ။

အပိုင်း(၂၂)
နအဖ၏ အခြေခံဥပဒေမူများကို လေ့လာသုံးသပ်ခြင်း(၁)

မြင့်။ ကဲ–ကိုရင်မောင်နဲ့ သူဇာရေ၊ ဒီနေ့တော့ နအဖရဲ့ အခြေခံဥပဒေမူတွေကိုလေ့လာသုံးသပ်ကြရအောင်။

ရင်။ ကောင်းပါတယ်အကိုကြီး။ ကျနော်တို့နိုင်ငံအတွက် အမျိုးသားကောင်စီရဲ့အခြေခံဥပဒေတွေကိုလေ့လာပြီး နအဖ ရဲ့ဥပဒေမူတွေကို မလေ့လာပဲချန်ထားလို့ဘယ်ဖြစ်မလဲ။

သူ။ နအဖ ဥပဒေမူတွေက ရှင်းပါတယ်ရှင်။ စစ်တပ်က အရှည်သဖြင့် အာဏာရနေအောင် မူချထားတာပဲ။ ဥပဒေပြု လွှတ်တော်အရပ်ရပ်မှာ စစ်တပ်ကလေးပုံတစ်ပုံကိုယ်စားပြုနိုင်ဖို့ တောင်းဆိုထားတာကိုကြည့်ပါလား။

ရင်။ ဟုတ်တယ်ဆရာမရေ၊ တခြားနိုင်ငံသားတွေက တစ်ဦးခြင်းအခြေခံအရ နိုင်ငံရေးမှာပါဝင်တယ်။ သူတို့က အင်အားပြုပြီးအမိန့်ချပြီး အခွင့်ထူးခံစံနစ်နဲ့ ပါဝင်နေတယ်။

မြင့်။ တကယ်တန်းက တခြားနိုင်ငံသားတွေလည်း ကျရာအခန်းကဏ္ဍကနေ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုနေတာပဲ။ အတူတူခြင်းစစ်သားတွေကျတော့ ဘာကြောင့်မို့ နိုင်ငံရေးအထူးအခွင့်အရေး ရနေတာလဲ။ နိုင်ငံသားတစ်ဦးချင်းစီရဲ့ နိုင်ငံရေးညီမျှမှုကို အာမခံတဲ့မူတွေမရှိရင် ဒီမိုကရေစီလို့ပြောမရဘူး။

သူ။ ဘယ်လို ဒီမိုကရေစီအခြေခံဥပဒေကမှလဲ နိုင်ငံသားတွေရဲ့ နိုင်ငံရေးပူးပေါင်း

ဆောင်ရွက်ခွင့်အတွက် မညီမမျှဖြစ်နေတဲ့မူတွေ မချမှတ်ဘူးထင်ပါတယ်။ ကျမတို့ဆီမှာတော့ စစ်တပ်က အခွင့်ထူးကိုရအောင် ရေးထားတယ်။

ရင်။ စစ်သားတွေအနေနဲ့ နိုင်ငံရေးမှာပါဝင်ခွင့်ရှိတယ်ပဲဆိုပါအုံးတော့။ သာမန်ပြည်သူတွေလို လူဦးရေအချိုးကျနှုန်းနဲ့ ပါဝင်ဖို့တော့လိုတယ်။

သူ။ မြန်မာနိုင်ငံမှာ စစ်သားနဲ့ပြည်သူကို အချိုးချလိုက်ရင် စစ်သားတွေဟာ တစ်နိုင်ငံလုံးလူဦးရေရဲ့ တစ်ရာခိုင်နှုန်းတောင် မရှိဘူး။ ဒီတော့ လွှတ်တော်မှာ ကိုယ်စားပြုရင်တောင် တစ်ရာခိုင်နှုန်းထက်ပိုပြီး ကိုယ်စားပြုလို့ဘယ်ရမလဲနော်။ ခုတော့ ၂၅ ရာခိုင်နှုန်းတဲ့။

မြင့်။ သူတို့က နိုင်ငံတော်ဥပဒေပြုလွှတ်တော်နှစ်ရပ်လုံးမှာတင် အခုလိုအချိုးအစားနဲ့ ကိုယ်စားပြုနေတာမဟုတ်ဘူး။ ဒေသန္တရလွှတ်တော်အဆင့်တွေမှာပါ ပြည်သူ့ကိုယ်စားလှယ် (၃)ဦးရှိရင် စစ်တပ်ကိုယ်စားလှယ်တစ်ဦးကျနှုန်း ပါဝင်နေအောင် မူချထားတာ။

ရင်။ ဗနာက်ပြီးတော့ နအဖရဲ့အခြေခံမူတွေဟာ သမ္မတဦးဆောင်အစိုးရစံနစ်ကို ဖေါ်ဆောင်ထားတာ တွေ့ရတယ်။ သမ္မတကိုလည်း သမ္မတဦးဆောင်အစိုးရစံနစ်တွေမှာမကျင့်သုံးဖူးတဲ့ ရွေးချယ်တင်မြှောက်ပုံစံနစ်နဲ့ရွေးချယ်ဖို့ ပြဌာန်းထားသေးတယ်။

သူ။ အဲ့ဒီလို ပြဌာန်းထားချက်တွေဟာလည်း ဒီမိုကရေစီမူတွေနဲ့အညီ ဟုတ်မဟုတ် ဆန်းစစ်ကြည့်ဖို့တော့လိုမှာနော်။

ရင်။ လိုတာပေါ့ ဆရာမရယ်။ ကဲအကိုကြီးကပဲဦးဆောင်ပြီး ဆန်းစစ်ပြပါအုံး။

မြင့်။ ကျနော်မြင်တာပြောရရင်တော့ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို စစ်တပ်ကခန့်အပ်ထားတဲ့ ကိုယ်စားလှယ်(၂၅)ရာခိုင်နှုန်းနဲ့ ဖွဲ့စည်းမယ်လို့ပြောထားတယ်။ တကယ်ဆို သမ္မတဦးဆောင်အစိုးရစံနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာ သမ္မတကိုလူထုကိုယ်တိုင် တိုက်ရိုက်ရွေးချယ်တင်မြှောက်ကြတယ်။

သူ။ ဒီစံနစ်မှာ သမ္မတဟာနိုင်ငံရေးအာဏာ အရှိဆုံးမဟုတ်လား။ ဒါကို ပြည်သူတွေအနေနဲ့ တိုက်ရိုက်ရွေးချယ်ခွင့်မရဘူးဆိုရင်တော့ ဒီမိုကရေစီနည်းလမ်းဘယ်ကျပါတော့မလဲနော်။

ရင်။ ဒါနဲ့တင် ဘယ်ကအုံးမလဲ၊ စစ်တပ်ဟာ သမ္မတအဖြစ်အရွေးခံမဲ့ သမ္မတလောင်းတစ်ဦးကို အဆိုပြုခွင့်ရှိတယ်တဲ့။ ပြီးတော့ အဲ့ဒီသမ္မတလောင်းဟာ သမ္မတအဖြစ်အရွေးမခံရရင်တောင် အလိုအလျောက် ဒုတိယသမ္မတဖြစ်လိမ့်မယ် တဲ့။

သူ။ နောက်ပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့မှာ စစ်တပ်ကိုယ်စားလှယ်တွေပါဝင်နေတာဟာလည်း သိပ်မှားတယ်။ စစ်တပ်ကလိုလားတဲ့ရလာဒ်ပေါ်ထွက်လာအောင် ထိန်းချုပ်ဖို့အတွက်ပဲလို့ ကျမတော့ထင်တယ်။

မြင့်။ ဟုတ်တာပေါ့ သူဇာရယ်၊ စစ်တပ်ကခန့်အပ်ထားတဲ့ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်တွေက အင်အားကောင်းတဲ့ စစ်တပ်အဖွဲ့အစည်းတစ်ခုထဲက ဆင်းသက်လာတာ။ ကျန်တဲ့အရပ်သားရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်တွေက ကွဲပြားခြားနားတဲ့လူမျိုးတွေ ပါတီတွေကဆင်းသက်လာရတာ။ ဒီတော့ စစ်တပ်

ကိုယ်စားလှယ်အဖွဲ့ဝင်တွေက တသွေးတသံတမိန့်နည်းနဲ့ သူတို့တင်သွင်းတဲ့ သမ္မတလောင်းကို စုစုစည်းစည်းရွေးချယ်ခွင့်ရတာပေါ့။

ရင်။ ဒါပေါ့ဗျာ။ သူတို့ပြောနေတဲ့မူအရတော့ သမ္မတဦးဆောင်အစိုးရစံနစ်မှာ သဘာဝမကျတဲ့ မတရားတဲ့အချက်တွေကတော့ အများကြီးပဲ။

မြင့်။ တကယ်လို့ သမ္မတအစိုးရစံနစ်အတိုင်းကျင့်သုံးမယ်ဆိုရင်တောင် ဒီမိုကရေစီကျတဲ့ သမ္မတဦးဆောင်အစိုးရစံနစ်ဖြစ်ဖို့ ခုနကပြောတဲ့ မူမှားတွေကိုပြင်ဖို့လိုတယ်။

သူ။ ဒါတွေပြင်ပြီးရင်တောင် ဒီသမ္မတ ဦးဆောင်စံနစ်ဟာ ကျမတို့မြန်မာနိုင်ငံနဲ့ ကိုက်ညီမှုရှိ၊ မရှိ ဝေဖန်ဆန်းစစ်ဖို့လိုအုံးမယ်။

ရင်။ ဟုတ်တယ်အကိုကြီး။ ကျနော်လည်းဒီအချက်ကို စဉ်းစားမိတယ်။ ဒီစံနစ်ကြောင့် မြန်မာတိုင်းရင်းသား ပေါင်းစုံနေထိုင်မှုအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မလဲဆိုတာမျိုးပေါ့။

မြင့်။ ဒီအချက်ဟာ သိပ်ကိုအဓိကကျပါတယ်။ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့နိုင်ငံနဲ့ လူမျိုးတမျိုးတည်းနေထိုင်တဲ့ နိုင်ငံတွေဟာ နိုင်ငံရေးစံနစ်ကိုရွေးချယ်ရာမှာ ခြားနားမှုရှိနိုင်တယ်။ ကွဲပြားတဲ့လူမျိုးအသီးသီးရဲ့လူဦးရေဟာ ရွေးကောက်ပွဲမှာပေးမဲ့ မဲပြားအရည်အတွက်ဖြစ်လာမှာ မဟုတ်လား။

ရင်။ ဟုတ်တယ်လေ၊ ဒါကြောင့် ကျနော်တို့နိုင်ငံမှာ လူဦးရေအများဆုံးဖြစ်တဲ့ ဗမာလူမျိုးက တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲမှာလည်း လွှမ်းမိုးနိုင်တဲ့ အခြေအနေရှိတာပဲ။

သူ။ ကိုရင်မောင် ပြောတာဟုတ်တယ်။ လူဦးရေကွဲပြားခြားနားတဲ့ လူမျိုးတွေကြားမှာ သမ္မတကို တိုက်ရိုက်ရွေးချယ်ရင်လည်း ညီမျှမှုကိုအာမခံနိုင်မှာမဟုတ်ဘူး။ ဒီတော့သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်တဲ့စနစ်နဲ့တွဲထားတဲ့ သမ္မတဦးဆောင်အစိုးရစံနစ်ဟာလည်း မြန်မာနိုင်ငံနဲ့ ဘယ်လိုမှ မကိုက်ညီနိုင်ဘူး။

ရင်။ အကိုကြီးအနေနဲ့ ဘယ်စံနစ်မျိုးဟာ မြန်မာနိုင်ငံနဲ့အကိုက်ညီဆုံးဖြစ်နိုင်မယ်လို့ ထင်လဲ။

မြင့်။ ကျနော့်အနေနဲ့ ပြောရရင်တော့သမ္မတဦးဆောင် အစိုးရစံနစ်ထက်စာရင် ပါလီမန်ကိုအခြေခံတဲ့အစိုးရစံနစ်ကမှ ပိုသင့်တော်အုံးမယ်ထင်တယ်။

သူ။ ဘာဖြစ်လို့လဲ အကိုကြီးရဲ့။

မြင့်။ အေး–ဘာဖြစ်လို့လဲဆိုတော့ ပါလီမန်အစိုးရစံနစ်မှာက အုပ်ချုပ်ရေးရာထူးတွေဟာ ပါလီမန်ကလာတယ်။ အဲ့ဒီပါလီမန်မှာက တိုင်းရင်းသားလူမျိုးစုတွေရဲ့ကိုယ်စားလှယ်တွေ အများအပြားပါဝင်နေတယ် မဟုတ်လား။

ရင်။ အင်း–ဟုတ်တာပေါ့။ ပါလီမန်ကိုအခြေခံတဲ့အစိုးရစံနစ်ကမှ နိုင်ငံတော်အစိုးရဖွဲ့စည်းရေးမှာ လူနည်းစုတိုင်းရင်းသားတွေအတွက် ပိုပြီးအခွင့်အရေးရစေတာပဲ။

သူ။ အဲ့ဒီတော့ နအဖရေးဆွဲထားတဲ့ သမ္မတဦးဆောင်အစိုးရစံနစ်ကတော့ မြန်မာနိုင်ငံနဲ့မကိုက်ညီတဲ့စံနစ်တစ်ခုပဲ ပေါ့နော်။

မြင့်။ ဒီလိုပဲ သုံးသပ်ရတော့မှာပေါ့။ တိုင်ရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံတ

ခုမှာ တိုင်းရင်းသားလူမျိုးတွေအကြား ညီမျှမှုကိုဖေါ်ဆောင်ပေးနိုင်တဲ့စံနစ်မျိုး ဖြစ်ဖို့က အရေးအကြီးဆုံးပဲပေါ့ သူဇာရေ အရေးအကြီးဆုံးပဲပေါ့။

အပိုင်း(၂၃)
နအဖ၏ အခြေခံဥပဒေမူများကို လေ့လာသုံးသပ်ခြင်း(၂)

မြင့်။ ကျနော်တို့ နအဖရဲ့ ဥပဒေမူတွေကိုလေ့လာနေကြတာ ဆက်ကြရအောင်လား။

ရင်။ ကောင်းသားပဲ အကိုကြီး။

သူ။ အမှန်အတိုင်းပြောရရင် နအဖရဲ့ဥပဒေမူတွေဟာ ဘယ်နေရာ ဘယ်ရှုဒေါင့်က ပဲကြည့်ကြည့် တရားမျှတမှုမရှိတာ။ စစ်အာဏာရှင်တွေ ရေရှည်အာဏာရဖို့ကြိုးပမ်းနေတာ။ ဒါတွေပဲတွေ့ နေရတယ်။

မြင့်။ ကဲကဲ–ထားပါသူဇာရယ်။ သူတို့ရေးထားတဲ့ ဥပဒေမူတွေထဲက လွှတ်တော်ဖွဲ့ စည်းမှုကို ဆက်ကြည့်ကြရအောင်။

ရင်။ သူတို့မူမှာလဲ လူမျိုးစုလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ဖွဲ့စည်းမယ်တဲ့။ ပြီးတော့ ဒီလွှတ်တော်နှစ်ရပ်လုံးမှာ စစ်တပ်က (၂၅)ရာခိုင်နှုန်းအချိုးကျပါဝင်နေလိမ့်မယ်။ လူမျိုးစုလွှတ်တော်ကိုလည်း ဗမာတိုင်းရင်းသားကိုကိုယ်စားပြုတဲ့တိုင်း (၇)တိုင်းနဲ့ ကျန်တိုင်းရင်းသားတွေကိုယ်စားပြုမဲ့ ပြည်နယ် (၇)ခုက လူဦးရေအညီအမျှနဲ့ ကိုယ်စားလှယ်တွေ စေလွှတ်ရမယ်တဲ့။

မြင့်။ တကယ်တော့ အဲ့ဒီလိုတော့မဖြစ်သင့်ဘူး။ ဗမာတွေက ပိုပြီးအခွင့်အရေးယူသလို ဖြစ်နေတယ်။

သူ။ ဟုတ်ပါတယ်။ လူမျိုးအားလုံးတန်းတူညီရေးရှိဖို့ဆိုတာ ခဏခဏ ဆွေးနွေးနေကြတာပဲ။ တိုင်းရင်းသားလူမျိုးတစ်မျိုးက အခြားတိုင်းရင်းသားတွေထက် အခွင့်အရေးပိုယူနေရင် တပြည်ထောင်လိုနိုင်ငံမျိုး လူမျိုးတမျိုးကလွှမ်းမိုးနေတဲ့ နိုင်ငံမျိုးဖြစ်သွားမှာ ပေါ့။

ရင် ။ နောက်ပြီးတော့ နအဖကသူတို့မူတွေထဲမှာ ပြည်သူလူထုထံက အချုပ်အခြာအာဏာသက်ဆင်းရမယ်လို့ ဆိုထားတယ်။

မြင့်။ ဆိုတဲ့မူနဲ့လုပ်ရပ် ကိုက်ညီလို့လား ကိုရင်မောင်ရယ်၊ လက်တွေ့မှာ ပြည်သူတွေအနေနဲ့ ကိုယ့်တိုင်းပြည်မှာ ကျင့်သုံးမယ့်နိုင်ငံရေးစံနစ်ကိုတောင် ဆုံးဖြတ်ပိုင်ခွင့်မှမရှိတာ၊ သူတို့ချပေးထားတဲ့မူတွေ၊ ဘောင်တွေထဲကအတိုင်း လိုက်လုပ်နေကြရတာပဲ။

သူ။ အကိုကြီး စစ်တပ်ရဲ့ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍဆိုတာလဲ ပါသေးတယ်မှတ်လား။

မြင့်။ ပါတာပေါ့။ တကယ်ဆို အဲ့ဒီမူဟာ အခြားအခြေခံဥပဒေဆိုင်ရာမူတွေနဲ့အတူ ရှိနေရင် တခြားအခြေခံမူတွေဟာ အဲ့ဒီစစ်တပ်ရဲ့ နိုင်ငံရေးဦးဆောင်မှုဆိုတဲ့မူ

ရဲ့ လက်အောက်ခံဖြစ်သွားလိမ့်မယ်။

ရင်။ စစ်တပ်ဟာ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ပူးပေါင်းဆောင်ရွက်မှုကိုခွင့်ပြုဖို့ ငြင်းဆန်နေသ၍ နအဖအမျိုးသားညီလာခံဟာ ဘယ်လိုပဲနိုင်ငံရေးဆိုင်ရာမူဝါဒတွေ ချမှတ်ချမှတ်၊ ဒါတွေဟာ မူသက်သက်ပဲဖြစ်နေမှာပဲ။

သူ။ ဒါပေ့ါ–ကိုရင်မောင်ရဲ့၊ ဘယ်လိုအခွင့်အရေးဆိုင်ရာမူတွေဟာ ကိုယ့်အခွင့်အရေးဖြစ်တယ်ဆိုတာကို နိုင်ငံသားတွေက လွတ်လွတ်လပ်လပ်ဆွေးနွေးနိုင်ဖို့ ခွင့်ပြုသင့်တယ်။

မြင့်။ အေးပေ့ါ–ဒါကြောင့် နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကိုပါထည့်သွင်းဖေါ်ပြမဲ့ အခြေခံဥပဒေအတွက် မူတွေချမှတ်တဲ့အခါ လူထုပါဝင်ဆောင်ရွက်နိုင်ဖို့ နအဖက လမ်းဖွင့်ပေးရမယ်။

ရင်။ ပြီးတော့ စစ်မှန်တဲ့လူထုပါဝင်ဆောင်ရွက်မှုဖြစ်နိုင်ဖို့ တရားမဝင်အမိန့်တွေ၊ ကန့်သတ်ချုပ်ချယ်ရေးဥပဒေတွေ ရုတ်သိမ်းပေးဖို့လိုမယ်ဗျ။

သူ။ အကိုကြီး နအဖရေးထားတဲ့ဥပဒေမူတွေဟာ အင်ဒိုနီးရှားပုံစံနိုင်ငံရေးစံနစ်ကို သဘောကျပြီး အခြေခံထားတာဆို။

မြင့်။ စစ်တပ်က နိုင်ငံရေးမှာပါဝင်ပါတ်သက်နေမှုဟာ အင်ဒိုနီးရှားနဲ့မြန်မာ နှစ်နိုင်ငံစလုံးရဲ့ အဓိကဝိသေသဖြစ်နေတာ ကိုး။ စင်္ကာပူလိုနိုင်ငံမျိုးကပြောတဲ့ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံရေးပွင့်လင်းမှုဆိုတာထက် အရေးကြီးတယ်ဆိုတဲ့ အပြောမျိုးမှာ သံယောင်လိုက်တာလည်း ရှိတာပေ့ါ။

ရင်။ ကျနော့်အနေနဲ့ကတော့ ဒီအတွေးအခေါ်တွေဟာ သူတို့ဒေသအတွင်းမှာ အောင်မြင်မှုရှိမရှိဆိုတာကိုတော့ အငြင်းမပွါးချင်ဘူး။ ဒါပေမဲ့ အဲ့ဒီနိုင်ငံတွေရဲ့ နိုင်ငံရေးကြောထောက်နောက်ခံခြားနားမှု တခုတည်းကိုကြည့်ပြီး မြန်မာနိုင်ငံမှာတော့ မအောင်မြင်နိုင်ဘူးလို့ တပ်အပ်ပြောချင်တယ်။

မြင့်။ မှန်တာပေ့ါဗျာ။ အဲ့ဒီနိုင်ငံတွေမှာက လူမျိုးရေးကွဲပြားခြားနားမှု နည်းနည်းပဲရှိတယ်။ မြန်မာနိုင်ငံမှာလို တိုင်းရင်းသားရှုပ်ထွေးမှု ပြဿနာမရှိဘူး။ ဒီတိုင်းရင်းသားပြဿနာကို အရင်ဆုံးမဖြေရှင်းနိုင်သ၍ အာရှနည်းဒီမိုကရေစီဆိုတာ မဖြစ်နိုင်ဘူး။ ကျနော်တို့နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေတာကို ကြည့်ပါလား။

သူ။ ကျမ–အနေနဲ့ထင်တာကတော့ဒါကို စစ်ရေးနဲ့ဖြေရှင်းယူလို့မရနိုင်ဘူး။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဆန္ဒပါဝင်တဲ့ သင့်တော်တဲ့ နိုင်ငံရေးစံနစ်တစ်ရပ်ကိုတည်ထောင်နိုင်မှ ပြည်တွင်းစစ်တွေပြီးဆုံး နိုင်မယ်။

ရင်။ ဟုတ်တယ်ဆရာမရေ၊ ဒါကိုလျစ်လျူရှုပြီး နအဖက သူတို့ရဲ့အခြေခံဥပဒေမူတွေကို အသက်သွင်းမယ်ဆိုရင်တော့ ပြည်တွင်းမှာ ဘယ်လိုမှငြိမ်းချမ်းရေးရမှာမဟုတ်ဘူး။

မြင့်။ နောက်အချက်တခုက ငွေကြေးဖေါင်းပွမှုပဲ။ အဲ့ဒီငွေကြေးဖေါင်းပွမှုပြဿနာကို မဖြေရှင်းနိုင်သ၍ စီးပွားရေးဖွံ့ဖြိုးမှုဆိုတာလည်း ဘယ်လိုမှဖြစ်မလာနိုင်ဘူး။

သူ။ စစ်အသုံးစာရိတ်တွေ အလွန်အမင်းသုံးစွဲနေမှတော့ ဘယ်လိုလုပ်ပြီးငွေကြေးဖေါင်းပွမှုက ရပ်တန့်နိုင်မလဲ။

ရင်။ အေးဗျ–နောက်ပြီး ဈေးကွက်စီးပွါးရေးစံနစ်ဆိုတာ ဈေးကွက်ထဲဖြည့်တင်းတဲ့

ငွေကြေးပမာဏဟာ အမျိုးသားကုန်ထုတ်လုပ်မှုနဲ့ ချိန်ကိုက်ဖြစ်နေရတာ၊ ဒါကို နအဖအစိုးရကတော့ ထုတ်လုပ်မှုမတိုးမြှင့်နိုင်တိုင်း ငွေစက္ကူတွေကိုပဲ တွင်တွင်ကြီး ပုံရိုက်နေတာကိုး။

မြင့်။ ဟုတ်ပ့ါ–ကိုရင်မောင်ရေ၊ ဟုတ်ပ့ါ၊ စစ်အသုံးစာရိတ်လျှော့ချဖို့ဆိုတာကလည်း သူတို့မှာအစီအစဉ်ရှိမှာမဟုတ်ပါဘူး။ မဟုတ်တာတွေ လုပ်တာများနေတော့ ပြည်သူလူထုကို အမြဲစိုးရိမ်နေရတာ မဟုတ်လား။

သူ။ ပြည်သူတွေကို စစ်အစိုးရအနေနဲ့ ယုံကြည်နိုင်ပြီဆိုမှပဲ လျှော့ချနိုင်မှာပဲ အဲဒီယုံကြည်မှုဆိုတာကလည်း အစိုးရအာဏာကို ပြည်သူလူထုအပေါ်မှာအခြေခံပြီး တည်ဆောက်နိုင်မှပဲဖြစ်မှာ။

မြင့်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပွင့်လင်းမှုမရှိခင် စီးပွါးရေးတိုးတက်ဖွံ့ဖြိုးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

သူ။ ဒါဆို–စက်ာပူကပြောတဲ့စကားနဲ့ ပြောင်းပြန်ပေ့ါနော်။ နိုင်ငံရေးပွင့်လင်းမှုကသာ စီးပွါးရေးပြုပြင်မှုတွေထက် အရင်လာရမှာပေ့ါ။

ရင်။ ဟုတ်တယ်ဆရာမရဲ့၊ ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေအရဆိုဒါဟာ အမှန်ဆုံးပဲ။ နအဖအနေနဲ့ ကိုယ့်နိုင်ငံရဲ့အခြေအနေမှန်ကိုမသုံးသပ်ပဲ တခြားအာရှနိုင်ငံတွေရဲ့အတွေးအခေါ်ကို သံယောင်လိုက်ပြီး အာရှနည်းဒီမိုကရေစီဆိုပြီး လုပ်နေတာလေ။

မြင့်။ အခုလက်တွေ့မှာ လုပ်ရမဲ့နိုင်ငံရေးပွင့်လင်းမှုဆိုတာဟာလည်း နိုင်ငံသားအားလုံး တိုင်းရင်းသားလူမျိုးအားလုံးနဲ့ သက်ဆိုင်တဲ့အခြေခံဥပဒေအတွက် မူချရာမှာ ပြည်သူလူထုဆန္ဒပါဝင်ဖို့က အဓိကပဲ၊ ဒီလိုမှမလုပ်ပဲ စစ်အာဏာရှင် စံနစ်သက်ဆိုးရှည်ဖို့ရည်ရွယ်ပြီး ရေးဆွဲနေသမျှကာလပတ်လုံးတော့ လူထုလက်ခံတဲ့ ရေရှည်တည်မြဲမဲ့ အခြေခံဥပဒေဆိုတာ ဖြစ်လာမှာမဟုတ်တာတော့အသေအချာပဲဗျို့။ အသေအချာပဲဗျ။ ။

လူ့အခွင့်အရေး

အစိုးရသစ်နှင့် အတိတ်ကလူ့အခွင့်အရေးချိုးဖေါက်မှုများ

မြန်မာနိုင်ငံရှေ့နေများကောင်စီ က ထုတ်ဝေသော Legal Issues on Burma Journal, No. 7, December 2000 တွင် Jeremy Sarkin, Professor of Law and Deputy Dean, Law Faculty, University of Western Cape ရေးသားသော Dealing With Past Human Rights Abuses: Promoting Reconciliation in a Future Democratic Burma *ဆောင်းပါးကို မြန်မာစာဖတ်ပရိတ်သတ်များအတွက် ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ မူရင်းစာမူနှင့် ကွဲလွဲမှုတစုံတရာရှိပါက ဘာသာပြန်ဆိုမှု ချို့ယွင်းချက်သာဖြစ်ပါသည်။*

အယ်ဒီတာ

နိဒါန်း

နှစ်ဆယ့်တစ်ရာစုစတင်ချိန်တွင် ဖိနှိပ်ချုပ်ချယ်သောအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေပုံကို ကမ္ဘာတဝှမ်းတွင် တွေ့နေရပါသည်။ ဖယ်ရှားခြင်းခံရသောအာဏာရှင်အစိုးရအတော်များများသည် လူ့အခွင့်အရေးကို အကြီးအကျယ်ချိုးဖောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ ဘယ်တော့လွတ်မြောက်မည်ကို အတိအကျမပြောနိုင်သေးသော်လည်း နောက်ဆုံးတစ်နေ့တွင် ဒီမိုကရေစီနိုင်ငံ ဖြစ်ကိုဖြစ်လာရမည်ဟု အတတ်ပြောနိုင်ပါသည်။ ထိုအခါဝယ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခြင်းခံရမည့်အစိုးရအဖို့ နိုင်ငံတွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုး ဖောက်မှုများအရေးအားကိုင်တွယ်ဖြေရှင်းရန်မှာ အရေးကြီးသောစိမ်ခေါ်မှုတစ်ရပ်ဖြစ်လာပါလိမ့်မည်။ ထိုသို့သော စိမ်ခေါ်မှုကိုရင်ဆိုင်နေရသည်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါ။ ချက်ကိုစလိုဗာကီးယား၊ အယ်(လ)ဆာလ်ဗားဒို၊ ဂွါတီမာလာ၊ ဂျာမဏီ၊ ဟွန်ဒူရပ်(စ)၊ ချီလီ၊ ကိုလန်ဗီယာ၊ ဂရိ၊ ပိုလန်၊ ဟန်ဂေရီ၊ ဖိလစ်ပိုင်၊ ရဝမ်ဒါ၊ အီသီယိုးပီးယား၊ အရှေ့တီမော၊ နိုင်ဂျီးရီးယား၊ မြောက်ပိုင်းအိုင်ယာလန်၊ ဆီယာရာလီယွန်း အပါအဝင် နိုင်ငံအချို့သည် မကြာခင် ကာလကသော်လည်းကောင်း၊ ယခုမျက်မှောက်အခြေအနေတွင်သော်လည်း

ကောင်း ဤလူ့အခွင့်အရေးချိုးဖောက်မှု ပြသနာများအား မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းရမည်ကို နည်းလမ်းရှာဖွေနေကြသည်။

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်တွင် အဓွန့်ရှည်မည့်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့ကို တည်ဆောက်ရာတွင် အောင်မြင်မှုများရရှိနိုင်မည်၊ မရရှိနိုင်မည်ကို ဆုံးဖြတ်ချက်ပေးနိုင်လောက်အောင် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်း၏ အတိတ်ကဖြစ်ရပ်များနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းပုံက အရေးပါလှသည်။

အတိတ်က လူ့အခွင့်အရေးအကြီးအကျယ်ချိုးဖောက်မှုများအတွက် တာဝန်ရှိသောပုဂ္ဂိုလ်များအား အရေးယူအပြစ်ပေး၊ မပေးဆိုသည်မှာ ထိုနိုင်ငံများအတွက် အလွန်အရေးကြီးသော ပြသနာဖြစ်သည်။ အတိတ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရခြင်း၏ရည်ရွယ်ချက်မှာ အလားတူ လူ့အခွင့်အရေးချိုးဖောက်မှုများ နောင်တွင်ထပ်မံပေါ်ပေါက်အောင် တားဆီးရန်နှင့် အတိတ်ကခံစားခဲ့ရသော ခါးသီးနာကျင်မှုများကို ကုစားရန်ပင်ဖြစ်ပါသည်။ ယခင်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက် မှုများကိုခံစားခဲ့ရသော ပုဂ္ဂိုလ်များနှင့် လူ့အဖွဲ့အစည်းတရပ် လုံးအပေါ်သက်ရောက်ခဲ့သော ဒဏ်ရာဒဏ်ချက်များအား ကုစားရန်လိုအပ်ပါသည်။ အကယ်၍ တက်လာသောအစိုးရအသစ်သည် နိုင်ငံရေးအာဏာကို အပြည့်အဝကျင့်သုံးနိုင်လောက်အောင် အင်အားတောင့်တင်းမှု မရှိသေးလျှင် သို့မဟုတ် အစိုးရသစ်က ဆက်ခံရရှိသော နိုင်ငံ၏အခြေအနေမှာ ချိနဲ့နေလျှင်၊ လူ့အခွင့်အရေးချိုးဖောက်မှုခံစားခဲ့ကြရသည့် ပုဂ္ဂိုလ်များနှင့် လူ့အဖွဲ့အစည်း၏နာကျည်းမှုများအား ကုစားဖြေသိမ့်မှုပေးရန်လိုအပ်ချက်ကို လက်ရှိတကယ့်နိုင်ငံရေးလိုအပ်ချက်နှင့် ဟန်ချက်ညီအောင်လည်း ချိန်ဆရသေးသည်။ နိုင်ငံတော်သစ်အား လူ့အခွင့်အရေးကိုထိန်းသိမ်းကာကွယ်ရန် အာမခံသော ကတိကဝတ်အပေါ်တွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကို ဦးတည်၍ လည်းကောင်း တည်ဆောက်ရမည်ဖြစ်ပါသည်။ တခါတရံနိုင်ငံတစ်နိုင်ငံ၏ အတိတ်ကဖြစ်ရပ်များအား ကိုင်တွယ်ဖြေရှင်းရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံ၏စည်းလုံးညီညွတ်မှုတည်ဆောက်ရေး၊ နိုင်ငံရေးနှင့်စီးပွါးရေးစနစ်များ တည်တံ့ခိုင်မြဲရေးတို့အတွက် လိုအပ်သောမဏ္ဍိုင်များ ပြန်လည်စိုက်ထူရေး၊ အသွင်ကူးပြောင်းရေးကာလတွင် လိုအပ်သောဘဏ္ဍာရေးအရင်းအမြစ်များဖေါ်ထုတ်ရယူရေး စသည့်လိုအပ်ချက်တို့နှင့်လည်း ပဋိပက္ခဖြစ်နေတတ်ပါသည်။

အတိတ်ကကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖေါ်ထုတ်ရေးနှင့် ချိုးဖောက်ခဲ့ကြသူများက ၎င်းတို့၏အပြစ်ကို ဝန်ခံရေးတို့သည် အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အလွန်အဓိကကျသော အချက်များဖြစ်သည်။ နောက်ခံသမိုင်းကိုလစ်လျူရှုခြင်းသည် လူ့အဖွဲ့အစည်းတရပ်လုံး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မေ့ဆေးပေးခြင်းခံရသလိုအခြေအနေမျိုးကို ဆိုက်ရောက်သွားနိုင်ပါသည်။

သမိုင်းကိုလျစ်လျူရှုခြင်းသည် နိုင်ရေးဘဝ၏ကြံ့ခိုင်ရေးကို ထိခိုက်နိုင်သလို သမိုင်းကိုလျစ်လျူရှု၍ရလိမ့်မည်ဟု ထင်မြင်ယူဆခြင်းမှာလည်း အမြင်မှောက်မှားခြင်းတမျိုးပင်ဖြစ်သည်။ အကြောင်းမှာ မဖြေရှင်းရသောသမိုင်းဝင်ဖြစ်ရပ်များသည် နိုင်ငံ၏ပြည်သူများအား ပြန်လည်ခြောက်လှန့်နေတတ်၍ပင်။ ဒီမိုကရေစီနိုင်ငံအဖြစ်အောင်မြင်စွာအသွင်ကူးပြောင်းနိုင်ရေးအတွက် အတိတ်ကဖြစ်ရပ်အပြည့်အစုံကို တရားဝင်ဖေါ်ထုတ် မှတ်

တမ်းတင်ပြုစုရေးမှာ အရေးကြီးကြောင်း တနေ့တခြားပိုမိုလက်ခံလာကြသည်။ အတိတ်က လူ့အခွင့်အရေးချိုးဖေါက်မှုများကို ပြန်လည်ဖေါ်ထုတ် မှတ်တမ်းတင်ရေးနည်းလမ်းများစွာရှိသည့်အနက် 'ရာဇဝတ်မှုဆိုင်ရာကြားနာစစ်ဆေးရေး(criminal trial)'သည် နည်းလမ်းတစ်ရပ်ဖြစ်သည်။ 'အမှန်တရားဖေါ်ထုတ်ရေးကော်မရှင်(truth commission)'ဖွဲ့စည်းထူထောင်ခြင်းသည်လည်း နည်းလမ်းတစ်ရပ်ဖြစ်သည်။

အနာဂတ် ဒီမိုကရက်တစ်မြန်မာနိုင်ငံတော်ထူထောင်ရေး၏ အသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်း အတိတ်ကကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုဖောက်မှုများကို တရားသဖြင့်ကိုင်တွယ်ဖြေရှင်းရာတွင် ဖြစ်ပေါ်နိုင်သည့်အခြေအနေများနှင့် ရွေးချယ်ကျင့်သုံးရမည့်နည်းနာများအား ဤဆောင်းပါးတွင် ဆန်းစစ်တင်ပြထားပါသည်။

အတိတ်သမိုင်းကြောင်းမှဖြစ်ရပ်များအား ကိုင်တွယ်ဖြေရှင်းခြင်း

အတိတ်ကာလကကျူးလွန်ခဲ့ကြသော မတရားသည့်လုပ်ရပ်များအားကိုင်တွယ်ဖြေရှင်းရေးသည် ဒီမိုကရေစီစနစ်သစ်အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးသောစမ်းသပ်ပွဲပင်ဖြစ်သည်။ တရားမျှတမှုဖေါ်ထုတ်ရေးကတစ်ဖက်၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေးက တစ်ဖက် လွန်ဆွဲကြသော အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ရောမစိမ်ခေါ်မှုကြီးများကို ရင်ဆိုင်ကျော်ဖြတ်ကြရပေမည်။ ဤကဲ့သို့သောအခြေအနေမျိုးအတွင်း ကျရောက်နေ ကြသောနိုင်ငံများတွင် အောက်ပါအခြေအနေများကို ရင်ဆိုင်ကြရသည်။

- စနစ်ဟောင်းတွင်ကျူးလွန်ခဲ့ကြသော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် အပြစ်ဒဏ်ပေးသင့် ပါသလော၊
- ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည်ညီညွှတ်ရေးတို့ကို ထောက်ရှုပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သလော (သို့) ပေးရန်လိုအပ်ပါသလော၊
- လူ့အဖွဲ့အစည်းအတွက် အတိတ်ကမှားယွင်းမှုများကို တရားဝင်ဖေါ်ထုတ်မှတ်တမ်းတင်ရေး၊ ဝန်ခံအသိအမှတ်ပြုရေးတို့ လိုအပ်ပါသလော။
- နိုင်ငံပိုင်လုပ်ငန်းများနှင့် ဗျူရိုကရေစီယန္တယားအတွင်းရှိ ယခင်အစိုးရဟောင်းကို ထောက်ခံခဲ့ကြသူများအား ထုတ်ပယ်ပစ်ရမည်လော။
- လူ့အခွင့်အရေးချိုးဖောက်မှုဒါဏ်ခံခဲ့ရသူများ၏ ဂုဏ်သိက္ခာကို မည်သို့ပြန်လည် မြှင့်တင်ပေးနိုင်မည်နည်း။
- မတရားအသိမ်းဆည်းခံခဲ့ရသော အိုးအိမ်ခြံမြေ ဥစ္စာဓနများအား မည်သည့်အတိုင်းအတာအထိ မူလပိုင်ရှင်လက်သို့ ပြန်လည်အပ်နှင်းမည်နည်း။

ဒီမိုကရေစီနိုင်ငံသစ်များအဖို့ ဤပြဿနာများကိုဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးရှိပါသည်။ ဤနိုင်ငံများအနေဖြင့် အဆိုပါပြဿနာများကိုဖြေရှင်းရန် ကျူးလွန်ခဲ့သောပြစ်မှုများ၏ ကြီးလေးမှုအတိုင်းအတာနှင့် ပြဿနာများအား ကိုင်တွယ်ဖြေရာ၌ လိုအပ်မည့်

ဘဏ္ဍာရေးအရင်းအမြစ်များ ရယူနိုင်မှုအခြေအနေတို့ကိုထည့်တွက်ပြီးၤင်းနိုင်ငံ အသီးသီး၏ အသွင်ကူးပြောင်းရေးဖြစ်စဉ်နှင့်ဆီလျော်မည့်နည်းလမ်းကိုသာ ရွေးချယ်ရမည် ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးဖြစ်စဉ်၏သဘောသဘာဝနှင့် ဤအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ကြုံရမည့်အတားအဆီးတို့၏သဘောသဘာဝတို့အပေါ်မူတည်၍ အနာဂတ်တွင် ဒီမိုကရေစီကျ ရွေးချယ်တင်မြောက်ခြင်းခံရမည့် မြန်မာအစိုးရအနေဖြင့် မည်သည့်နည်းလမ်းအားရွေးချယ်မည်ကို ဆုံးဖြတ်ရပေမည်။

ဒီမိုကရေစီထူထောင်ပုံထူထောင်နည်းနာနှင့် အရေးကြီးပုံ

အာဏာရှင်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ပြောင်းလဲရာတွင် အကြမ်းအားဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းပုံနည်း (၃) မျိုးရှိပါသည်။ ၎င်းတို့မှာ–

(၁) အာဏာရှင်အစိုးရအားဖြုတ်ချခြင်းနည်း (Overthrow Model)
(၂) နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနည်း (Reform Model)
(၃) စေ့စပ်ညှိနှိုင်းရေးနည်း (Compromise Model)– တို့ဖြစ်ပါသည်။

အာဏာရှင်အစိုးရအားဖြုတ်ချခြင်းနည်း

နိုင်ငံရေးပြုပြင်ပြောင်းလဲရန်ငြင်းဆန်သော အာဏာရှင်အစိုးရများ ကြုံတွေ့ရမည့်ကံကြမ္မာပင်ဖြစ်သည်။ အတိုက်အခံအင်အားစုများ အင်အားကြီးထွားလာသောအခါ နောက်ဆုံးတွင်စနစ်ဟောင်းကို ဖြိုချနိုင်သွားခြင်းဖြစ်သည်။ ဤ နိုင်ငံရေးအသွင်ကူးပြောင်းပုံကို လေ့လာကြည့်လျှင် တိုင်းပြည်တွင် အာဏာရယူထားသော အင်အားစုများက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအား အပြင်းအထန် ဆန့်ကျင်ကြသည်ကိုတွေ့ရသည်။ ကာလတစ်ခုတွင် အတိုက်အခံ အင်အားစုများ၏ နိုင်ငံရေးအင်အားသိသိသာသာကြီးထွားလာတတ်ပြီး အာဏာရှင်အစိုးရ၏အင်အားတဖြည်းဖြည်းကျဆင်းလာသည်ကိုတွေ့ရမည်။ အာဏာရှင်အစိုးရပြိုလဲသွား၍သော်လည်းကောင်း၊ ဖြုတ်ချခံရ၍ သော်လည်းကောင်း အတိုက်အခံအင်အားစုအာဏာရလာသောအခါ တိုင်းပြည်တွင် ဒီမိုကရေစီစနစ် စတင်တည်ထောင်နိုင်ပါသည်။ ဤအခြေအနေမျိုးတွင် အစိုးရဟောင်းအဖို့ နိုင်ငံရေးအာဏာသာမက တရား ဝင်ရပ်တည်ခွင့်ပါ ဆုံးရှုံးရသည်။ အကျိုးဆက်အနေဖြင့် အသွင်ကူးပြောင်းရေးကာလ၌ တက်လာသော အစိုးရသစ်အဖို့ လူ့အခွင့်အရေးပေါ်လစီများအား လွတ်လွတ်လပ်လပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနည်း

နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနည်းဖြင့် ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းသောဖြစ်စဉ်တွင် အစိုးရဟောင်းသည် အနည်းဆုံး အစကနဦးအဆင့်များတွင် အ

လွှန်အရေးပါ သောကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်သည်။ အသွင်ကူးပြောင်းစ အခြေအနေတွင် အတိုက်အခံအင်အားစုက အင်အားနည်းသောကြောင့် မည်သည့်ပုံစံဖြင့် ပြောင်းလဲမည်၊ မည်သည့်အရှိန် အဟုန်ဖြင့်ပြောင်းလဲမည် စသည်တို့အရာတွင် အစိုးရဟောင်းအလိုကျ လက်ခံသွားရသည်။ ရုံဖန်ရံခါ အာဏာရှင်အစိုးရ၏ အဖွဲ့အတွင်းမှ အုပ်စုတစုက စနစ်ဟောင်းဖျက်သိမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဦးဆောင်လုပ်လာသော အဖြစ်မျိုးလည်း ကြုံရတတ်ပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် စနစ်ဟောင်းကို ကိုယ်စားပြုသောအင်အားစုများက ဒီမိုကရေစီအစိုးရတက်လာသည်ကို ခွင့်ပြုသော်လည်း သူတို့က တထောင့် တနေရာမှပါဝင်ပြီး အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ကွပ်ကဲနေတတ်သည်။ ထိုအခါ စနစ်ဟောင်းက ပြစ်မှုများအတွက် တရားဥပဒေနှင့်အညီ စစ်ဆေးစီရင်ရာတွင် အဟန့်အတားတခုဖြစ်နေပြီး အစိုးရသစ်၏ လူ့အခွင့်အရေးမူဝါဒ အကောင်အထည် ဖော်မှုကို ကန့်သတ်ထားသလို ဖြစ်တတ်သည်။

ဤသို့သော အသွင်ပြောင်းလဲမှုနည်းသည် အာဏာရှိအုပ်စုအတွင်းမှ စတင်ပေါ်ပေါက်လာသည်ဖြစ်၍ အမှန်စင်စစ်တွင် ဒီမိုကရေစီသည် အစိုးရဟောင်း၏ စေတနာအလျောက်သာ ရှင်သန်နိုင်သည်ဟု အချို့က ထောက်ပြကြသည်။

ချီလီနိုင်ငံတွင် ဗိုလ်ချုပ်ကြီးပီနိုချေးသည် အာဏာကိုဆုပ်ကိုင်ထားဆဲမှာပင် ဥပဒေတခုကိုပြ ဌာန်းနိုင်ခဲ့သည်။ နောင်တက်လာမည့် အရပ်သားအစိုးရက ဗိုလ်ချုပ်ကြီးပီနိုချေးအား လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားစွဲဆိုနိုင်ခြင်းမရှိစေရန် ထိုဥပဒေက တားမြစ်ထားသည်။ ဒါတင်မကသေးပါ။ စစ်တပ်က အရပ်သားအစိုးရလက်သို့ အာဏာလွှဲအပ်ပြီးသည့်နောက်ပိုင်း၌ပင် စစ်တပ်၏လက်တွင် အာဏာများစွာချုပ်ကိုင်ထားသေးသည်။ ထို့ကြောင့် စစ်တပ်ကိုမခံချင်အောင်လုပ်မိလျှင် နောက်ထပ်တကြိမ် အာဏာသိမ်းလိမ့်ဦးမည်လားဟု အမြဲတမ်းစိုးရိမ်နေရပါသည်။ အကျိုးဆက်အားဖြင့် ပီနိုချေးအား လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)လုံးလုံး မည်သို့မျှ အရေးမယူနိုင်ခဲ့ပါ။ အခုမှသာ စပိန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများတွင်စ တင်ခဲ့သော ကြားနာစစ်ဆေးမှုများ၏ နောက်ဆက်တွဲအနေဖြင့် ချီလီနိုင်ငံကလည်း ၎င်းအား အရေးယူရဲလာပါသည်။

နိုင်ငံရေးစနစ် အသွင်ကူးပြောင်းမှုကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနည်းလမ်းနှင့် ဖေါ်ဆောင်နိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် ယခင်လူ့အခွင့်အရေးချိုးဖေါက်မှုများအား ဖြေရှင်းနိုင်ပါသည်။ တရားစွဲဆိုမှုအနည်းအကျဉ်းရှိနိုင်ပါသည်။ သို့သော် နောက်ဆုံးတွင် အတိတ်က အဖြစ်ဆိုးအား ခွင့်လွှတ်နိုင်ရန် ရည်ရွယ်ရပါသည်။

စေ့စပ်ညှိနှိုင်းရေးနည်း

လက်ရှိအာဏာရအင်အားစုနှင့် အတိုက်အခံအင်အားစုတို့ အင်အားခြင်း ညီမျှလျက်ရှိကြရာ ဤအုပ်စုနှစ်စုအနက် တစုမပါပဲ ဒီမိုကရေစီစနစ်သို့ မည်သည့်နည်းနှင့်မျှ ပြောင်းလဲရန်မဖြစ်နိုင်သည့် အခြေအနေရှိသော နိုင်ငံများတွင် စေ့စပ်ညှို

နှိုင်းခြင်းနည်းဖြင့် အသွင်ကူးပြောင်းရေးကို ရယူကြသည်။ တောင်အာဖရိက နိုင်ငံတွင် အလားတူအခြေ အနေကိုတွေ့ရမည်။ ထို့ကြောင့် ဤနည်းဖြင့်အသွင်ကူးပြောင်းရာတွင် ယခင်အာဏာရှင်ဟောင်းအုပ်စုနှင့် အတိုက်အခံနိုင်ငံရေးအုပ်စုတို့ပူးပေါင်းလုပ်ဆောင်ချက်များဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ကြရသည်။ နိုင်ငံရေးအာဏာကို စွန့်လွှတ်ရေးအတွက် အပေးအယူတည့်အောင် ကိုယ်တိုင်စေ့စပ် ညှိနှိုင်းရသော အာဏာရှင်အုပ်စုသည် အာဏာစွန့်လွှတ်ပြီးနောက်ပိုင်း အရေးယူအပြစ်ပေးခြင်း မခံရစေရန်အလို့ငှာ အကာအကွယ်များကို စေ့စပ်ညှိနှိုင်းလေ့ရှိသည်။ အကာအကွယ်များဟုဆိုရာ၌ လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် အတိတ်ကကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ အစိုးရသစ်က စုံစမ်းစစ်ဆေးခြင်းသော်လည်းကောင်း၊ တရားစွဲဆိုခြင်းသော် လည်းကောင်း ပြုမည်မဟုတ်ဟု ကတိပြုခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ဤကဲ့သို့ သောအခြေအနေမျိုးတွင် တက်လာသော အစိုးရများအနေဖြင့် ယခင်အစိုးရများကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်အရေးယူအပြစ်ပေးရေးထက် နောင်တွင်အလားတူချိုးဖောက်မှုမျိုးများ မပေါ်ပေါက်စေရန် ဟန့်တားမှုများပြုလုပ်ရေးကိုသာ ဦးတည်ဆောင်ရွက်ရပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်မည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်၏သဘော သဘာဝအပေါ်မူတည်၍ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအား ကိုင်တွယ်မည့်နည်းလမ်းကို ဆုံးဖြတ်ရပါလိမ့်မည်။ စစ်အစိုးရအား တွန်းလှန်ဖြိုချနိုင်ပါက အစိုးရသစ်အဖို့ စိတ်တိုင်းကျ နည်းလမ်းများ ရွေးချယ်ကျင့်သုံးနိုင်သည်။ သို့သော် နိုင်ငံရေးစနစ်ပြောင်းလဲရန် ပြုပြင်ပြောင်းလဲရေးကိုအခြေခံ၍ သို့မဟုတ် စေ့စပ်ညှိနှိုင်းရေးကို အခြေခံ၍ သို့မဟုတ် နှစ်မျိုးစလုံးပေါင်းထားသောနည်းဖြင့်သာ အသွင်ကူးပြောင်းရေး ရနိုင်ဖွယ်ရှိသည်။ ထိုကြောင့် စနစ်ဟောင်းအစိုးရသည် အလွန်အရေးပါပြီး မည်သို့မည်ပုံ ပြောင်းလဲရမည်ကို ဆုံးဖြတ်နိုင်သည့် အနေအထားတွင်ရှိပါသည်။ စနစ်ဟောင်း၏ခေါင်းဆောင်များက ၎င်းတို့အာဏာရစဉ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် တရားစွဲဆိုခြင်းကို သည်းခံမည်မဟုတ်ကြောင်း အတိအလင်းပြောလာနိုင်သည်။ ဤကဲ့သို့ဖြစ်ပေါ်လာပါက အစိုးရသစ်အနေဖြင့် အတိတ်က လူ့အခွင့်ရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်လော၊ သို့မဟုတ် ယခင်စနစ်ဟောင်းအင်အားစုများ၏ ဖိအားကို မလွန်ဆန်နိုင်ပဲ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် ပတ်သက်ပြီး အပေါ်ယံကြောသာ ဆောင်ရွက်မည်လောဆိုသည်ကို ရွေးချယ်ရပေမည်။ အကယ်၍ အစိုးရသစ်မှ ယခင်အစိုးရလက်ထက်က လူ့အခွင့်အရေးချိုးဖေါက်မှုနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်ပါက ထိုအစိုးရ ရပ်တည်နေမှု၏ တရားဝင်မှုပိုင်းဆိုင်ရာ၌ တန်ဖိုးလျော့သွားနိုင်သည်။ ထို့အတူ စနစ်ဟောင်းအင်အားစု၏ စိမ်ခေါ်မှုကို တုံ့ပြန်ပြီး ယခင်လူ့အခွင့်အရေးချိုးဖေါက်မှုကို ကိုင်တွယ်ဖြေရှင်းပါက အစိုးရ ဖြုတ်ချခြင်းခံရ မည့်အခြေအနေသို့ ရောက်သွားနိုင်သည့် အန္တရာယ်လဲရှိသည်။ ထိုအခြေအနေမျိုးကို မြန်မာပြည်သူအများစုက လိုလားကြ မည်မဟုတ်ပါ။

အမှန်တရားဖေါ်ထုတ်ရေး၊ တရားဥပဒေအရစီရင်ရေးနှင့် ပြန်လည်သင့်မြတ်ရေး

အကြမ်းအားဖြင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းသစ်အဖို့ ရွေးချယ်နိုင်သည့် နည်းလမ်းများတွင် (၁) ရာဇဝတ်ပြစ်မှုကြောင်းအရအပြစ်ပေးခြင်း(criminal sanction)၊ (၂) ရာဇဝတ်ပြစ်မှုကြောင်းအရမဟုတ်သောအပြစ်ပေးခြင်း(non–criminal sanction) နှင့် (၃) လူ့အဖွဲ့အစည်းအားပြန်လည်ကုစားထူထောင်ခြင်း(rehabilitation of the society) တို့ ပါဝင်ပါသည်။ ဖြစ်ရိုးဖြစ်စဉ်သဘောအရပြောရလျှင် အမှန်တရားဖေါ်ထုတ်ရေး၊ တရားမျှတမှုရှိရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်းဟူသော ရည်မှန်းချက်သုံးရပ်ကိုထည့်တွက်ပြီး ဆီလျော်မည့်နည်းလမ်းကို ရွေးချယ်ရမည်ဖြစ်ပါသည်။ ထိုရည်မှန်းချက်များရအောင် အတိတ်က လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကိုင်တွယ်ရေး နည်းလမ်းရွေးချယ်ရာ၌ အသွင်ကူးပြောင်းရေးနည်းလမ်းများက အကန့်အသတ် ပြုလျက်ရှိသည်။

အမှန်တရားဖေါ်ထုတ်ရေးဆိုသည်မှာ အတိတ်ကကျူးလွန်ခဲ့သော လူ့အခွင့်ရေးချိုးဖောက်မှုများအား ဖေါ်ထုတ်ရေးနှင့် ဟုတ်မှန်ကြောင်း တရားဝင်ဝန်ခံရေးပင်ဖြစ်သည်။ ဤကဲ့သို့ ဟုတ်မှန်ကြောင်း တရားဝင် ဝန်ခံခြင်းအားဖြင့် နိုင်ငံအတွင်း ပုဂ္ဂိုလ်အချင်းချင်းကြားတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်းတွင်လည်းကောင်း ဆွေးနွေးဖြေရှင်းရန်လမ်းပွင့်သွားစေပါလိမ့်မည်။ ပွင့်လင်းပြီးရိုးသားစွာဆွေးနွေးကြသော ဆွေးနွေးပွဲများ ရှိလာခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အတိတ်က ကြုံတွေ့ခဲ့ရသောအဖြစ်ဆိုးများကြောင့် ခံစားနေကြရသောနာကျည်းမှုများအား ဖြေဖျောက်ပေးနိုင်သည့်အာနိသင်ရှိပြီး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ တစ်တိုင်းပြည်လုံး အတိတ်ကိုမေ့သွားစေရန် မှိုင်းတိုက်ခြင်းခံရမည့်ဘေးကိုလည်း တားဆီးနိုင်စွမ်းရှိပါသည်။ အတိတ်ကိုမေ့သွားစေရန် တစ်ပြည်လုံးအတိုင်းအတာဖြင့် မှိုင်းတိုက်ခြင်းသည် နိုင်ငံရေးအတွက် ဘေးဖြစ်စေသကဲ့သို့၊ ဝန်ခံဖြေရှင်းခြင်းမရှိသော အတိတ်ကကျူးလွန်ခဲ့သည့် ပြစ်မှုများသည် အသွင်ကူးပြောင်းနေသောနိုင်ငံ၏ ပြည်သူတို့အား အိပ်မက်ဆိုးကြီးသဖွယ် ခြောက်လှန့်နေလိမ့်မည်။ ထို့ကြောင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အတိတ်ကိုမေ့သွားစေရန် မှိုင်းတိုက်ခြင်းဖြင့် အတိတ်ကကျူးလွန်ခဲ့မှုများကို ပြည်သူတို့ တကယ်ပင်မေ့ပျောက်သွားကြလိမ့်ဟု ထင်မြင်ယူဆခြင်းမှာ မမှန်ကန်ပေ။

တရားဥပဒေအရလိုက်နာစီရင်မှု(justice)သည် လူ့အခွင့်အရေးအားရှိသေမှုနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အရေးကြီးသောအင်္ဂါရပ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် တရားဥပဒေ အရ စီရင်မှုရှိရန် အလွန်လိုအပ်ပါသည်။ တရားဥပဒေစောင့်ထိန်း လိုက်နာမှုက အနာဂတ်တွင် အလားတူကျူးလွန်မှုများ ထပ်မံပေါ်ပေါက်လာမည့်ဘေးကို ဟန့်တားနိုင်ပြီး တိုင်းပြည်တွင် ငြိမ်းချမ်းသာယာရေးနှင့် လူ့အခွင့်အရေးတို့ကို ကာကွယ် မြှင့်တင်နိုင်ပါသည်။ တချိန်တည်းမှာပင် တရားဥပဒေကို စောင့်ထိန်းလိုက်နာသဖြင့် အစိုးရသစ်လည်း ပို၍

တောင့်တင်းလာသည်။ သို့ဖြင့် အစိုးရသစ်သည် ယခင်အာဏာရှင်အစိုးရဟောင်းနှင့် ခြားနားကြောင်း သိသာစေသည်။

တရားဥပဒေအရစီရင်ရာတွင်လည်း သမိုင်းနောက်ခံ၊ နိုင်ငံရေးအခြေအနေ၊ စစ်ရေးအခြေအနေနှင့် လူမှုစီးပွားရေးအခြေအနေတို့ကိုပါ ထည့်သွင်းစဉ်းစားရသည်။အတိတ်သမိုင်းဖြစ်ရပ်များ၏ သဘောသဘာဝ၊ မျက်မှောက်အခြေအနေတွင် ကြုံတွေ့နေရသော အဟန့်အတားများနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်လိုအပ်ချက်တို့က မည်သည့် အသွင်သဏ္ဍာန်ဖြင့် တရားဥပဒေအရစီရင်ရမည့် နည်းနာနှင့် အတိမ်အနက်တို့ကို ပြဋ္ဌာန်းပေးသည်။ စနစ်သစ်သို့ အသွင်ကူးပြောင်းနေသောနိုင်ငံတစ်နိုင်ငံတွင် တရားစွဲဆိုရေး နည်းလမ်းနှင့်ဆောင်ရွက်ခြင်းသည် အမြဲတမ်းအကျိုးရှိသော ရလဒ်ကို မဖြစ်ပေါ်စေနိုင်ပါ။ ဥပမာအားဖြင့် စစ်တရားခံများကိုကြားနာစစ်ဆေးသော စစ်ရာဇဝတ်ခုံရုံးများ၏အတွေ့အကြုံကိုကြည့်မည်ဆိုလျှင် စစ်ရာဇဝတ်ကောင်တို့၏ နှိပ်စက်ညှင်းပမ်းမှုများကိုခံစားရသူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များအား ဤစစ်ရာဇဝတ်ခုံရုံးများက ဖြည့်ဆည်းပေးရန်ခဲယဉ်းကြောင်း တွေ့ရပါသည်။ ဤကြားနာစစ်ဆေးမှုများတွင် နှိပ်စက်ညှင်းပမ်းခြင်းခံခဲ့ရသူများ ပါဝင်ခြင်းမရှိပါ။ ထို့အပြင် အချို့ခုံရုံးများတွင် မှုခင်းဖြစ်ရပ်များနှင့်ပတ်သက်၍ တစ်ဖက်သက် ထွက်ဆိုချက်ကိုသာ လက်ခံကြားနာတတ်ပါသေးသည်။

ခုံရုံးတင်စစ်ဆေးရေးသည် အမှန်တရားဖေါ်ထုတ်ရေးအတွက် အထောက်အကူပြုသော်လည်း ရာဇဝတ်မှုကြားနာစီရင်ရေးစနစ်သည် မှန်ကန်သောလုပ်ထုံးလုပ်နည်းအတိုင်းကျင့်သုံးရေးနှင့် တစ်ဦးချင်းအလိုက်တာဝန်ရှိမှုကို အခြေခံသောမှုများ စွဲကိုင်ရပေလိမ့်မည်။ ကြားနာစစ်ဆေးရေးကြောင့် တခါတရံ အမှန်တရားကို အပြည့်အဝဖေါ်ထုတ်နိုင်ခြင်းမရှိပဲ ဖြစ်နေတတ်သည်။ အကြောင်းမှာ အသွင်ကူးပြောင်းရေး ရနေသည့် လူ့အဖွဲ့အစည်း၏တရားရုံးများ၌ စနစ်ဟောင်းမှတရားသူကြီးများ ရှိနေ၍ဖြစ်သည်။ ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်များသည် ဒီမိုကရေစီစနစ်သစ်၏ လိုအပ်ချက်များအား အမြဲတမ်းဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မဆိုနိုင်ပါ။ တရားသူကြီးသစ်များကို ခန့်ထားပါကလည်း ၎င်းတို့ အနေဖြင့် နိုင်ငံရေးအရ ပြဿနာတက်နိုင်သောဆုံးဖြတ်ချက်များချမှတ်ရန် ဝန်လေးကြသည်။ ရာဇဝတ်မှုတွင် စွဲချက်တင်ရန်လိုအပ်သော သက်သေအထောက်အထားများ၏အဆင့်အတန်းသည် တရားမမှုမှာကဲ့သို့ လိုအပ်သောသက်သေအထောက်အထားများ၏ အဆင့်အတန်းထက် ပို၍မြင့်မားသည်။ ထို့ကြောင့် ဤခုံရုံးများ (လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကြားနာသောခုံရုံးများ)က နောက်ဆုံးအပြစ်ဒဏ်ချမှတ်ပေးနိုင်လိမ့်မည်ဟု အတတ်မပြောနိုင်ပါ။ တရားခံအား စွဲချက်မတင်ပဲ တရားသေလွှတ်ပါက လူ့အခွင့်အရေးချိုးဖောက်ခံသူများအားလည်းကောင်း၊ ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအားလည်းကောင်း စော်ကားသလိုဖြစ်သွားသည်။ ခုံရုံးတင်ကြားနာစစ်ဆေးရေး၏ရည်ရွယ်ချက်မှာ နစ်နာခဲ့ရသူများအား ဖြေသိမ့်ပေးရေးမဟုတ်ပဲ တရားခံများအား အပြစ်ဒဏ်စီရင်ရေးသာဖြစ်သည်ဟူသောအချက်ကို မမေ့အပ်ပေ။ ထို့ကြောင့် အသွင်ကူးပြောင်းနေသောလူ့အဖွဲ့အစည်းတစ်ရပ်တွင် ရာဇဝတ်ပြစ်မှုဆိုင်ရာ ကြားနာစစ်ဆေးရေးကို အသုံးချခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုခံစားခဲ့ရသူများအဖို့ ကြီးမားသောချွတ်ယွင်းချက်များရှိပြီး ဆိုးကျိုးများစွာဖြစ်နိုင်ပါသည်။

အစိုးရသစ်က နိုင်ငံရေးအရိပ်အငွေ့ဖုံးလွှမ်းနေသော ကြားနာစစ်ဆေးရေးကြောင့်

တိုင်းပြည်တည်ငြိမ်မှု ပျက်ပြားမည့်အန္တရာယ်ရှိနေချိန်မျိုးတွင် တရားစွဲဆိုသောနည်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကိုင်တွယ်ဖြေရှင်းမှုမှာ မထိရောက်နိုင်ပါ။ အာဏာရှင်စနစ်အောက်မှ လွတ်မြောက်လာသော နိုင်ငံအတော်များများတွင် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော နိုင်ငံရေးအင်အားစုများ အားပြိုင်နေတတ်ကြပါသည်။ ထို့ကြောင့် တိုင်းပြည်တွင်တည်ငြိမ်မှုမရှိပဲ အကယ်၍ ယခင်အစိုးရဟောင်း၏ နိုင်ထက်စီးနင်းလုပ်ရပ်များအတွက် တရားစွဲဆိုပါက တိုင်းပြည်ညီညွတ်ရေး ပို၍ကွဲအက်သွားနိုင်ပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် အတိတ်ကကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအကြိုးဝင်သည့် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ နှင့်အညီ ပြန်လည်သင့်မြတ်ရေးလမ်းစဉ်ကိုကျင့်သုံးပါက ဒီမိုကရေစီ ပို၍ခိုင်မာတောင့် တင်းရေးကို အထောက်အကူပြုနိုင်သည်။ စစ်တပ်က အစိုးရအဖြစ်မှဆင်းပေးခဲ့ရသော်လည်းအာဏာကို နောက်ကွယ်က ခိုင်ခိုင်မာမာနှင့်ကျိုးကိုင်ထားဆဲဖြစ်သောနိုင်ငံများတွင် အတိတ်ကကျူးလွန်ခဲ့မှုများအတွက် တရားစွဲဆိုခြင်းသည် စစ်တပ် ပုန်ကန်ခြင်းနှင့် အခြားအတိုက်အခံပြုမှုများ ပေါ်ပေါက်လာအောင် နှိုးဆွပေးရာရောက်နိုင်ပါသည်။ ဤကဲ့သို့ဖြစ်လာပါက အရပ်သားအစိုးရသြဇာကျဆင်းနိုင်သည်။ အခြားအားနည်းချက်တစ်ခုမှာ အသွင်ကူးပြောင်းနေဆဲဖြစ်သော လူ့အဖွဲ့အစည်းများတွင် ဒီမိုကရေစီရှင်သန်နေသော နိုင်ငံများတွင်ရှိသော ဂုဏ်အင်္ဂါရပ်များချို့တဲ့နေ့သေးသည့် အချက်ဖြစ်သည်။ အသွင်ကူးပြောင်းနေဆဲဖြစ်သောနိုင်ငံ၏အစိုးရသစ်တွင် ဒီမိုကရေစီနိုင်ငံများမှာကဲ့သို့ အစိုးရကစစ်တပ်အား လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အရေးယူနိုင်သော အာဏာမျိုးမရှိပေ။ အခြားပြဿနာတစ်ခုမှာ လူ့အခွင့်အရေးချိုးဖေါက်ခဲ့သူ အတော်များများအား ရုံးတင်တရားစွဲဆိုနိုင်စွမ်း အစိုးရသစ်တွင် တကယ်ရှိ၊ မရှိ ဆိုသည့်ပြဿနာဖြစ်သည်။ ငွေကြေးရံပုံငွေ၊ ရာဇဝတ်ပြစ်မှုကြားနာစီ ရင်ရေးစနစ် စသည့်အခြေခံအကြောင်းတရားများမှာ ကြားနာစစ်ဆေးမှု နည်းလမ်းရွေးချယ်မှု ဆုံးဖြတ်ရာတွင် အရေးတကြီးထည့်သွင်းစဉ်းစားရမည့် အကြောင်းတရားများဖြစ်သည်။ သို့သော် ရာဇဝတ်ဥပဒေအရ အပြစ်ဒဏ်ချမှတ်မှတ်နိုင်လျှင် အနာဂတ်တွင် အလားတူ လူ့အခွင့်အရေးချိုးဖေါက်မှုများ ထပ်မံပေါ်ပေါက်မည့်အန္တရာယ်ကို ထိရောက်စွာဟန့် တားနိုင်သည်ဆိုသောအချက်ကို အငြင်းမပွါးပေ။

နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ဆက်နွယ်နေသော ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပြဿနာဖြေရှင်းရေးနှင့် လူမှုဘဝပြန်လည်ထူထောင်ရေး နှစ်ခုစလုံးအကြုံးဝင်သည်။ ပြန်လည်သင့်မြတ်ရေးမဆောင်ရွက်ပဲ အစွန့်ရှည်မည့်ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သကဲ့သို့ အစွန့်ရှည်မည့်ငြိမ်းချမ်းရေးမရှိပဲ တိုင်းပြည်တစ်ပြည်၏တည်ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုမရနိုင်ပါ။

နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်ဆက်နွယ်နေသော ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပြဿနာဖြေရှင်းရေးနှင့် လူမှုဘဝပြန်လည်ထူထောင်ရေး နှစ်ခုစလုံးအကြုံးဝင်သည်။ ပြန်လည်သင့်မြတ်ရင်ကြားစေ့ရေးမဆောင်ရွက်ပဲ အခွန့်ရှည်သည့်ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သကဲ့သို့ အခွန့်ရှည်မည့်ငြိမ်းချမ်းရေးမရှိပဲ တိုင်းပြည်တစ်ပြည်၏တည်

ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုမရနိုင်ပါ။ လူမျိုးရေး၊ ဘာသာရေး၊ လူမျိုးစုရေးစသည့် ကွဲပြားမှုတို့ကိုအသုံးချ၍ မိမိအာဏာတည်မြဲရေးကိုသာအာရုံစိုက်ခဲ့ကြသည့် ဖိနှိပ် အုပ်ချုပ်သောအစိုးရဟောင်း၏ ဆိုးမွေအဖြစ် အစည်းပြေနေသောနိုင်ငံကို အစိုးရသစ်က ဆက်ခံရသည်။ မြန်မာနိုင်ငံသည် အတိုင်းအတာတစ်ခုအထိ ဤအခြေအနေမျိုးတွင် ရှိသည်။ သွေးခွဲအုပ်ချုပ်ရေးစနစ်၏သားကောင်များဖြစ်ခဲ့ရသော တိုင်းရင်းသားပြည်သူများမှာ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား စိုးရိမ်မှု၊ မကျေနပ်မှုတို့ရှိနေတတ်သည်။မည်သည့် နိုင်ငံတွင်မဆို ဤကဲ့သို့သောခံစားချက်များသည် ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေးအတွက် အဟန့်အတားများပင်ဖြစ်သည်။ ပြန်လည်သင့်မြတ်ရေးဟူသော ရေရှည်ပန်းတိုင်သို့တက် တက်လှမ်းနိုင်ရန်အလို့ငှာ အစီအစဉ်များကို ချိန်ဆ၍ အကောင်အထည်ဖော်သွားရန်လို အပ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ အမှန်တရားဖေါ်ထုတ်ရေးပန်းတိုင်၊ တရားဥပဒေအရစီရင်မှုပန်းတိုင်နှင့် ပြန်လည်သင့်မြတ်ရေးပန်းတိုင်တို့ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နိုင်ချေရှိပါသည်။ ဥပမာအားဖြင့် အမှန်တရားဖော်ထုတ်ရေးအတွက် ဆောင်ရွက်ချက်သည် တရားဥပဒေအရစီရင်မှုကို အတိုင်းအတာတခုအထိစတေးမှ အောင်မြင်နိုင်သည်။ ထိုနည်းတူ တရားဥပဒေအရ လိုက်နာစီရင်မှုလမ်းစဉ်သည် ပြန်လည်သင့်မြတ်ရေးကို အမြဲတမ်းမြှင့်တင်ပေးနိုင်လိမ့်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် အခြေအနေတစ်ခုခြင်းစီ၏ ထူးခြားသော ဝိသေသလက္ခဏာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးရလဒ်များကို ဖေါ်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ တိုင်းရင်းသားလူမျိုးများပျံ့နှံ့နေထိုင်ပုံနှင့် အခြားသောအခြေခံကြောင်းတရားများနှင့် ဆီလျော်စွာ အမှန်တရားဖေါ်ထုတ်ရေး၊ တရားဥပဒေအရ လိုက်နာစီရင်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို အချိန်အဆမှန်မှန်နှင့် ဆောင်ရွက်သွားရန်လိုပါသည်။ အခြားသော ဒီမိုကရေစီအသွင်ပြောင်းပြီးကာစနိုင်ငံများ၏ အတွေ့အကြုံများကိုလေ့လာခြင်းဖြင့် အဖိုးတန်သောသင်ခန်းစာများရရှိနိုင်သော်လည်း မြန်မာပြည်တွင် ဒီမိုကရေစီအသွင်ပြောင်းလဲမှုအောင်မြင်ရန်အလို့ငှာ မြန်မာပြည်၏ တမူထူးခြားသောအခြေအနေနှင့်ဆီလျော်သော ဖြေရှင်းချက်ကို ရှာဖွေရမည်ဖြစ်ပါသည်။ အစိုးရသစ်က လူ့အခွင့်အရေးချိုးဖောက်ခဲ့သူများအားကိုင်တွယ်ဖြေ ရှင်းနိုင်စွမ်းသည် စနစ်ဟောင်းကိုကိုယ်စားပြုသော အစိုးရဟောင်း၏အင်အား မည်မျှကြီးသည်ဆိုသည့်အချက်ပေါ်တွင် မူတည်ပါသည်။ နိုင်ငံအမျိုးမျိုးတွင် ဤရည်ရွယ်ချက်ကိုအကောင်အထည်ဖေါ်ရန်အတွက် ရာဇဝတ်ဥပဒေအရ ကြားနာစီရင်ရေးစနစ်ကိုအသုံးမပြုပဲ အခြားနည်းများကို အသုံးပြုကြပါသည်။ ထိုအသုံးချသောနည်းများတွင် အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းထူထောင်ပေးခြင်းဖြစ်ပါ သည်။

အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်

အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးဆောင်ရွက်ချက်ပုံစံအမျိုးမျိုး ရှိပါသည်။ တောင်အာဖရိကနိုင်ငံတွင်ဆောင်ရွက်သောပုံစံသည် အမှန်တရားဖေါ်ထုတ်

ရေးနှင့်ပြန်လည်သင့်မြတ်ရေးကို ဦးစားပေးပြီး တဆက်တည်းမှာပင် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်ခဲ့သူတစ်ဦးချင်းတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးလုပ်ငန်းစဉ်ကိုပါ ထည့်သွင်းခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်သူများက လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားနိုင်သည်။ ၎င်းတို့၏လျှောက်ထားချက်များသည် ကော်မရှင်၏သတ်မှတ် ချက်များနှင့် ဘောင်ဝင်ရမည်ဖြစ်သည်။ သတ်မှတ်ချက်တစ်ခုမှာ နိုင်ငံရေးကိုအကြောင်းပြု၍ကျူးလွန်သောပြစ်မှုဖြစ်ကြောင်း လျှောက်ထားသူက အထောက်အထားပြနိုင်ရမည်ဖြစ်ပြီး ပြစ်မှုနှင့်ပတ်သက်၍ အဖြစ်မှန်ကိုလည်း အပြည့်အဝ ဖော်ပြရသည်။ ဤကဲ့သို့သောကော်မရှင်သည် ရာဇဝတ်ကြောင်းဆိုင်ရာ တရားစွဲဆိုကြားနာရေးဖြစ်စဉ်၏ နေရာကိုဝင်မယူနိုင်ပါ။ နိုင်ငံတကာဥပဒေက အချို့သော ရောမလူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်မပေးရန် တားမြစ်ထားသည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်က လူ့အခွင့်အရေးချိုးဖေါက်မှုများအား အတတ်နိုင်ဆုံး ပြည့်စုံအောင်မှတ်တမ်းပြုစုထားရသည်။ ကော်မရှင်သည် မှုခင်း၏သဘောသဘာဝနှင့် အတိုင်းအတာအပြင်၊ ကျူးလွန်ခြင်းခံခဲ့ရသူတို့၏ အမည်နှင့်ကံကြမ္မာ (သေသည်၊ ရှင်သည်၊ ပျောက်နေသည် စသည့်အချက်များ) အပြည့်အစုံကိုလည်း မှတ်တမ်းပြုစုရသည်။ အချို့သောအစီရင်ခံစာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်ရန် အမိန့်ပေးသည့်ပုဂ္ဂိုလ်များမှာ မည်သူမည်ဝါဖြစ်သည်တို့ကိုပါ ဖေါ်ပြပြီး အချို့သောအစီရင်ခံစားများတွင်မူ လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်ခဲ့သူများက အန္တရာယ်ပြုမည်ကိုစိုးရိမ်သဖြင့် ဖေါ်ပြခြင်းမပြုကြပါ။ အချို့ကော်မရှင်များက တိုတောင်းသောကာလအပိုင်းအခြားအတွင်း ဖြစ်ပျက်မှုများကိုကိုင်တွယ် ဖြေရှင်းပြီး အချို့ကော်မရှင်များကမူ ပိုမိုရှည်လျားသော်လည်း အပိုင်းအခြားအတိအကျရှိသော ကာလကဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းပါသည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်တစ်ရပ်ကို နည်းမျိုးစုံဖြင့်တည်ဆောက်နိုင်ပါသည်။ ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများအား တိုင်းပြည်၏လက်ရှိအခြေအနေ၊ နောက်ခံသမိုင်းတို့နှင့်တိုင်းထွာ၍ အသုံးချမည်ဆိုလျှင် အလားအလာများစွာရှိသည်။ အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်တစ်ရပ်သည် အမျိုးသားတစ်ရပ်လုံးအား ဖြေသိမ့်ကုစားရန် အထောက်အကူဖြစ်နိုင်ပါသည်။ ဤကော်မရှင်၏တာဝန်တရပ်မှာ နောင်လာနောက်သားတို့အတွက် အတိတ်ကကျူးလွန်ခဲ့သော မှတ်တမ်းများပြည့်စုံနိုင်သလောက်ပြည့်စုံအောင် ပြုစုရေးပင်ဖြစ်သည်။ ဤကဲ့သို့ မှတ်တမ်းများနှင့် ကော်မရှင်၏အကြံပြုချက်များ ပေါင်းစပ်ဖေါ်ပြခြင်းဖြင့် နောင်တွင် အလားတူလူ့အခွင့်အရေးချိုးဖေါက်မှုများ ထပ်မံဖြစ်ပွားတော့မည်မဟုတ်ဟု ပြည်သူလူထုအား တခန်းတကဏ္ဍကအာမခံချက်ပေးနိုင်ပြီး လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးအား လေးစားတန်ဖိုးထားသောယဉ်ကျေးမှု ဆက်လက်တိုးပွားစည်ပင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဤကဲ့သို့သောကော်မရှင်တစ်ရပ် စနစ်တကျဖွဲ့စည်းနိုင်ပါက တကယ်တန်း ဘာတွေဖြစ်ခဲ့ကြသနည်းဆိုသည်ကို ပြည်သူတို့ သိရှိနားလည်ခွင့် ရကြပါလိမ့်မည်။ ဤကဲ့သို့သောအဖွဲ့အစည်းနှင့် လုပ်ငန်းစဉ်များ ကင်းမဲ့နေမှုကြောင့် နေ့စဉ်နှင့်အမျှ ပြည်သူလူထုအကြား ဒေါသ၊ မကျေနပ်မှု၊ မုန်းတီးမှုနှင့် ဂလဲ့စားချေမှုစသည်တို့

ပွားများနေကြသည်။ ယခင်ဖြစ်ပွားခဲ့သော ကြောက်မက်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုများအား လူသိရှင်ကြား ထုတ်ဖော်ဝန်ခံမှသာလျှင် တိုင်းပြည်တွင် တကယ်တမ်း တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအား ရိုသေလေးစားသော ယဉ်ကျေးမှုပေါက်ဖွားလာနိုင်ပေမည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ပေါ်ပေါက်မှသာလျှင် လူတန်းစားအလွှာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ကျူးလွန်မှုခံစားခဲ့ကြရသူများအတွက် ၎င်းတို့၏လူ့တန်ဖိုးနှင့် လူ့ဂုဏ်သိက္ခာပြန် လည်ဆည်တင်နိုင်ရေး၊ ပြန်လည်တောင်းဆိုရန်အလို့ငှါ ယုံကြည်ကိုးစားထိုက်သော တရားဝင်စင်မြင့်ရှိရမည်ဖြစ်သည်။ ကျူးလွန်ခံခဲ့ကြ သူများအတွက်လည်း ယုံကြည်ကိုးစားထိုက်သော တရားဝင်စင်မြင့် ရရှိမည် ဖြစ်သည်။ မည်သည့်ရပ်တည်ချက်၊ မည်သည့်အယူဝါဒကြောင့်ဖြစ်စေ ကျူးလွန်ခဲ့ကြသော အမှားများအတွက် ဝန်ခံခြင်း၊ ဝန်ချတောင်းပန်ခြင်းတို့ဖြင့် ခံစားခဲ့ကြရသူများ၏ အမျက်ပြေရာပြေကြောင်း ဆောင်ရွက်နိုင်မည့်စင်မြင့် ရရှိနိုင်မည်ဖြစ်သည်။

ဤကဲ့သို့သောဖြစ်စဉ်မျိုး အစပျိုးရန် ပျက်ကွက်ခြင်းသည် လူ့အခွင့်အရေးချိုးဖေါက်မှု ခံစားခဲ့ကြရသူများ၏ အခွင့်အရေးနှင့်ယူဆချက်များကို လျစ်လျူရှုရာရောက်ပါသည်။ နာကျည်းမှုများ ကုစားရေးဖြစ်စဉ်နှင့် အတိတ်က အဖြစ်ဆိုးများ ထပ်မံမပေါ်ပေါက်အောင် ဟန့်တားရေးတို့ ဆောင်ရွက်ရန် ငြင်းဆန်ရာရောက်ပါသည်။ ဘယ်သူ့ကို ဘာခွင့်လွှတ်ရမည်ကို ဘာမှမသိရပဲ လူထုက ထိုအတိုင်းခွင့်လွှတ်ကြလိမ့်မည်ဟု စိတ်ကူးယဉ်ရာရောက်သည်။ ထို့အပြင် ဤကဲ့သို့သော ပျက်ကွက်မှုသည် အနာဂတ်၏မဏ္ဍိုင်ဖြစ်သော လူ့အခွင့်အရေးအား တန်ဖိုးထားလေးစားမှုကို တည်ဆောက်ရန် ပျက်ကွက်မှုလည်းဖြစ်သည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်သည် လူ့အခွင့်အရေး အကြီးအကျယ်ချိုးဖောက်မှုများ၏ အကြောင်းရင်းခံ၊ သဘောသဘာဝနှင့်အတိုင်းအတာ စသည့်အချက်များပြည့်စုံစွာဖြင့် မှတ်တမ်းတင်နိုင်ယုံမျှမက လူသိရှင်ကြားထုတ်ပြန် နိုင်ရမည်။ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံဖြောင့်ချက်ပေးနိုင်ရေးကို အထောက်အကူပြုမည့် ယန္တရားရှိရမည်။ ဤနည်းအားဖြင့် ရာဇဝတ်ကြောင်းအရ ကြားနာစီရင်ရေး တောင်းဆိုနေသော ဖိအားကို လျော့ချနိုင်သည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်သည် လူ့အခွင့်အရေး အကြီးအကျယ်ချိုးဖောက်မှုများ၏ အကြောင်းရင်းခံ၊ သဘောသဘာဝနှင့်အတိုင်းအတာ စသည့်အချက်များပြည့်စုံစွာဖြင့် မှတ်တမ်းတင်နိုင်ယုံမျှမက လူသိရှင်ကြားထုတ်ပြန်နိုင်သည်။ ဤကဲ့သို့ထုတ်ပြန်နိုင်ရန်မှာ အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ဤကော်မရှင်တွင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံဖြောင့်ချက်ပေးနိုင်ရေးကိုလည်း အထောက်အကူပြုမည့် ယန္တရားရှိသည်။ ဤနည်းအားဖြင့် ရာဇဝတ်ကြောင်းအရ ကြားနာစီရင်ရေးစနစ်အပေါ်ရှိနေသောဖိအားကို လျော့ပါးစေပါသည်။ အကယ်၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးကိုရွေးချယ်ပါက ကော်မရှင်က ဤဖြစ်စဉ်တွင်ဝင်ရောက်ကူညီနိုင်ပါသည်။ သို့မဟုတ်

နိုင်ငံရေးရည်ရွယ်ချက်တစ်ရပ်နှင့်ဆက်စပ်၍ ကျူးလွန်ခဲ့သောလုပ်ရပ်အများနှင့်စပ်လျဉ်းသော အကြောင်း အရာအားလုံးကို ထုတ်ဖော်ဝန်ခံသောပုဂ္ဂိုလ်မျိုးတို့အတွက် မည်ကဲ့သို့သောစီရင်ချက်မျိုးချမှတ်ရမည်ကို အကြံပေးနိုင်ပါသည်။ ဤကဲ့သို့သော အမှန်တရားဖော်ထုတ်ရေးနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်က လူ့အခွင့်အရေးချိုးဖေါက်မှုခံစားခဲ့ရသော ပုဂ္ဂိုလ်များ၏ကံကြမ္မာ သို့မဟုတ် ၎င်းတို့ ဘယ်ရောက်နေသည်၊ ဘာဖြစ်သွားခဲ့သည်တို့ကိုဖေါ်ထုတ်နိုင်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုခံစားရရာမှ အသက်မသေပဲကျန်ရှိနေသူများအား ၎င်းတို့ခံစားခဲ့ကြရပုံများကို ပြန်လည်ဖွင့်ဟကြေငြာခွင့်ပေးခြင်းဖြင့် ၎င်းတို့၏ပုဂ္ဂိုလ်ရေးနှင့် အထွေထွေဂုဏ်သိက္ခာတို့ကို ပြန်လည်အဖတ်ဆည်ပေးနိုင်ပါသည်။ ခံစားခဲ့ရသူများ၏ ကြုံခဲ့ရပုံများကိုအသိအမှတ်ပြုပေးပြီး လူသိရှင်ကြားကြေငြာပေးခြင်းအားဖြင့် ၎င်းတို့၏ဂုဏ်သိက္ခာနှင့် လူ့တန်ဖိုးကို အသိအမှတ်ပြုပေးနိုင်ပါသည်။ ဒါတင်မကသေးဘဲ ကော်မရှင်က ခံစားခဲ့ကြရသူများ ကျေနပ်ရာကျေနပ်ကြောင်း လက်ရှိအခြေအနေတွင် အဖြစ်နိုင်ဆုံးသောနည်းလမ်းများဖြင့် ထောက်ခံ အကြံပြုပေးနိုင်သည်။ ကော်မရှင်က ၎င်း၏လုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များအပေါ် ပြည်သူလူထုအတွက် အသေးစိတ်အစီရင်ခံစာများ ပြုစုနိုင်ပြီး အနာဂတ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမပေါ်ပေါက်လာစေရေးအတွက် ဆောင်ရွက်ရမည့်အချက်များ အကြံပြုတင်ပြနိုင်ပါသေးသည်။ ဤလုပ်ဆောင်ချက်ကြောင့် အပြုသဘောဆောင်သောအကျိုးရလဒ်များစွာ ရရှိနိုင်ပါသည်။ ပထမအကျိုးကျေးဇူးအနေဖြင့် အမှားကျူးလွန်ပါက ကျူးလွန်သည့်အတွက် တာဝန်ယူရမည့်စနစ် နေသားတကျရှိပြီးဖြစ်ရာ တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာရမည်ဖြစ်သောကြောင့် အစိုးရသစ်၏အာဏာပိုင်များကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုများ မကျူးလွန်မိအောင် ဟန့်တားမှုရှိနေခြင်းပင်ဖြစ်ပါသည်။ ၎င်းသည် အတိတ်ကအဖြစ်ဆိုးများနှင့်ပတ်သက်၍ နဝေတိမ်တောင်ဖြစ်နေမှုကိုဖယ်ရှားပြီး ယခင်အစိုးရဟောင်း၏ရက်စက်ကြမ်းကြုတ်မှုများနှင့် တရားမျှတစွာအုပ်ချုပ်နိုင်သည့် အရည်အချင်းကင်းမဲ့မှုတို့ကို ဖွင့်ချပါလိမ့်မည်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို နောက်ကွယ်မှကြိုးကိုင်သူများအား တရားစွဲဆိုခြင်းဖြင့် အစိုးရသစ်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ပြီး တရားဥပဒေထက်တွင် မည်သူမျှမရှိကြောင်းနှင့် နိုင်ငံရေးလမ်းစဉ်ကိုဘမ်းပြပြီး ကျင့်ဝတ်တရားတို့ကို မည်သူမျှမဖောက်ဖျက်နိုင်ကြောင်း အလွန်ရှင်းလင်းစွာ သတိပေးနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် အစိုးရသစ်မှ တရားဥပဒေစိုးမိုးမှုကို စွဲကိုင်ထားခြင်းကပင် ၎င်းသည် တရားဝင်အစိုးရဖြစ်ကြောင်း သက်သေပြနိုင်ပါသည်။

အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်က အန္တရာယ်တစ်ခု ပေါက်ဖွားပေးနိုင်ပါသေးသည်။ ဤအန္တရာယ်ကို ကြိုတင်တွက်ဆထားရမည်ဖြစ်ပြီး နိုးကြားသတိကြီးစွာဖြင့် ကိုင်တွယ်ရန်လိုအပ်ပါသည်။ ဤကော်မရှင်တွင် အတိတ်က ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်ဟောင်းများကို ပြန်၍ထိုးဆွပေးနိုင်သည့်အာနိသင် ရှိပါသည်။ ဒဏ်ရာဟောင်းကိုထိုးဆွမိလျှင် ကျူးလွန်ခဲ့သူများအပေါ် မကျေနပ်မှုနှင့် ရန်လိုမှုများရှင်သန်လာနိုင်သည်။ ထို့ကြောင့် ကော်မရှင်၏လုပ်ဆောင်ချက်များသည် ရည်မှန်းထားသည့်ပန်းတိုင်သို့ ချောချောမောမောဆိုက်ရောက်နိုင်ရန်အလို့ငှာ သေချာစွာဂရုစိုက်ပြီး စီမံလုပ်ဆောင်သွားရန် အလွန်အရေးကြီးပါသည်။ ဤကဲ့သို့မဆောင်ရွက်နိုင်ပါက လက်စားချေသတ်ဖြတ်မှုများ ပေါ်ပေါက်လာနိုင်ပါသည်။

ထို့ကြောင့် ဤကော်မရှင်ဖွဲ့စည်းလုပ်ဆောင်မှုသည် ယုံကြည်ကိုးစားမှုခံယူနိုင်ပြီး တရားဥပဒေနှင့်ညီညွတ်ရန် အလွန်အရေးကြီးပါသည်။ ထိုသို့မဟုတ်ပါက ဤကော်မရှင်အား အင်အားစုအားလုံးက လက်ခံကြမည်မဟုတ်ပဲ ကော်မရှင်သည် မည်သို့သောဆုံးဖြတ်ချက်များချသည်ဖြစ်စေ စောဒကတက်နေမည်သာဖြစ်သည်။ တနည်းအားဖြင့်ဆိုရသော် ဤကော်မရှင်သည် နိုင်ငံရေးအရ တရားဝင်ဖြစ်ကြောင်း အာမခံရန်အရေးကြီးသည်။ တရားဝင်ဖြစ်မှုကင်းမဲ့နေလျှင် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းက မည်ကဲ့သို့ပင်ပေါ်ပြနေပါစေ ကျူးလွန်သူများက ငြင်းချက်ထုတ်ကြ မည်သာဖြစ်ပြီး ပြန်လည် သင့်မြတ်ရေးအတွက် ရည်မှန်းထားမှုမှာ အချည်းအနှီးဖြစ်သွားပါလိမ့်မည်။

လုပ်ငန်းစဉ်တရပ်ရပ်ကိုမစတင်မီ အခြေခံအကြောင်းအရာအမျိုးမျိုးကို စဉ်းစားသုံးသပ်ရန်လိုပါသည်။ ဥပမာ အားဖြင့် မည်သည့်ကာလအပိုင်းအခြားကလူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့်အချက်ပေါ်တွင် ဤကော်မရှင်၏လုပ်ငန်းစဉ်အား လက်သင့်ခံမည်၊ မခံမည်ဆိုသည်က မူတည်နေတတ်ပါသည်။ ပြန်လည်သင့်မြတ်ရေးကိုရယူရန်အတွက် ဤလုပ်ငန်းစဉ်သည် နိုင်ငံရေးအရတရားဝင်ကြောင်း အာမခံနိုင်ရန်အရေးကြီးပါသည်။ တိုင်းပြည်လူထု၏ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံက ဤလုပ်ငန်းစဉ်အား လက်သင့်ခံရေးသည် ဤလုပ်ငန်းစဉ် အထမြောက်အောင်မြင်ရေးအတွက် အလွန်အရေးကြီးပါသည်။ အကယ်၍ ၎င်းလုပ်ငန်းစဉ်သည် အစိုးရသြဇာမှလွတ်လပ်သည်ဟုမယူဆကြလျှင် အနည်းဆုံး လူထု၏အမြင်တွင် ဤလုပ်ငန်းစဉ်၏ ဓမ္မဓိဋ္ဌာန်ကျမှုအပေါ် သံသယဖြစ်စေနိုင်ပါသည်။

ဤကဲ့သို့သောလုပ်ငန်းစဉ်သည် ၎င်းဆောင်ရွက်နေသောနိုင်ငံ၏သမိုင်းနှင့် အသွင်ကူးပြောင်းရေးဖြစ်စဉ်တို့၏ ထူးခြားသောဝိသေသလက္ခဏာများအကြောင်း ကျကျနနနားလည်သဘောပေါက်မှသာလျှင် ဤလုပ်ငန်းစဉ်သည် တရားဝင်မှုခံယူနိုင်မည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်သင့်မြတ်ရေးတို့ကို အထောက်အကူပြုရေးတည်းဟူသော ၎င်း၏လုပ်ငန်းတာဝန်များကို အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ စနစ်သစ်က နှိမ်နင်းခဲ့ပြီးဖြစ်သော အုပ်စုများနှင့်ပူးပေါင်းဆောင်ရွက်ပြီး မည်သည့်အတိုင်းအတာအထိ လုပ်ငန်းစဉ်တစ်ရပ်အား စတင်သည်ဆိုသည်မှာ ဤလုပ်ငန်းစဉ်က အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုနိုင်မည်၊ မပြုနိုင်မည်ကို ဆုံးဖြတ်ရပါသည်။ အခြားတစ်ဖက်တွင် ဤကော်မရှင်၌ နှိမ်နင်းခြင်းခံရပြီးဖြစ်သော လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်ခဲ့သူများ ပါဝင်ပတ်သက်နေမှု အတိုင်းအတာက ဤကော်မရှင်အား လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ၏ လက်သင့်ခံမှုအပေါ် သြဇာသြော်င်းနေပါသည်။ ထို့ကြောင့် ဤအချက်ကို အလွန်သတိထား ဆောင်ရွက်ရန် အရေးကြီးပါသည်။

တစ်ခုတည်းသော "ဓမ္မဓိဋ္ဌာန်ကျသည့်အမှန်တရား" ထွက်ပေါ်မလာနိုင်သော်လည်း ကော်မရှင်ကထုတ်ပြန်သော "အမှန်တရား"သည် ဘက်အားလုံး၏ကြုံတွေ့ခဲ့ရမှုနှင့်ကိုက်ညီရန် အထူးအရေးကြီးပါသည်။

ပြည်သူလူထုကိုယ်၌ ကော်မရှင်၏ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လှုပ်ရှားမှုရှိသည်ဟု မခံယူနိုင်မချင်း ကော်မရှင်တွင် ဖွဲ့စည်းသူများ၊ လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၏ ဂုဏ်သိက္ခာနှင့် ရည်ရွယ်ချက်တို့

အပေါ် သံသယရှိနေကြမည်ဖြစ်ပါသည်။

ကော်မရှင်၏တရားဝင်ဖြစ်မှုဆိုသည်မှာ ဤကော်မရှင်၏လုပ်ငန်းစဉ်သည် ဘက်လိုက်မှုမရှိပဲ ဓမ္မဓိဋ္ဌာန်ကျသည့် "အမှန်တရား"ကို ဖော်ထုတ်နိုင်စွမ်းရှိသည်ဟု အားလုံး၏လက်ခံမှုပင်ဖြစ်ပါသည်။ အလွန်ရှိသေလေးစားအပ် သောပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းမှသာ သမာဓိရှိသည့်ကော်မရှင်ဖြစ်သည်ဟု လူထုကလက်ခံမည်ဖြစ်ပါသည်။ ကော်မရှင်တွင်ပါဝင်ဆောင်ရွက်သူများသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ နိုင်ငံရေးနောက်ခံအမျိုးမျိုးနှင့် မဲဆန္ဒနယ်အမျိုးမျိုးမှ လာကြသူများဖြစ်လျှင် ဤကော်မရှင်၏လုပ်ငန်းစဉ်များသည် သမာသမတ်ကျသော လုပ်ငန်းစဉ်များဖြစ်သည်ဟု လူထုကရှုမြင်ပါမည်။

တရားဝင်ဖြစ်ရေးအတွက် သော့ချက်မှာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ဘက်လိုက်မှု၊ တစ်ဖက်စောင်းနင်းဖြစ်မှုများကင်းယုံမျှမက တကယ်ကင်းပါသည်ဟု လူထုက ယုံကြည်ကိုးစားခြင်းပင်ဖြစ်ပါသည်။

တရားဝင်ဖြစ်ရေးအတွက် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်သည် တရားဝင်ခန့်အပ်ခြင်းခံရသည့် ဘက်လိုက်မှုမရှိသောအဖွဲ့အစည်းမျိုး၏ လုပ်ငန်းစဉ်ဖြစ်ရပါမည်။ ဆိုလိုသည်မှာ ဤလုပ်ငန်းစဉ်အပေါ် အစိုးရက ဩဇာမသုံးနိုင်ယုံမျှမက အစိုးရ၏ဩဇာသို့မဟုတ် စွက်ဖက်မှုမကင်းဟု သံသယဖြစ်ဖွယ် အရိပ်အရောင်ပင်သန်း၍မရပါ။ ဤအခြေအနေမျိုးကို အာမခံနိုင်ရန်အတွက် ကော်မရှင်စတင်ဖွဲ့စည်းရာ၌ပင် ဘက်လိုက်မှု၊ တစ်ဖက်စောင်းနင်းမှုတို့ ကင်းရမည်ဖြစ်ပြီး တိုင်းပြည်၏လူမျိုးအားလုံးကလည်း ဤအတိုင်းဖြစ်ပါသည်ဟုယုံကြည်ရန် အရေးကြီးပါသည်။ ဤတင်ပြချက်အားလုံးသည် သမိုင်းတွင် အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသောလူ့အဖွဲ့အစည်းများနှင့် အလွန်ပင်ဆီလျော်ပါသည်။ အရေးကြီးသည့်အချက်မှာ ဒီမိုကရေစီပင်ဖြစ်ပါသည်။ ဒီမိုကရေစီမရှိပဲ မည်သည့်နည်းလမ်းကိုရွေးချယ်သည်ဖြစ်စေ တိုင်းပြည်တွင် အတိတ်ကဖြစ်ပျက်ခဲ့သောကျူးလွန်မှုများကို ပြည့်ဝစွာကိုင်တွယ် ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သောမြန်မာနိုင်ငံအတွက် ဤအချက်သည် အလွန်အရေးကြီးပါသည်။ ပြည့်ဝသောဒီမိုကရေစီသို့ချီတက်ရေးက ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေးကို ဆွတ်ခူးပေးနိုင်ပါလိမ့်မည်။

နိဂုံး

အနာဂတ် ဒီမိုကရက်တစ်မြန်မာနိုင်ငံအနေဖြင့် အတိတ်ကလူ့အခွင့်အရေးချိုးဖောက်မှုများအား ကိုင်တွယ်ဖြေရှင်းရေးနှင့်ပတ်သက်ပြီး ချီတက်ရမည့်လမ်းကြောင်းကို ကောင်းစွာဂရုစိုက်ပြီး တိုင်းတာတွက်ချက်ထားရပါလိမ့်မည်။ ခုံရုံးဖွဲ့ကာစစ်ဆေးမှုများပြုလုပ်မည်–မပြုလုပ်မည်၊ စစ်ဆေးမှုများပြုလုပ်ပါက မည်သည့်ပုဂ္ဂိုလ်တို့အား ကြားနာစစ်ဆေးမည်၊ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအားပြဋ္ဌာန်းမည်–မပြဋ္ဌာန်းမည်၊ အမှန်တရားဖော်ထုတ်ရေးကော်မရှင်ဖွဲ့စည်းမည်–မဖွဲ့စည်းမည်၊ အလားတူလုပ်ငန်းစဉ်များဆောင်ရွက်မည် စသည်ဆုံးဖြတ်ချက်များ ခက်ခက်ခဲခဲ ချမှတ်ရပေမည်။ ထူးခြားသော သ မိုင်းနောက်ခံ၊ စီးပွားရေးနှင့်လူမှုရေးအခြေအနေ စသည့်အခြေခံအကြောင်းတရားများအား

လည်းကောင်း၊ ခံစားခဲ့ကြရသူများကလည်း မည်သည့်နည်းဖြင့်ဆောင်ရွက်မှ ကျေနပ်မှုရမည်ဆိုသည့် အချက်ကိုလည်းကောင်း ထည့်သွင်းပြီးဆုံးဖြတ်ရမည်ဖြစ်ပါသည်။ နိုင်ငံတကာဥပဒေက အချို့သောရာဇဝတ်မှု အမျိုးအစားများကျူးလွန်ခဲ့ကြသော ပုဂ္ဂိုလ်များအား တရားစွဲဆိုရန် သို့မဟုတ် ကျူးလွန်ခဲ့သောနိုင်ငံသို့လွှဲပြောင်းပေးရန် တိုင်းပြည်အစိုးရအပေါ်၌ တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ တစ်ချိန်တည်းမှာပင် တိုင်းပြည်တစ်ပြည်အနေဖြင့် တိုင်းပြည်၏အစိုးရသစ်နှင့် အစိုးရဟောင်းအင်အားစုများ အင်အားချိန်ခွင်လျှာပေါ်တွင် မူတည်၍ သင့်တော်မည့်နည်းဖြင့် ကိုင်တွယ်ဖြေရှင်းရပါသည်။ တိုင်းပြည်က ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းများအနက် အတိတ်ကကျူးလွန်ခဲ့မှုများကိုဖြေရှင်းရန်လုပ်ငန်းစဉ်အား မည်သည့်ဦးစားပေးစနစ်တွင်ထားရှိမည်ကို တိုင်းပြည်တွင်ရရှိနိုင်သောငွေပင်ငွေရင်းနှင့် ရရှိသောငွေပင်ငွေရင်းကို မည်သည့်လုပ်ငန်းများအတွက် ပိုမိုဦးစားပေးသုံးစွဲရ မည်ဆိုသည့်အချက်ကလည်း ဆုံးဖြတ်ပါသေးသည်။ ကမ္ဘာပေါ်ရှိ အခြားသောနိုင်ငံများနှင့်ဆီလျော်သောလုပ်ငန်းစဉ်များသည် မြန်မာပြည်နှင့် ဆီလျော်ချင်မှဆီလျော်ပါလိမ့်မည်။ တဆက်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုပေါ်ပေါက်ပုံအသွင်သဏ္ဌာန်နှင့် အသွင်ပြောင်းလဲပြီးနောက် တိုင်းပြည်တွင် ဆက်လက်တည်ရှိနေသော အင်အားစုများ၏ ဆက်ဆံရေးတို့ကလည်း (နည်းလမ်းရွေးချယ်ရာတွင်) အရေးပါသည့် အခြေခံအကြောင်းတရားများဖြစ်ကြပါသည်။

တရားစွဲဆိုစီရင်ရေးသည် တိုင်းပြည်တွင် အတိတ်ကလူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းကုစားနိုင်သည့် တခုတည်းသောဆေးမဟုတ်ပါ။ တရားစွဲဆိုစီရင်ခြင်းဖြင့် ပြဿနာများ၊ အခက်အခဲများပေါ်ပေါက်နိုင်ပါသည်။ အမှန်တရားဖော်ထုတ်ရေးကော်မရှင်စနစ်သည် ယခုအခါ ပို၍ရေပန်းစားနေပါသည်။ ဤစနစ်သည် အထောက်အပံ့ ကောင်းစွာရရှိပြီး ကောင်းစွာစီမံခန့်ခွဲပါက နိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပါသည်။ အမှန်တရားဖော်ထုတ်ရေးကော်မရှင်သည် ဖြစ်ရပ်များနှင့်ပတ်သက်၍ ကျူးလွန်သူများနှင့် ခံစားရသူတို့အားလုံး၏ထွက်ဆိုချက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ပြီး ကွဲပြားသောထွက်ဆိုချက်အမျိုးမျိုးကိုအခြေခံကာ ထွက်ဆိုချက်တစ်ခုမက အတည်ပြုနိုင်ပါသည်။ ထို့နောက် ထိုအတည်ပြုချက်များကိုထည့်သွင်းရေးသားသောအစီရင်ခံစာသည် တရားဝင်နိုင်ငံသမိုင်း၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်လာပါတော့သည်။ ဤလုပ်ငန်းစဉ်သည် အလွန်အကျိုးရှိပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် လူ့အဖွဲ့အစည်း တစ်ရပ်လုံးက ဖြစ်ပျက်ခဲ့သည့်အကြောင်းချင်းရာအားလုံးတို့ကို သိခွင့်ရပြီး အခြေအတင်ဆွေးနွေးကာ ပြန်လည်သင့်မြတ်ရေးဆီသို့ဦးတည်မည့် ပြန်လည်ကုစားဖြေသိမ့်ရေးဖြစ်စဉ် စတင်နိုင်ပါသည်။

ဤကဲ့သို့သောဆွေးနွေးမှုများမရှိပါက အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ပွင့်အံလာမည့်နာကျည်းမှု၊ ဒေါသနှင့် အခြားခံစားချက်များအတွက် ကျေနပ်ဖွယ်ကောင်းသော ထွက်ပေါက်ရရှိလိမ့်မည်မဟုတ်ပေ။ ဤခံစားချက်များအား ဖွင့်အံထုတ်ရန်နည်းလမ်းမတွေ့ပါက ကာလအတိုင်းအတာတစ်ရပ်အထိ တင်းမာမှုတိုးပွားလာနိုင်ပြီး တချိန်တွင် ထပြီးပေါက်ကွဲကာ တိုင်းပြည်တွင် ပဋိပက္ခနှင့် ပြိုကွဲမည့်အခြေအနေတစ်ရပ် ပြန်လည် ဆိုက်ရောက်လာနိုင်ပါသည်။

အမှန်တရားဖေါ်ထုတ်ရေးကော်မရှင်သော်လည်းကောင်း၊ တရားစွဲဆိုကြားနာစီရင်ရေးလုပ်ငန်းစဉ်သော်လည်းကောင်း သီးခြားစွာဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုမရနိုင်ပါ။ ဤဗျူဟာနှစ်ရပ်လုံးကိုပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပို၍အကျိုးရှိနိုင်ပါသည်။ အမှန်တရားဖေါ်ထုတ်ရေးကော်မရှင်အား လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်နိုင်သော အာဏာအပ်နှင်းထားခြင်းအားဖြင့် ဤကော်မရှင်က လွတ်ငြိမ်းချမ်းသာခွင့်လျှောက်ရန် ရှေ့ထွက်မလာကြသူများအား တရားစွဲအရေးယူမည့်ရည်ရွယ်ချက်ကို အလွန်ရှင်းလင်းစွာ ကြေငြာထားနိုင်ပါသည်။ ဤကဲ့သို့ မက်လုံးနှင့်ခြောက်လုံး ပေါင်းစပ်အသုံးပြုသည့်နည်းက တစ်မျိုးတည်းအသုံးပြုသည့်နည်းထက် လုပ်ငန်းစဉ်တွင် လူများပို၍ပါဝင်လာစေရန်စွဲဆောင်နိုင်ပါသည်။

နိုင်ငံတော်သစ်၏ သင်္ကေတ၊ ဖွဲ့စည်းပုံနှင့် စနစ်တို့သည် လူ့အခွင့်အရေးကိုလေးစားရိုသေမှုနှင့် တရားဥပဒေစိုးမိုးရေးတို့အပေါ်အခြေခံရန် လိုအပ်ပါသည်။ ထို့ကြောင့် အတိတ်ကလူ့အခွင့်အရေးချိုးဖောက်မှုတို့အား ကိုင်တွယ်ဖြေရှင်းရန် ချမှတ်သော မူဝါဒသည် အောက်ပါအချက်များကို အာရုံစိုက်ရပါမည်။

(၁) လူ့အခွင့်အရေးချိုးဖောက်မှုခံစားကြရသူများ၊ ၎င်းတို့၏မိသားစုများနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တကယ့်ဖြစ်ရပ်မှန်အား အရှိကိုအရှိအတိုင်း စုံစမ်းဖေါ်ထုတ်အသိပေးရေးကို လူသိရှင်ကြားဆောင်ရွက်ရန်၊

(၂) အနည်းဆုံးအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခဲ့သူအချို့တို့ကို အပြစ်ဒဏ်ပေးခြင်းဖြင့် တရားမျှတမှုကို ဖေါ်ဆောင်ရန်၊

(၃) လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား သင့်တော်သလို ငွေကြေးအားဖြင့်လည်းကောင်း၊ အခြားအစီအမံအားဖြင့်လည်းကောင်း၊ လျော်ကြေးများပေးခြင်းအားဖြင့်လည်းကောင်း၊ ၎င်းတို့ တကယ်ပင် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ကြရကြောင်း မှတ်တမ်းတင်ပြီး ၎င်းတို့၏တန်ဖိုးနှင့်ဂုဏ်သိက္ခာတို့ကို အသိအမှတ်ပြုပေး ရန်၊

(၄) လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်ခဲ့ကြသူများက ပြည်သူအများနှင့်ဆိုင်သောရာထူးများအား ကိုင်စွဲခြင်း ကို တားမြစ်ပိတ်ပင်ရန်၊

(၅) လူထုကယုံကြည်ကိုးစားသော၊ တိုင်းရင်းသားပြည်သူအများစု လက်သင့်ခံနိုင်မည့်ရလဒ်များကိုဖေါ်ဆောင် နိုင်မည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်၊

အတိတ်ကဖြစ်ရပ်များအားကိုင်တွယ်ဖြေရှင်းရန် ငွေကြေးအမြောက်အများသုံးစွဲရခြင်းသည် အရေးတကြီးလိုအပ်နေသော ပြန်လည်တည်ဆောက်ရေးနှင့် ပဋိပက္ခ ဖြစ်နေပုံရသော်လည်း တည်ငြိမ်သောဒီမိုကရေစီသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ပြန်လည်တည်ဆောက်ရေးနှင့် လူ့အခွင့်အရေးအား ရိုသေလေးစားမှုကိန်းဝပ်ရေးအတွက် လိုအပ်ပါသည်။ တည်ငြိမ်သော ဒီမိုကရက်တစ် အနာဂတ်မြန်မာနိုင်ငံအတွက် အခြေခံအုတ်မြစ်ချရန် အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးသကဲ့သို့ တချိန်တည်းမှာပင် အသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်း အစိုးရသစ်၏နူးညံ့သည့်အနေအထားအား အန္တရာယ်မဖြစ်

အောင်လည်း သတိထားဆောင်ရွက်ရန်လိုပါသည်။ ။

အယ်ဒီတာ့မှတ်ချက်

မူရင်းအင်္ဂလိပ်စာမူတွင်ဖော်ပြပါရှိသော အောက်ခြေမှတ်စုများ(endnotes)ကို ဤဘာသာပြန်စာမူတွင် ချန်လှပ်ထားပါသည်။ ဆောင်းပါးရှင် ကိုးကားသော စာတမ်းများ၊ စာအုပ်များ၊ အောက်ခြေမှတ်စုများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက Legal Issues on Burma Journal, No. 7, December 2000 ကို ဖတ်ရန် အကြံပြုလိုပါသည်။

တိုင်းရင်းသားရေးရာနှင့်ဒီမိုကရေစီစနစ်

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ

ခင်မောင်ဝင်း

ယနေ့ကမ္ဘာပေါ်တွင်ရှိကြသော နိုင်ငံများ(Nation States)တွင်လူမျိုး တမျိုးတည်း နေထိုင်ကြသည်မဟုတ်ပါ။ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဘာသာရေးအရသော် လည်းကောင်း၊ ဘာသာစကားနှင့်စာပေအရလည်းကောင်း၊ နိုင်ငံရေးအယူဝါဒ ယုံကြည်မှုအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း မတူကွဲပြားခြားနားကြသူများ နိုင်ငံတခုအတွင်း စုပေါင်းနေထိုင်နေကြသည်။ ထိုကွဲပြားခြားနားသော ကျောထောက်နောက်ခံရှိသည့် လူမျိုးများစုပေါင်းနေထိုင်သော လူ့အဖွဲ့အစည်းကို ဗဟုဝုဒ်လူ့အဖွဲ့အစည်း (Plural Society) ဟုခေါ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် ဗဟုဝုဒ်လူ့အဖွဲ့စည်းရှိ နိုင်ငံတခုဖြစ်သည်။ နိုင်ငံတခုတွင် ကွဲပြားသော ကျောထောက်နောက်ခံရှိသည့် လူမျိုးများ စုပေါင်းနေထိုင်ခြင်းကြောင့် နိုင်ငံရေးပြဿနာများလည်း ပေါ်ပေါက်လာသည်။

ကွဲပြားခြားနားသောလူမျိုးများ စုပေါင်းနေထိုင်မှုကြောင့် ဖြစ်ပေါ်နေရသောပြဿနာနှင့် ယင်း၏အနိဋ္ဌာရုံများကို ယနေ့ကမ္ဘာ့နိုင်ငံများစွာတွင် မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ယူဂိုစလားဗီးယားနိုင်ငံမှအမျိုးပြုတ်လူသတ်ပွဲကြီးများ(Genocide)၊ တောင်အာဖရိကနိုင်ငံမှလူဖြူလူမဲပြဿနာ၊ အရှေ့အလယ်ပိုင်းမှ ကဒ်လူမျိုးများ၏ဒုက္ခ၊ မြန်မာနိုင်ငံမှအနှစ်ငါးဆယ်ကျော်ကြာပြည်တွင်းစစ် အစရှိသောပြဿနာများသည် နိုင်ငံတခုအတွင်းမတူကွဲပြားခြားနားသော လူမျိုးများစုပေါင်းနေထိုင်မှုကြောင့် ဖြစ်ပေါ်ရသော နောက်ဆက်တွဲ ပြဿနာများဖြစ်သည်။

ဗဟုဝုဒ်လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ ပညာရှင်အများစုလက်ခံထားသော ရေဘူယျ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တင်ပြလိုပါသည်။

> "လူမှုရေးကွဲပြားမှုများ(Segmetal Cleavages) အဖြစ် ခွဲခြမ်းနိုင်သော လူ့အဖွဲ့အစည်းကို ဗဟုဝုဒ်လူ့အဖွဲ့အစည်းဟုခေါ်သည်။ လူမှုရေးကွဲပြားမှုများသည့် ဘာသာရေး၊ နိုင်ငံရေးအတွေးအခေါ်၊ ဘာသာစကား၊ ဒေသန္တ

ရ၊ ယဉ်ကျေးမှု၊ လူမျိုးစသည်တို့ ကြောင့်ဖြစ်နိုင်သည်။ ထို့အပြင် လူမှုရေးကွဲပြားမှုများသည် နိုင်ငံရေးပါတီများ၊ အကျိုးစီးပွါးအုပ်စုများ၊ သတင်းလောကဆက်သွယ်ရေးများ၊ စာသင်ကျောင်းများ၊ အခြားသောအသင်းအဖွဲ့များကြောင့်လည်းဖြစ်နိုင်သည်။ လူမှုရေးကွဲပြားမှုရှိသောအုပ်စုများ စုပေါင်းနေထိုင်သော လူ့အဖွဲ့အစည်းသည် ဗဟုဝုဒ်လူ့အဖွဲ့အစည်း ဖြစ်လာသည်။"

လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု အစရှိသည့် လူမျိုးရေးနှင့်လူမှုရေးကိုအခြေခံသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိသကဲ့သို့ ဒေသန္တရရေမြေကွဲပြားမှု(Reginal Cleavage) ကြောင့် ဖြစ်ပေါ်ရသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းများလည်း ကမ္ဘာ့နိုင်ငံများတွင် တွေ့နိုင်သည်။ (လူမှုရေးကွဲပြားမှုရှိသောအုပ်စုများကို ကွဲပြားခြားနားသော ကြောထောက်နောက်ခံရှိသည့် အုပ်စုများဟုလည်းကောင်း၊ လူမျိုးကွဲများဟုလည်းကောင်း၊ ရံဖန်ရံခါ အုပ်စုများဟု လည်းကောင်း ဤစာတမ်းတွင် ခေါ်ဝေါ်အသုံးပြုသွားမည်။)

ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုတွင် ပြဿနာများပေါ်ပေါက်နေရခြင်းမှာ အဆန်းတော့မဟုတ်ပေ။ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး ကွာဟမှုတမျိုးမျိုး ဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင်းပေါ်ပေါက်လာလျှင် အကျိုးဆက်အနေဖြင့် ပြဿနာများပေါ်ပေါက် လာရမည်သာဖြစ်သည်။ ထိုဗဟုဝုဒ်လူ့အဖွဲ့အစည်းအတွက် ပြဿနာများတတ်နိုင်သမျှလျော့နည်းစေရန် ကွဲပြားခြားနားသော ကျောထောက်နောက်ခံရှိသည့်အုပ်စုများကို ညီညွတ်မှုတခုဖြင့် စုစည်းရန် အထူးလိုအပ်လာသည်။ ထိုသို့စုစည်းနိုင်ခြင်းကို မတူကွဲပြားခြားနားမှုများအတွင်းသဟဇာတဖြစ်မှု(Harmony in Diversity)ဟု ခေါ်သည်။

နိုင်ငံတခုအတွင်းရှိ ဗဟုဝုဒ်လူ့အဖွဲ့အစည်းအတွက် မတူကွဲပြားခြားနားမှု များ၏ သဟဇာတဖြစ်မှုကို ဖေါ်ထုတ်တည်ဆောက်နိုင်သော နည်းလမ်းများရှိသည်။ အချို့နိုင်ငံများတွင် အထူးပင်အောင်မြင်လျှက်ရှိပြီး အချို့နိုင်ငံများတွင် အသင့်အတင့်အောင်မြင်လျှက်ရှိသည်ကို တွေ့ရသည်။ အထင်ရှားဆုံးနည်းလမ်းကား ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ (Consociational Democracy)ကို ဗဟုဝုဒ်လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးခြင်းဖြစ်သည်။

နိုင်ငံရေးသိပ္ပံပညာရှင် ရောဘတ်-ဒေါလ်(Robert A. Dahl) က နိုင်ငံအသီးသီး၏ ခေတ်အပိုင်းအခြားအလိုက် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးစနစ်များအပါအဝင် နိုင်ငံပေါင်း (၁၁၄)ခု၏ နိုင်ငံရေးစနစ်များကိုလေ့လာခဲ့ရာ (၁၈)ရာ ခိုင်နှုန်းမျှသည် ထင်ရှားလေးနက်သည့် ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိနိုင်ငံများဖြစ်ပြီး၊ (၃၆)ရာခိုင်နှုန်းမျှသည် အသင့်အတင့်သော ဗဟုဝုဒ်လူ့အဖွဲ့အစည်းအသွင်သဏ္ဍာန်ကိုဆောင်ကြောင်း တွေ့ရှိခဲ့သည်။ ထိုနိုင်ငံများအနက်မှ ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိနိုင်ငံများဖြစ်သော ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယမ်နိုင်ငံ၊ နယ်သာလန်နှင့် ဆွစ်ဇာလန်နိုင်ငံများတွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးနေပြီး၊ တည်ငြိမ်သောနိုင်ငံရေးစနစ်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ အခြားသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိသည့်နိုင်ငံများတွင်မူ ထိုလေးနိုင်ငံလောက် နိုင်ငံရေးတည်ငြိမ်မှုမရှိသည်ကို တွေ့ရသည်။

အထူးသဖြင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို မတူကွဲပြားသောလူမျိုးများ စုပေါင်းနေ

ထိုင်သောဗဟုဝဒ်လူ့အဖွဲ့အစည်းတွင်ကျင့်သုံးပါက နိုင်ငံရေးတည်ငြိမ်မှုအတွက် ကောင်းစွာအထောက်အကူပြုပြီး အောင်မြင်မှုများရရှိသည်ကို လေ့လာချက်များအရ သိရှိရသည်။ သို့ရာတွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးနိုင်ရန် ကျော်ဖြတ်ရမည့်အဆင့်များကို အလွယ်တကူပင်လွှန်မြောက်နိုင်သည်ဟုကား မမှတ်ယူနိုင်ပါ။ ဒီမိုကရေစီ အနည်းအကျဉ်းမျှပင်ကျင့်သုံးခွင့်မရသေးသော လူ့အဖွဲ့အစည်းတရပ်အတွက် ဒီမိုကရေစီ အုပ်ချုပ်ရေးတရပ်အတွက် မရှိမဖြစ်လိုအပ်သော အခြေအနေများကို ရယူဖန်တီးခြင်း၊ ကျင့်သုံးခြင်းတို့ ကျော်ဖြတ်ရန်လိုအပ်သည်။

ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီသည် ပါလီမန်ဒီမိုကရေစီ(Parliamentary Democracy)၊ သမတဦးသျှောင်ဒီမိုကရေစီ(Presidential Democracy)များကဲ့သို့ပင်အစိုးရဖွဲ့စည်းရာတွင် ကျင့်သုံးသောဒီမိုကရေစီမျိုးဖြစ်သည်။ ဆိုရှယ်ဒီမိုကရေစီ (Social Democracy)၊ လစ်ဘရယ်ဒီမိုကရေစီ (Liberal Democracy)၊ ပြည်သူ့ဒီမိုကရေစီ(People's Democracy) တို့ကဲ့သို့ နိုင်ငံရေးအတွေးအခေါ်ဖြင့် ဒီမိုကရေစီကို အထူးပြုထားခြင်းမျိုး မဟုတ်ပါ။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီသည် အများစုဆန္ဒအရအုပ်ချုပ်ရေး (majority rule) ဟူသော ဒီမိုကရေစီစစ်စစ်မဟုတ်တော့ဘဲ ဗဟုဝဒ်လူ့အဖွဲ့အစည်းနှင့် ကိုက်ညီစေမည့် အစိုးရ တရပ်ဖွဲ့စည်းနိုင်ရေးကို အထောက်ကူပြုရန် ဒီမိုကရေစီကို အထူးမွမ်းမံကျင့်သုံးခြင်းဖြစ်သည်။ အများစုဆန္ဒအရ အုပ်ချုပ်ရေးဆိုသည့် ဒီမိုကရေစီ၏အရိုးရှင်းဆုံးနှင့် အခြေခံအကျဆုံး သဘောတရားများသက်သက်ဖြင့် ဗဟုဝဒ်လူ့အဖွဲ့အစည်းအတွင်း အောင်မြင်စွာကျင့်သုံးခြင်းမပြုနိုင်သဖြင့် ဗဟုဝဒ်လူ့အဖွဲ့အစည်းနှင့် ကိုက်ညီအောင် ဒီမိုကရေစီကို မွမ်းမံကျင့်သုံးခြင်းသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီဖြစ်သည်။ ထို့ကြောင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီသည် ဗဟုဝဒ်လူ့ အဖွဲ့အစည်းအတွက် သင့်တော်သောအစိုးရဖွဲ့စည်းရေးပင်ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဒီမိုကရေစီကိုသဘောတရားကို စစ်စစ်မှန်မှန်မဟုတ်ပဲ၊ အတတ်နိုင်ဆုံးနီးစပ်အောင်ကျင့်သုံးခြင်းသာဖြစ်၍ ထိုအခြေအနေကို ရောဘတ်–ဒေါလ် က Polyarchy သို့မဟုတ် မတူကွဲပြားသူများစုပေါင်း၍အုပ်ချုပ်ခြင်း ဟုခေါ်ဆိုသည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီသည် လူမှုရေးကွဲပြားမှုများအကြား နိုင်ငံရေးယှဉ်ပြိုင်မှုထက် ပူးပေါင်းဆောင်ရွက်ခြင်းကို အဓိကထား၍ အစိုးရဖွဲ့စည်းရေးဖြစ်ပြီး ထိုအစိုးရအဖွဲ့တွင် အုပ်စုအားလုံးကို ကိုယ်စားပြုသောခေါင်းဆောင်များ ပါဝင်ရေးဖြစ်သည်။ ထိုသို့သောအစိုးရမျိုးဖွဲ့စည်းနိုင်ရန် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီတွင် အောက်ပါဂုဏ်အင်္ဂါရပ် (၄)ရပ်ပါဝင်ရန်လိုသည်။

(၁) ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး (Grand Coalition Cabinet)
(၂) အုပ်စုများ၏ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှု (High Degree of Segmental Autonomy)

(၃) အတုံ့အလှည့် ဗီတိုအာဏာ(ဝါ) အပြန်အလှန်ကျင့်သုံးနိုင်သောဗွီတိုအာဏာ (Multual Veto)
(၄) အချိုးကျကိုယ်စားပြုမှု (Proportional Representation)

ထိုဂုဏ်အင်္ဂါ သို့မဟုတ် မူလေးရပ်အရ အစိုးရတရပ်ဖွဲ့စည်းခြင်းသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးခြင်းပင်ဖြစ်သည်။ အဆိုပါမူ(၄)ရပ်အနက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးနှင့် အုပ်စုများ၏ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှုသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ၏ အဓိကမူများဖြစ်ပြီး၊ အခြားမူနှစ်ရပ်မှာ ခိုင်မာအောင် အားဖြည့်ရခြင်းဖြစ်သည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ၏ အဓိကအကျဆုံးမူဖြစ်သည်။ အုပ်စုများ၏ကိုယ်စားလှယ်များ(ခေါင်းဆောင်များ)သည် ညွန့်ပေါင်းအစိုးရတခုဖွဲ့စည်းပြီး သက်ဆိုင်ရာအုပ်စုများ၏ အကျိုးစီးပွါးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ညွန့်ပေါင်းအစိုးရဟု ဆိုရာဝယ် အစိုးရဝန်ကြီးအဖွဲ့တခုတည်းကိုသာ ရည်ညွန်းခြင်းမဟုတ်ဘဲ ဝန်ကြီးအဖွဲ့ကို ဝန်းရံပေးရသည့် ကောင်စီ၊ ကော်မတီများ၊ အကြံပေးအဖွဲ့များ စသည်တို့လည်း ပါဝင်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီစနစ်အရ ညွန့်ပေါင်းအစိုးရသည် အုပ်စုများအားလုံး၏ဆန္ဒကို ထိုက်သင့်သောအတိုင်းအတာအထိ ကိုယ်စားပြုဖော်ပြခွင့်ကို လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ ၎င်းနှင့်နှိုင်းယှဉ်လေ့လာသင့်သော အစိုးရပုံစံမှာ အမတ်နေရာအများစု အနိုင်ရသောပါတီတခုတည်းက အစိုးရဖွဲ့စည်းရေးဟူသော ဗြိတိသျှအစိုးရပုံသဏ္ဍာန်ဖြစ်သည်။

ဗြိတိသျှအစိုးရပုံသဏ္ဍာန်သည် ပါလီမာန်ဒီမိုကရေစီဖြစ်ပြီး ကမ္ဘာ့နိုင်ငံ တော်တော်များများတွင်လည်း ကျင့်သုံးလျှက်ရှိသည်။ ထိုအစိုးရမျိုးကို ပါလီမန်ဒီမိုကရေစီ စနစ်ကျင့်သုံးသော နိုင်ငံများတွင်တွေ့နိုင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ ၁၉၆၂ ခုနှစ် ဦးနေဝင်းအာဏာသိမ်းချိန်အထိ ကျင့်သုံးသောအစိုးရစနစ်မှာ ပါလီမန်ဒီမိုကရေစီအစိုးရစနစ်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီအစိုးရစနစ်တွင် နိုင်ငံရေးပါတီတခုကို အနိုင်ရအဖြစ်သတ်မှတ်ခြင်းမှာ လွှတ်တော်ရှိစုစုပေါင်းအမတ်နေရာ၏ ထက်ဝက်ကျော်ဖြစ်သည်။ အနိုင်ရပါတီက အစစအရာရာ အစိုးရဖွဲ့စည်းကာ စီမံခန့်ခွဲအုပ်ချုပ်ရေးလုပ်သွားသဖြင့် ရှုံးနိမ့်သူဟုဆိုရမည်ဖြစ်သော လွှတ်တော်ထဲ၌ အမတ်နေရာ (၅၀)ရာခိုင်နှုန်းအောက်သာ ရရှိသောပါတီ/ပါတီများမှာ ပါဝင်ပတ်သက်ခွင့်မရတော့ပေ။ ထိုအခြေအနေမျိုးသည် ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခု ဥပမာ–လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်လျှင် အရေအတွက်နည်းသောလူနည်းစုသည် အမြဲလိုလိုရှုံးနိမ့်သူဖြစ်နေပြီး ပြဿနာဖြစ်လာနိုင်သည်။ ထို့ကြောင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီအစိုးရ ပုံသဏ္ဍာန်တွင် လူဦးရေနည်းသော အုပ်စုဖြစ်စေကာမူ ၎င်း၏ခေါင်းဆောင်များကို အစိုးရဖွဲ့စည်းရေးတွင်ပါဝင်စေခြင်းဖြင့် ပါလီမန်ဒီမိုကရေစီ အစိုးရပုံစံတွင် ပေါ်ပေါက်နိုင်သော ပြဿနာမျိုးကို ရှောင်ရှားနိုင်သည်။

အခြားတဘက်တွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ၏ ညွန့်ပေါင်းအစိုးရဖွဲ့ရေးမှုသည် ပါလီမန်ဒီမိုကရေစီ အစိုးရစနစ်တွက် ကျင့်သုံးသော အများစု၏ထောက်ခံမှုဖြင့် အစိုးရတရပ်တည်နေခြင်းမျိုးမဟုတ်တော့ဘဲ ထောက်ခံသည်ဖြစ်စေ မထောက်ခံသည်ဖြစ်စေ၊ အစိုးရတရပ်ကို ဖွဲ့စည်းထားရသည်။ ထို့ကြောင့် ဒီမိုကရေစီ၏အခြေခံမှုဖြစ်သော အများစုဆန္ဒအရ အုပ်ချုပ်ခြင်းဟူသောမှုကို ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ ချိုးဖေါက်သည်ဟု ဆိုရပေမည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးဆိုသည်မှာ စင်စစ် အုပ်ချုပ်ရေးအာဏာကို အုပ်စုများအကြား ခွဲဝေယူရေးပင်ဖြစ်သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် အုပ်စုများ၏ ခေါင်းဆောင်များကို ပါဝင်ဖွဲ့စည်းပေးကြသည်။ ဤနည်းဖြင့် ဖွဲ့စည်းထားသော အစိုးရသည် တည်ငြိမ်စွာဖြင့် အုပ်ချုပ်ရေးအာဏာများကျင့်သုံးနိုင်စေရန် ထိုအစိုးရ၏ တည်ငြိမ်မှုကို အကာအကွယ်ပေးထားရသည်။ ပါလီမန်ဒီမိုကရေစီ စစ်စစ်နိုင်ငံဖြစ်ပါက ထိုညွန့်ပေါင်းအစိုးရမျိုး ပြိုကွဲသွားတတ်သည်။ ထို့ကြောင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီတွင် ညွန့်ပေါင်းအစိုးရကို အကာအကွယ်ပေးရေးမှာ မဖြစ်မနေလုပ်ရမည့် လိုအပ်ချက်ဖြစ်သည်။ ညွန့်ပေါင်းအစိုးရကို အကာအကွယ်ပေးခြင်းသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကာကွယ်ပေးခြင်းလည်းဖြစ်သည်။ သမတဦးဆောင်ဒီမိုကရေစီစနစ်တွင် ညွန့်ပေါင်းအစိုးရဟူ၍မရှိတတ်သော်လည်း အကယ်၍သာ ဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင် သမတဦးဆောင်ဒီမိုကရေစီစနစ်ကိုကျင့်သုံးပါက ညွန့်ပေါင်းအစိုးရ အနှစ်သာရရှိသော အစိုးရအဖွဲ့ကို ပြဿနာကင်းရှင်းစွာဖြင့် ဖွဲ့စည်းနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သမတ ကခန့်အပ်ရသောဝန်ကြီးများနှင့် အစိုးရဌာနကြီးများ၏ အရာရှိများကို ညွန့်ပေါင်းပုံသဏ္ဍာန်ဖြစ်အောင် အလွယ်တကူပုံဖေါ်နိုင်၍ဖြစ်သည်။ ဤနည်းဖြင့် ဖွဲ့စည်းလိုက်သော ညွန့်ပေါင်းအစိုးရသည် ပါလီမန်ဒီမိုကရေစီစနစ်ရှိ ညွန့်ပေါင်းအစိုးရများထက် ပို၍တည်တည်ငြိမ်ငြိမ်ဖြင့် အုပ်ချုပ်နိုင်သည်။ အကြောင်းမှာ ပါလီမန်ဒီမိုကရေစီစနစ်တွင်ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များ အားလုံးထံတွင် အာဏာများဖြန့်ကျဲနေမှုမျိုးကဲ့သို့ သမတ ဦးဆောင်ဒီမိုကရေစီစနစ်တွင်မရှိချေ။ အာဏာအားလုံးသည် သမတ ထံတွင်သာစုပုံနေပြီး ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် သမတကိုယ်စားသာ အုပ်ချုပ်ရေးလုပ်ရခြင်းကြောင့်ဖြစ်သည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးဟု ဆိုရာတွင်လည်း အစိုးရအဖွဲ့ကို မဖြစ်မနေ ညွန့်ပေါင်းပုံစံဖြင့်ဖွဲ့စည်းရမည်ဟု မဆိုလိုကြောင်း သုတေသီများက အကြံပြုထားကြသည်။ အစိုးရပေါ်လစီကို လွှမ်းမိုးနိုင်သောအစိုးရဌာနကြီးများ၏အရာရှိအဖွဲ့များ၊ ကော်မတီများတွင်လည်း ညွန့်ပေါင်းပုံသဏ္ဍာန်ရအောင် ဖွဲ့စည်းကာ သွယ်ဝိုက်သောနည်းဖြင့် ညွန်းပေါင်းအစိုးရဖွဲ့စည်းခြင်းမျိုး လုပ်ဆောင်နိုင်ကြောင်း နယ်သာလန်နှင့် ဩစတြီးယားနိုင်ငံများတွင် တွေ့ရသည်။ ထိုနိုင်ငံများတွင် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရဖွဲ့စည်းထားသော အစိုးရပေါ်လစီချမှတ်ရေးကို လွှမ်းမိုးနိုင်သည့်ကော်မတီများ ရှိသည်။ ထိုကော်မတီများတွင်သာ အုပ်စုများ၏ခေါင်းဆောင်များ အညီအမျှပါဝင်ဖွဲ့စည်းနေပြီး အနှစ်သာရအားဖြင့် ညွန့်ပေါင်းအစိုးရပုံစံဖြစ်အောင် လုပ်ယူထားကြသည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ၏ အရေးကြီးဆုံးသောမှုဖြစ်သည့် ညွန့်ပေါင်းအစိုးရဖွဲ့ရေးမှုကို အခြားသောမှုသုံးရပ်ဖြစ်သည့် အုပ်စုများ၏ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှု အ

တံ့အလှည့်ဗီတိုအာဏာနှင့် အချိုးကျကိုယ်စားပြုမှု ဟူသောမူများဖြင့် ဝန်းရံပေးထားရသည်။ သို့မှသာ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းရေးမူကို အကောင်အထည်ဖော် နိုင်မည်ဖြစ်သည်။ ထိုမူလေးရပ်စလုံးသည် နီးနီးကပ်ကပ် ဆက်စပ်ပတ်သက်၍ တည်ရှိနေကြသည်။

အုပ်စုများကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှု

လူနည်းစုဖြစ်သော အုပ်စုအသီးသီးသည် ၎င်းတို့နှင့်သာ သီးသန့်သက်ဆိုင်သော အရာကိစ္စများတွင် ၎င်းတို့၌အုပ်ချုပ်ခွင့် အပြည့်အဝရှိရေး ရှိရန်လိုသည်။ လူနည်းစု အုပ်စုများနှင့်သာ သီးသန့်သက်ဆိုင်သော အကြောင်းအရာများကို ချန်လှပ်၍ ဗဟုဝုဒ်လူ့အဖွဲ့အစည်းကြီးတခုလုံးနှင့်ခြုံငုံ၍ သက်ဆိုင်သောအရာကိစ္စများကို ဆုံးဖြတ်ရန်အတွက်သာ ညွန့်ပေါင်းအစိုးရကိုဖွဲ့စည်းခြင်းဖြစ်သည်။ ထိုမှအပ ကျန်ကိစ္စများအားလုံးကို သက်ဆိုင်ရာအုပ်စုများအလိုက် မိမိတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာအရ အုပ်ချုပ်ရန်ဖြစ်သည်။

အုပ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အကောင်းဆုံးဖေါ်ထုတ်ပေးနိုင်သည့် နိုင်ငံရေးစုဖွဲ့မှုပုံသဏ္ဍာန်တရပ်မှာ နိုင်ငံတော်ကို ဖယ်ဒရယ်ပြည်ထောင်စုပုံသဏ္ဍာန်ဖြင့် စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးရေးကို ကောင်းစွာအထောက်အကူပြုသည်။ သို့ရာတွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုကို မဖြစ်မနေတည်ဆောက်ရသည်ဟူ၍ကားမဆိုလိုပါ။ ဖက်ဒရယ်ပြည်ထောင်စုစနစ်မရှိပဲနှင့် ကွန်ဆိုဆီးရေးရှင်းဒီမိုကရေစီကို အောင်အောင်မြင်မြင်ကျင့်သုံးနေသော နိုင်ငံများရှိသည်။ နယ်သာလန်နိုင်ငံမှာ ထိုသို့သော ဖက်ဒရယ်စနစ်မရှိပဲ ကွန်ဆိုဆီရေးရှင်းဒီမိုကရေစီကို အောင်အောင်မြင်မြင် ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် နိုင်ငံတော်အာဏာကို အောက်ခြေအထိ ဖြန့်ကျဲခွဲဝေထားသောစနစ်ဖြစ်၍ ဒီမိုကရေစီအခြေခံမူနှင့်ကိုက်ညီရာ၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဗဟုဝုဒ်လူ့အဖွဲ့အစည်းမဟုတ်သော နိုင်ငံများတွင်လည်း ကျင့်သုံးနေကြသည်။ ပြည်ထောင်စုသမတဂျာမနီမှာ ထိုအမျိုးအစားနိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိသောနိုင်ငံဖြစ်ပြီး ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကိုကျင့်သုံးနေသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံလည်းဖြစ်သည်။

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခုတွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေမှုရှိပြီး ပြည်နယ်များသည် ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာကို လွတ်လပ်စွာကျင့်သုံးပိုင်ခွင့်ရှိခြင်းသည် အုပ်စုများ၏ကိုယ်ပိုင်အုပ်ချုပ်ရေးပင်ဖြစ်သည်။ အထက်၌တင်ပြခဲ့သကဲ့သို့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများအားလုံးသည်ကား ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးသည်မဟုတ်ပါ။ သို့သော် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ ကျင့်သုံးသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိ နိုင်ငံများအားလုံးလိုလိုကား အားကောင်းသောကွန်ဆိုစီရေး

ရှင်းဒီမိုကရေစီ ကျင့်သုံးမှုဖြစ်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုလည်း တွဲဖက်ကျင့်သုံးသည်ကိုတွေ့ရသည်။

အချို့သောပညာရှင်များက အုပ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာမြင့်မားရေးဆိုသည်မှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်သည်ဟုလည်း ဖေါ်ပြကြသည်။ အကြောင်းမှာ အုပ်စုများအဖြစ်မြင်သာနိုင်သော ပြည်ထောင်စုအဖွဲ့ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်မှုမြင့်မြင့်မားမားမှုကို ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင်သာ တွေ့ရတတ်ပြီး တပြည်ထောင်စနစ်နိုင်ငံများ(Unitary States)တွင် မတွေ့ရပေ။ တပြည်ထောင်စနစ်နိုင်ငံအများစုသည် အာဏာကို ဗဟိုမှထိမ်းချုပ်လေ့ရှိရာ အုပ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှုကို အထောက်အကူမပြုပေ။ ထို့ကြောင့် တပြည်ထောင်စနစ်နိုင်ငံများတွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးရန်အခက်အခဲရှိနိုင်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးသော နိုင်ငံအများစုသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ ဖြစ်ကြသည်ကိုတွေ့ရသည်။ သို့သော် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအားလုံးသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးသောနိုင်ငံများဖြစ်သည်ဟုကား မမှတ်ယူနိုင်ပါ။

လူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး မြင့်မားရေးနှင့်ပတ်သက်၍ စိုးရိမ်ရသော အခြေအနေတရပ်မှာ ထိုအုပ်စုများ တိုင်းပြည်မှခွဲထွက်ရေးသို့ ဦးတည်သွားမည်လောဆိုသည့်အချက်ဖြစ်သည်။ လူမျိုးအုပ်စုများကို နယ်မြေများကန့်သတ်ပေး၍ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ပေးပြီး ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကိုကျင့်သုံးနေသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုတွင် လူမျိုးအုပ်စုများသည် လက်ရှိရရှိပြီးသား ကိုယ်ပိုင်အုပ်ချုပ်ရေးထက် ပို၍သာလွန်သောကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုရင်းဖြင့် မိခင်နိုင်ငံမှခွဲထွက်သွားသော သာဓကများရှိခဲ့သည်။ ခွဲထွက်ခွင့်ပါသွားလျှင် လူမျိုးအုပ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး(Autonomy)သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) အဖြစ်သို့ ကူးပြောင်းသွားလေတော့သည်။ (၁၉)ရာ စုနှောင်းပိုင်းကာလများကတည်းကစ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော ဝေါဟာရကို ဥပဒေကြောင်းအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ၊ လူ့အခွင့်အရေးရှုတောင့်ကဖြစ်စေ ပြောဆိုသုံးနှုံးနေကြသော်လည်း ထိုဝေါဟာရအတွက် တိကျသောအဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် စံချိန်စံညွှန်းမရှိသေးပေ။ (၂၀)ရာစုနှစ်အတွင်းသို့ ရောက်သောအခါ ကိုလိုနီအင်ပါယာကြီးများကို ဖြိုခွင်းရာတွင် အသုံးပြုသောလက်နက်အဖြစ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရှုမြင်လာကြသည်။

အော်စတြို–ဟန်ဂေရီ အင်ပါယာတည်ရှိစဉ်က အင်ပါယာအတွင်းကျရောက်သောလူမျိုးကွဲအသီးသီးကို ကိုယ်ပိုင်အုပ်ချုပ်မှု အတိုင်းအတာတခုထိ ခွင့်ပြုခဲ့သည်။ နောင်အခါ ထိုကိုယ်ပိုင်အုပ်ချုပ်ရေးသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဖြစ်သို့ပြောင်းလဲသွားပြီး အင်ပါယာကိုပြိုကွဲစေသည်အထိဖြစ်ခဲ့သည်။ တရားဝင်အသိအမှတ် ပြုထားသောလူမျိုးပေါင်း (၁၀၀)ကျော် စုပေါင်းနေထိုင်သည့် ဆိုဗီယက်ပြည်ထောင်စု ဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင် လူမျိုးကွဲများ ၏ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော ဗဟုဝုဒ်လူ့အဖွဲ့အစည်းဖြစ်ပြီး၊ တိုင်းရင်းသားလူမျိုးများ ကျင့်သုံးနိုင်သော အာဏာ (ဝါ)အခွင့်အရေးကို တချို့က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ဟု သတ်မှတ်လိုကြသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏အမြင့်ဆုံး အခွင့်အရေးတရပ်မှာ ခွဲထွက်ခွင့်ဖြစ်ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြသည်။ လူမျိုးကွဲများ၏ကိုယ်ပိုင်အုပ်ချုပ်ရေးမြင့်မားမှုသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ရောထွေးမှုဖြစ်လာပြီး လူမျိုးကွဲများကို ကိုယ်စားပြုသောနယ်မြေများ မိခင်နိုင်ငံမှ ခွဲထွက်သွားတတ်ကြရာ အချို့က လူမျိုးကွဲများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မြင့်မားမှုရရှိရေးဆိုသည်ကို ဝေဖန်ကြသည်။

အတုံ့အလှည့်ဗီတိုအာဏာ

အတုံ့အလှည့်ဗီတိုအာဏာသည် ညွန့်ပေါင်းအစိုးရအတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူနည်းစုအုပ်စုများ ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် အကာအကွယ်ပေးထားသော မူဖြစ်သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် လူနည်းစုများ နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်ခွင့်ရရေးကို အကာအကွယ်ပြုနိုင်သည်။ သို့ရာတွင် အပြည့်အဝ အကာအကွယ်မျိုး ရနိုင်မည်မဟုတ်ပေ။ ညွန့်ပေါင်းအစိုးရထဲတွင် လူနည်းစုအုပ်စုများမှ ကိုယ်စားလှယ်များ ၎င်းတို့ဆန္ဒသဘောထားများကို တင်ပြခွင့်ရသော်လည်း နောက်ဆုံး၌ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများစုဆန္ဒအရသာ ဆုံးဖြတ်ကြရလေသည်။ ထိုအခါမျိုးတွင် ဆုံးဖြတ်ချက်ထဲ၌ မပါဝင်သော လူနည်းစုအုပ်စုများ၏ဆန္ဒမှာ ရှိနေဦးမည်သာဖြစ်သည်။ အကျိုးဆက်အနေဖြင့် အုပ်စုများအကြား ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ဆုံးဖြတ်ချက်မျိုးဖြစ်လာနိုင်သည်။ ထိုအခြေအနေမျိုးတွင် လွယ်လွယ်ကူကူနှင့် ဆုံးဖြတ်ချက်ချခြင်းမပြုနိုင်ရန် လူနည်းစု အုပ်စုများ ဗီတိုအာဏာကျင့်သုံးခွင့်ရှိရန် လိုအပ်သည်။

အတုံ့အလှဲ့ဗွီတိုအာဏာဆိုသည်မှာ ညွှန်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်နေသော အုပ်စုများအားလုံး အကြီးအငယ်မခွဲခြားပဲ မိမိတို့သဘောမတူသော ဆုံးဖြတ်ချက်များ မချမှတ်အောင် သဘောမတူပါက ဆုံးဖြတ်ချက်ကို ပယ်ချနိုင်သော အုပ်စုအားလုံးတန်းတူကျင့်သုံးနိုင်သည့် အာဏာ (ဝါ)ဗီတိုအာဏာဖြစ်သည်။ အုပ်စုများအကြား အဆင်ပြေချောမွေ့စွာ ပူးပေါင်းဆောင်ရွက်မှုပြုနိုင်သည့် ဆုံးဖြတ်ချက်ချမှတ်နိုင်စေရေး (ဝါ)အားလုံးသဘောတူသောဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက်၊ ဆုံးဖြတ်ချက်မချမှတ်မီ အပြန်ပြန်အလှန်လှန် သုံးသပ်ဆွေးနွေးမှုပြုကြစေရန်ရည်ရွယ်၍ တီထွင်ထားသောမူဖြစ်သည်။ အတုံ့အလှည့်ဗီတိုအာဏာကို အချို့နိုင်ငံရေးသိအိုရီပညာရှင်များက ထပ်တူကျအများစုစနစ်(Concurrent majority) ဟုခေါ်သည်။ အဘယ့်ကြောင့်ဆိုသော် အတုံ့အလှဲ့ဗွီတိုအာဏာသည် အများစုကသဘောတူယုံမျှဖြင့် ဆုံးဖြတ်ချက်မချမှတ်နိုင်သေးပဲ အနည်းစုများထံကပါ သဘောတူညီမှုရှိအောင်၊ တနည်းအားဖြင့် အနည်းစု–အများစု အားလုံး တထပ်တည်းသဘောတူညီမှုရရှိအောင် စီမံထားသော ဆုံးဖြတ်ချက် ချမှတ်မှုနည်းစနစ်တမျိုးဖြစ်သည်။ ဆုံးဖြတ်ချက်ဖြစ်လာနိုင်သောအများစုဆိုသည်မှာ အများစုဆန္ဒရောအနည်းစုဆန္ဒပါ ထပ်တူဖြစ်သည့်အခါမှ ရနိုင်သဖြင့် ထပ်တူကျအများစုစနစ်ဟုခေါ်ခြင်းဖြစ်သည်။

ညွှန့်ပေါင်းအစိုးရတွင် အုပ်စုများမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင်နေကြသည်။ အုပ်စု တခုသည် ထိုလူ့အဖွဲ့အစည်း၏ လူများစုဖြစ်နိုင်သကဲ့သို့ လူအနည်းစုလည်းဖြစ်

နိုင်သည်။ ညွန့်ပေါင်းအစိုးရတွင် ကိုယ်စားပြုပါဝင်မှုသည်လည်း လူနည်းစု၊ လူများစု အမျိုးမျိုးဖြစ်နေနိုင်သည်။ ထိုအခြေအနေမျိုးတွင် လူနည်းစုကဏ္ဍခွဲများကို ကာကွယ်ပေးရန်အတွက်လည်းကောင်း၊ အဓိပ္ပါယ်ရှိသော ညွန့်ပေါင်းအစိုးရဖော် ဆောင်ရန်အတွက်လည်းကောင်း အတုံ့အလှည့် ဗီတိုအာဏာကို ကျင့်သုံးခြင်းဖြစ်သည်။

အတုံ့အလှည့်ဗီတိုအာဏာကိုကျင့်သုံးရာတွင် ဒီမိုကရေစီကိုထိခိုက်စေနိုင်သော အန္တရာယ်များရှိသည်။ အဘယ်ကြောင့်ဆိုသော် အတုံ့အလှည့် ဗီတိုအာဏာကိုကျင့်သုံးနေသော လူနည်းစုအုပ်စုတခုသည် လူနည်းစုအာဏာရှင် (Minority tyranny)အဖြစ်သို့ ဦးတည်သွားနိုင်သည်။

သို့သော်လည်း လူနည်းစုအာဏာရှင် ဖြစ်နိုင်သည့်အလားအလာကို အလေးအနက်မထားနိုင်ဘဲ အတုံ့အလှည့်ဗီတိုအာဏာ ကျင့်သုံးရခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်အချို့ရှိသည်။ ပထမအကြောင်းပြချက်မှာ အတုံ့အလှည့်ဗီတိုအာဏာသည် လူနည်းစုအုပ်စု အုပ်စုတခုတည်းက ပိုင်ဆိုင်သောအရာမဟုတ်ဘဲ အားလုံးက ပိုင်ဆိုင်သောအရာဖြစ်သည်။ ထပ်တူကျအများစုစနစ်သည် ထိုအာဏာကို ကြိမ်ဖန်များစွာကျင့်သုံးနေမည်မဟုတ်ပေ။ အကြောင်းမူ ကြိမ်ဖန်များစွာကျင့်သုံးခြင်းကြောင့် ကျင့်သုံးသောအုပ်စုများ၏အကျိုးစီးပွါးကို ထိခိုက်စေမှုများ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်ပေါ်လာနိုင်သည်။ ဒုတိယအကြောင်းပြချက်မှာ အတုံ့အလှည့် ဗီတိုအာဏာကို အဖန်ဖန်ကျင့်သုံးနေလျှင် နိုင်ငံရေးပိတ်ဆို့မှု(Political deadlock) ဖြစ်ရခြင်း၏အကျိုးဆက်ကို အားလုံးခံစားကြရမည်ဖြစ်၍ ထိုအန္တရာယ်ကို ရှောင်ရှားလိုကြမည်သာ။

အတုံ့အလှည့်ဗီတိုအာဏာ ကျင့်သုံးခြင်းကို အခြေခံဥပဒေအရ ပြဌာန်းခြင်းမဟုတ်ပဲ၊ နားလည်မှုဖြင့် ကျင့်သုံးသော အလေ့အထများကို နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် တွေ့ရသည်။

အချိုးကျ ကိုယ်စားပြုမှု

အချိုးကျကိုယ်စားပြုမှုသည် အတုံ့အလှည့်ဗီတိုအာဏာကဲ့သို့ပင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးမှုနှင့် ဆက်စပ်လျှက်ရှိသည်။ အချိုးကျ ကိုယ်စားပြုစနစ်သည် ရွေးချယ်တင်မြှောက်ပုံစနစ်(Electoral system)တမျိုးဖြစ်ပြီး ပါလီမန် လွှတ်တော် ရွေးကောက်ပွဲများတွင် ကျင့်သုံးသည်။ အချိုးကျကိုယ်စားပြုမှုအောက်တွင် နိုင်ငံရေးအရ အရာကိစ္စနှစ်ခုကို ဆောင်ရွက်နိုင်သည်။ ပထမအချက်မှာ အစိုးရထိပ်တန်းအရာရှိများကို အုပ်စုများမှ အချိုးအစားသင့်တော်စွာ ခန့်အပ်နိုင်သည်။ ဒုတိယအချက်မှာ အုပ်စုများ၏အင်အားအလိုက် ပါလီမန်တွင် အချိုးကျ ကိုယ်စားပြုပါဝင်ခွင့်ရစေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် အချိုးကျကိုယ်စားပြုမှုနှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးမှုတို့ကို ဆက်စပ်ခြင်းလည်းဖြစ်သည်။ ဤနည်းဖြင့် အုပ်စုများအားလုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခွင့်ရှိထားသဖြင့် ထွက်ပေါ်လာသောဆုံးဖြတ်ချက်သည် အုပ်စုများအားလုံးအပေါ် လွှမ်းခြုံနေပေလိမ့်မည်။ အချို့နိုင်ငံများတွင် အချိုးကျကိုယ်စားပြုစနစ်ကို ပေါ်လစီရေးရာဆုံးဖြတ်ချက်ချမှတ်သော ဌာနအကြီးအကဲများ ခန့်အပ်ရေးတွင်လည်း ကျင့်သုံးကြသည်။ အချို့

သောဆုံးဖြတ်ချက်များသည် အမှားအမှန် သို့မဟုတ် ထောက်ခံကန့်ကွက်ပြောရ သောဆုံးဖြတ်ချက်မျိုးဖြစ်သည်။ ထိုအခါ မလွှဲမရှောင်သာဘဲ အများစု၏ဆုံးဖြတ်ချက်ကို အနည်းစုကလိုက်နာရသော အခြေအနေမျိုးဆိုက်ရောက်လာရသည်။ အနိုင်ရသူ ရှုံးနိမ့်သူဟူ၍ အုပ်စုနှစ်ခုပေါ်ပေါက် လာပေလိမ့်မည်။ ဤအခြေအနေမျိုးတွင် အချိုးကျကိုယ်စားပြုမှုသည်လည်းကောင်း၊ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းထား ခြင်းသည်လည်းကောင်း၊ အတုံ့အလှည့်ဗီတိုအာဏာသည်လည်းကောင်း ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို အပြည့်အဝအထောက်အကူပြုနိုင်မည်မဟုတ်တော့ပေ။ သမရိုးကျ ဒီမိုကရေစီအခြေခံကျင့်စဉ်ဖြစ်သော အနည်းစုဆန္ဒကို အများစုလေးစားခြင်းသာပြုပြီး၊ အများစုဆန္ဒကို အနည်းစုကလိုက်နာခြင်းမူအရသာ ဗဟုဝုဒ်လူ့အဖွဲ့အစည်းကို အုပ်ချုပ်ရသော အခြေအနေများလည်း မကြာခဏကြုံရတတ်သည်။

ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီ ကျင့်သုံးရန် သင့်တော်သော အခြေအနေ

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီသည် ဗဟုဝုဒ်လူ့အဖွဲ့ အစည်းတခုအတွင်း ကြီးကြီးမားမား အကွဲအပြဲမဖြစ်စေရန်အတွက် ကဏ္ဍခွဲများအကြား ပူးပေါင်းဆောင်ရွက်မှုပုံ သဏ္ဍာန်တရပ်ဖြစ်သည်။ ဤနည်းဖြင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးနိုင်ရန်အတွက် အုပ်စုကွဲများ၏နိုင်ငံရေးခေါင်းဆောင်လုပ်သူများတွင် ယုံကြည်မှုနှစ်ရပ်ရှိရန်လိုအပ်သည်။ ၎င်းတို့မှာ တိုင်းပြည်၏စည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီကျင့်စဉ်အတွင်း ငြိမ်းချမ်းစွာ အဖြေရှာလိုမှု တို့ဖြစ်သည်။ လူမျိုးကွဲများ၏နိုင်ငံရေးခေါင်းဆောင်များအတွက် အရေးကြီးလိုအပ်ချက်တရပ်မှာ ထိုခေါင်းဆောင်များတွင် ၎င်းတို့ခေါင်းဆောင်မှုပေးရသော လူ့အဖွဲ့အစည်း၏ထောက်ခံမှု ရရှိနေရေးဖြစ်သည်။ တပြိုင်နက်တည်းတွင် လူမျိုးကွဲများ၏ခေါင်းဆောင်များသည် မိမိတို့လူ့အဖွဲ့အစည်း၏အဖွဲ့ဝင်များထက် အမြော်အမြင်ကြီးမှုနှင့် သဘောထား ရိုးသားပွင့်လင်းမှုရှိရန်လိုအပ်သည်။ သို့မှသာ မိမိတို့ဦးဆောင်ရသော အဖွဲ့အစည်းကို ဦးဆောင်မှုပေးနိုင်မည်ဖြစ်ပြီး ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို အောင်မြင်စွာကျင့်သုံးနိုင်မည်ဖြစ်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးရန် သင့်တော်သောအခြေအနေများအဖြစ် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

(က) အာဏာအပြန်အလှန်ထိန်းညှိရန်လိုအပ်ချက်
(The Balance of Power)

ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုတွင် ပါဝင်နေကြသော လူမျိုးကွဲများတွင် အုပ်စုတခုခုက ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုလုံးအတွက် အုပ်ချုပ်မည့်အာဏာများကို ထိန်းချုပ်ထားခြင်း၊ လက်ဝါးကြီးအုပ်ခြင်း မပြုနိုင်ရန်အတွက် ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီကို ကျင့်သုံးလာကြသည်။ လူမျိုးကွဲများအချင်းချင်းအကြားတွင် အာဏာထိန်းညှိပေးရန် လိုအပ်လာပါသည်။ အာဏာထိန်းညှိခြင်းဟုဆိုရာတွင်လည်း အခြေခံအားဖြင့် နှစ်မျိုးရှိသည်။ ဗဟုဝုဒ်လူ့အဖွဲ့ အစည်းအတွင်းရှိ အုပ်စုများအားလုံး ညီတူညီ

မှုထိန်းချုပ်ရသော လူမျိုးစုံထိန်းညှိမှု(Multiple balance) နှင့် အင်အားကြီးသူ အုပ်စုကတဖက်နှင့် အခြားအုပ်စုများကတဖက်အကြားတည်ရှိသော အုပ်စုနှစ်ခု အသွင်ထိန်းညှိမှု (Dual balance) ဟူ၍ ရှိသည်။ ဆွစ်ဇာလန်နိုင်ငံရှိ လူမျိုးအုပ်စု များမှာ အင်အားအရ မတိမ်းမယိမ်းရှိနေကြရာ ထိုအုပ်စုများအကြားတွင်ရှိသော အာဏာထိမ်းညှိမှုမှာ လူမျိုးစုံထိမ်းညှိမှုမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗမာများက လူများစုဖြစ်ပြီး ကျန်တိုင်းရင်းသားအားလုံးက ဗမာလူမျိုးတမျိုးတည်းကို အာဏာ ထိမ်းညှိရသော အခြေအနေဖြစ်ရာ အုပ်စုနှစ်ခုအသွင် အာဏာထိမ်းညှိမှုမျိုးဖြစ် သည်။ ယူဂိုစလားဗီးယားပြည်ထောင်စုဟောင်းသည် လူမျိုးပေါင်းစုံပါဝင်သော ဗဟု ဝုဒ်လူ့အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်အာဏာကိုမူ ဆာ့ဗ်(Serb) လူမျိုးများကသာ ထိန်းချုပ်ထားသဖြင့် ယူဂိုစလားဗီးယားဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင် အာဏာ ထိန်းညှိမှုစနစ်မှာ အုပ်စုနှစ်ခုအကြား ထိန်းညှိမှုစနစ် ဖြစ်သည်။

ဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင် အင်အားကြီးသောအုပ်စုတခုကသာ အာဏာကို အပြတ်အသတ်ထိန်းချုပ်ထားနိုင်ပါက အခြားအုပ်စုများအပေါ် လက်ဝါးကြီးအုပ်မှု များ ဖြစ်ပေါ်တတ်ပြီး ဗဟုဝုဒ်လူ့အဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုပြိုကွဲသည်အ ထိ ဦးတည်သော နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေတတ်သည်။ ထိုသို့ အုပ်စုတခုတည်းက အာဏာကိုထိန်းချုပ်ထားလျှင် အာဏာထိန်းညှိမှုသည် အာ ဏာရအုပ်စုနှင့် အခြားအုပ်စုအကြား ထိန်းညှိမှုဖြစ်သည်။ ထိုအာဏာထိမ်းညှိမှုမှာ အုပ်စုနှစ်ခုအကြား ထိန်းညှိမှုဖြစ်သည်။ အုပ်စုနှစ်ခုအကြားထိန်းညှိမှုသည် နိုင်ငံ ရေးပါတီကြီးနှစ်ခုတည်းက နိုင်ငံတော်အာဏာအတွက် ရွေးကောက်ပွဲတွင်ယှဉ် ပြိုင်ရာ ပါတီတခုကအနိုင်ရပြီး အခြားပါတီတခုက အတိုက်အခံအဖြစ် တည်နေရ သော အာဏာထိန်းညှိမှုမျိုးလည်းဖြစ်နိုင်သည်။ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု နိုင်ငံများတွင် နိုင်ငံရေးပါတီကြီးနှစ်ခုတွင် တခုကအာဏာရပါတီဖြစ်လျှင် အခြားတ ခုက အဓိကအတိုက်အခံပါတီ ဖြစ်လာသည်။ ထိုနိုင်ငံများတွင် အာဏာထိန်းညှိမှု သည် အုပ်စုနှစ်ခုထိန်းညှိမှုဖြစ်လာသည်။

ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုတွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကိုကျင့်သုံးနေပါ က အုပ်စုနှစ်ခုအာဏာထိန်းညှိမှုစနစ်သည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ အောင်မြင် စွာကျင့်သုံးရေးကို အထောက်အကူမပြုပေ။ အဘယ်ကြောင့်ဆိုသော် ပါတီတခု သို့ မဟုတ် လူမျိုးအုပ်စုတခုက အာဏာထိန်းချုပ်ထားခြင်းသည် ဗဟုဝုဒ်လူ့အဖွဲ့အ စည်း၏ လူမျိုးကွဲအချင်းချင်းအကြားစည်းလုံးညီညွတ်မှု (ဝါ)မတူကွဲပြားမှုများအ တွင်းစည်းလုံးညီညွတ်မှု (Unity in diversity) ကို ထိခိုက်နိုင်စေသည်။

ဗဟုဝုဒ်လူ့အဖွဲ့အစည်းနှင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီအတွက် သင့်တော်ဆုံး သောအာဏာထိန်းညှိမှုစနစ်မှာ လူမျိုးစုံထိန်းညှိမှုစနစ်ဖြစ်သည်။ ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီ၏ ဂုဏ်အင်္ဂါများကိုတင်ပြခဲ့စဉ်က ဖေါ်ပြခဲ့သော ညွန့်ပေါင်းအစိုးရဖွဲ့ရေး၊ အတုံ့အလှည့်ဗီတိုအာဏာ၊ အချိုးကျကိုယ်စားပြုမှုတို့သည် ကဏ္ဍခွဲများအချင်း ချင်းအကြား ဖြစ်နိုင်သမျှ ညီမျှမှုအခွင့်အရေးကို ဖေါ်ထုတ်ပေးသောမူများအဖြစ် တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ထိုမူများအရ မည်သည့်ပါတီ၊ လူမျိုးကိုမျှ အာဏာလက် ဝါးကြီးအုပ်ရန် ခွင့်ပြုမည်မဟုတ်ပေ။ တနည်းအားဖြင့် အုပ်စုနှစ်ခု အာဏာထိန်းညှိ

မှုစနစ်မျိုးကို တားမြစ်ထားပြီး လူမျိုးစုံအာဏာထိန်းညှိမှုစနစ်ရအောင် ပုံဖော်ယူထားခြင်းဖြစ်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ အောင်မြင်ဖြစ်ထွန်းနိုင်သော အာဏာထိန်းညှိမှုစနစ်သည် လူမျိုးစုံအာဏာထိန်းညှိမှုစနစ်သာဖြစ်သည်။

လူမျိုးစုံထိန်းညှိမှုတွင် အင်္ဂါရပ်နှစ်ခုပါဝင်သည်။ ၎င်းတို့မှာ အောက်ပါတို့ဖြစ်သည်။

(၁) မည်သည့်လူမျိုးကွဲကမျှ လွယ်လင့်တကူအပြောင်းအလဲမပြုလုပ်နိုင်သည့် အင်အားညီမျှသောအခြေအနေတရပ် (An approximate equilibrium)

(၂) အနည်းဆုံးလူမျိုးကွဲ (၃)ခုက ပါဝင်ကိုယ်စားပြုစေခြင်း (The presence of at least three segments)

ထိုအင်္ဂါနှစ်ခုပေါင်းလိုက်ခြင်းဖြင့် လူမျိုးစုံထိန်းညှိမှုတွင် လူမျိုးကွဲအားလုံးက လူနည်းစုအဖြစ်ပါဝင်နေခြင်းကို ဖြစ်ပေါ်စေသည်။ လူမျိုးကွဲတခုခုက လူအများစု (ထက်ဝက်ကျော်)ကိုယ်စားပြုပါဝင်နေလျှင် အုပ်စုနှစ်ခုထိန်းညှိမှုအသွင်သို့ ကူးပြောင်းသွားပေလိမ့်မည်။

(ခ) ပါတီစုံစနစ်
(Multi Party System)

ဗဟုဝုဒ်လူ့အဖွဲ့အစည်းတခုတွင် သက်ဆိုင်ရာ လူမျိုးကွဲများသည် ၎င်း၏အကျိုးစီးပွါးများကို နိုင်ငံရေးအရဖေါ်ထုတ်နိုင်ရန်အတွက် ပါတီစုံစနစ်တရပ်ကို အားပေးရမည်။ ထိုသို့ပါတီစုံစနစ် ပေါ်ပေါက်လာခြင်းသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ ကျင့်သုံးရန် တောင်းဆိုချက်တရပ် ဖြစ်လာသည်ဟု ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ထောက်ခံသူတို့က ဆိုသည်။ ထိုပါတီများသည် သက်ဆိုင်ရာ လူမျိုးကွဲအသီးသီးကို နိုင်ငံရေးအရ ကိုယ်စားပြုကြပေလိမ့်မည်။ ထိုပါတီများသည် ညွန့်ပေါင်းအဖွဲ့တွင် ဝင်ရောက်ကိုယ်စားပြုမည့် မိမိတို့နှင့်သက်ဆိုင်ရာလူမျိုးကွဲ ခေါင်းဆောင်များကို ရွေးချယ်ကြပေလိမ့်မည်။ ဤသို့သော လူမျိုးကွဲများဖြင့် ခေါင်းဆောင်ရွေးချယ်မှုကို နိုင်ငံရေးပါတီများ ခေါင်းဆောင်ရွေးရန်အတွက်သာ သင့်တော်သည်ဟုမဆိုနိုင်၊ လူမျိုးကွဲများဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတို့တွင် မိမိတို့လူမျိုး သို့မဟုတ် ပြည်နယ်ကိုကိုယ်စားပြုသော အစိုးရများသည်လည်း ဗဟုဝုဒ်လူ့အဖွဲ့အစည်း၏ လူမျိုးကွဲတာဝန်ကို ထမ်းဆောင်ရာလည်းရောက်သည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို အောင်မြင်စွာကျင့်သုံးနိုင်ရန် လူမျိုးကွဲများကို ကိုယ်စားပြု၍ပေါ်ပေါက်လာရသော ပါတီများ ပါတီစုံစနစ်အဖြစ် အနှစ်သာရရှိရှိ ရပ်တည်ခွင့်ရရန်လိုသည်။ ဤသို့ရပ်တည်နေပါမှ အာဏာထိန်းညှိမှုတွင် လူမျိုးစုံထိန်းညှိမှုဖြစ်နိုင်သည်။ ဗြိတိန်၊ အိန္ဒိယ နိုင်ငံများတွင် ပါတီစုံစနစ်ကို လမ်းဖွင့်ထားသော်လည်း ပါတီကြီးတခု၊ နှစ်ခုသာ နိုင်ငံရေးဈေးကွက်ကို လက်ဝါးကြီးအုပ်ထားသဖြင့် ပါတီစုံစနစ်၏ အနှစ်သာရများလျော့နည်းသွားပြီး အာဏာထိန်းညှိမှုမှာလည်း အုပ်စုနှစ်ခုထိန်းညှိမှုအသွင်သို့ ကူးပြောင်းသွားသည်။ ဩစတြီးယားနိုင်ငံ

တွင် ပါတီစုံစနစ်သည် အနှစ်သာရအားဖြင့် လျော့နည်းပြီး အုပ်စုနှစ်ခုအာဏာ ထိန်းညှိမှုအသွင်သို့ ကူးသွားသဖြင့် ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီ အောင်မြင်စွာ ကျင့်သုံးနိုင်ရေးကို ထိခိုက်စေသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

အချို့နိုင်ငံများတွင် အထူးသဖြင့် ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိနိုင်ငံများတွင် ပါတီစုံစနစ်သည် လိုအပ်ချက်အရကို မဖြစ်မနေဖေါ်ထုတ်ပေးထားရန်လိုအပ်သဖြင့် အနှစ်သာရရှိသော ပါတီစုံစနစ်ဖြစ်ရေးအတွက် နိုင်ငံရေးစနစ်အရ အထောက်အကူပြုရန်လိုအပ်သည်။ ထိုပါတီစုံစနစ်ရပ်တည်မှုနှင့် ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီ အောင်မြင်စွာကျင့်သုံးမှုတို့သည် အပြန်အလှန် မှီတည်လျက်ရှိကြသည်။

(ဂ)လူမျိုးကွဲများ ဖွဲ့စည်းမှုနှင့် အရေအတွက်
(The Structure and Number of the Segments)

ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီ အောင်မြင်စွာကျင့်သုံးနိုင်ရေးတွင် လူမျိုးကွဲများဖွဲ့စည်းထားမှုအခြေအနေနှင့် လူမျိုးကွဲအုပ်စု အရေအတွက်ကိုလည်း အရေးတကြီးထည့်သွင်းစဉ်းစားရသည်။ လူမျိုးကွဲအုပ်စုများဖွဲ့စည်းမှုအနေအထားဟု ဆိုရာတွင် မည်သို့သော ကျောထောက်နောက်ခံအခြေအနေများအရ ဖွဲ့စည်းခြင်းဖြစ်သနည်းဆိုသည့်အချက်ကို အဓိကဦးစားပေးစဉ်းစားရသည်။ ဘာသာရေးကိုးကွယ်မှု၊ နိုင်ငံရေးအတွေးအခေါ်ယုံကြည်မှု၊ စီးပွါးရေး၊ လူတန်းစားဖွဲ့စည်းမှု၊ လူမျိုးရေးကွဲပြားမှု၊ ဘာသာစကားများအရကွဲပြားမှု စသည့်အကြောင်းများသည် လူမျိုးကွဲများဖွဲ့စည်းမှု အခြေခံအချက်များဖြစ်သည်။ အချို့သော အခြေခံအကြောင်းအရာ (ဥပမာ–ဘာသာစကားကွဲပြားမှု) တို့သည် လူမျိုးကွဲများ အချင်းချင်းအကြား ကြီးမားသောပြဿနာများကို မဖြစ်စေသော်လည်း လူမျိုးရေးကွဲပြားမှုကြောင့်ဖြစ်လျှင် လူမျိုးကွဲများအကြားတွင် ပြဿနာ ပို၍လေးနက်ကြီးမားသည်ကို တွေ့ရသည်။ ထိုလူမျိုးကွဲများအကြား ပြဿနာအတိမ်အနက်သည် ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီအောင်မြင်စွာကျင့်သုံးနိုင်ရေးကို အဆုံးအဖြတ်ပေးနိုင်သော အနေအထားတွင် ရှိပါသည်။

တဖန် လူမျိုးကွဲအရေအတွက်များပြားခြင်းသည်လည်း ကွန်ဆိုစီးရေးရှင်း ဒီမိုကရေစီအောင်မြင်စွာ ကျင့်သုံးရေးကို ထိခိုက်စေပါသည်။ ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီ၏ အင်္ဂါရပ်များဖြစ်သော မူလေးရပ်ကိုအကောင်အထည်ဖေါ် ကျင့်သုံးရာတွင် လူမျိုးကွဲများလွန်းပါက အမြဲတမ်းလိုလို နိုင်ငံရေးပိတ်ဆို့မှုနှင့် ကြုံရတတ်သည်။ လူမျိုးကွဲအရေအတွက်များလွန်းပါက ညွန့်ပေါင်းအဖွဲ့တခုကို ခဲရာခဲဆစ်ဖွဲ့စည်းရသလို အတုံ့အလှည့်ဗီတိုအာဏာကို လူမျိုးကွဲအုပ်စု တခုမဟုတ်တခုက ကျင့်သုံးမှုမျိုး မကြာခဏ ကြုံရတတ်ရာ နိုင်ငံရေးပိတ်ဆို့မှုမှာ မလွဲကေန် ကြုံတွေ့ရပေမည်။ ထို့ကြောင့် လူမျိုးကွဲအရေအတွက် မများလွန်းမှသာ ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီကို အောင်မြင်စွာကျင့်သုံးနိုင်ပေမည်။

ကွန်ဆိုစီးရေးရှင်းဒီမိုကရေစီကို အောင်မြင်စွာကျင့်သုံးနိုင်သည်ဟု စံပြုလေ့လာခြင်းခံရသော ဩစတြီးယား၊ ဘယ်လဂျီယံ၊ နယ်သာလန်နှင့် ဆွစ်ဇာလန်နိုင်ငံများတွင်ရှိသော လူမျိုးကွဲများကိုလေ့လာလျှင် အများအားဖြင့် ဘာသာရေးကွဲပြား

မှုမျိုးသာဖြစ်ပြီး၊ ဘယ်လ်ဂျီယံနှင့် ဆွစ်ဇာလန်နိုင်ငံများတွင် ဘာသာစကားကွဲပြားမှုရှိသော လူမျိုးကွဲတချို့ပါရှိသည်။ ထိုနိုင်ငံအားလုံးသည် စက်မှုထွန်းကားသော နိုင်ငံများဖြစ်ပြီး စီးပွါးရေးအရ လူတန်းစားကွာဟမှုကြီးမားသော နိုင်ငံများကားမဟုတ်ပေ။ ထို့ကြောင့် ထိုနိုင်ငံများရှိ လူမျိုးကွဲများ ဖွဲ့စည်းမှုသည် ပြဿနာနက်ရှိုင်းမှုသဘောကို မဆောင်ပေ။ ထို့ပြင် လူမျိုးကွဲအရေအတွက်သည်လည်း လေးငါးမျိုးသာရှိသဖြင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးရေးကို နှောက်ယှက်လောက်သော အခက်အခဲများကို မဖြစ်ပေါ်စေနိုင်ပေ။

လူမျိုးကွဲဖွဲ့စည်းမှု နောက်ခံအကြောင်းအရင်းသည်လည်းကောင်း၊ အရေအတွက်သည်လည်းကောင်း၊ အဆိုပါနိုင်ငံများ၏ အခြေအနေများနှင့် များစွာခြားနားမှုရှိလာပါက ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးရာတွင် အခက်အခဲများစွာ ကြုံတွေ့နိုင်သည်။

(ဃ) ပထဝီအနေအထားနှင့် ဖက်ဒရယ်မှု
(Geographical Concentration and Federation)

ဗဟုဝုဒ်လူ့အဖွဲ့အစည်းရှိ လူမျိုးကွဲများနေထိုင်ရာ ပထဝီအနေအထားအပေါ်မူတည်၍လည်း ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကျင့်သုံးရန် သင့်တော်မသင့်တော်ကို စဉ်းစားနိုင်သည်။ တနိုင်ငံလုံး အတိုင်းအတာဖြင့် ဗဟုဝုဒ်လူ့အဖွဲ့အစည်းတွင် လူမျိုးကွဲအသီးသီးသည် ပထဝီအနေအထားအရ အချင်းချင်းရောထွေးယှက် တင်ဖြစ်မနေဘဲ အစုလိုက်အစုလိုက် စုပေါင်းနေထိုင်ခြင်းမျိုးဖြစ်ပါက ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ အောင်မြင်စွာကျင့်သုံးရေးကို အထောက်အကူပြုနိုင်သည်။ ထိုအစုများကို အများအားဖြင့် ကမ္ဘာ့ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီနိုင်ငံများတွင် ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ဗဟုဝုဒ်လူ့အဖွဲ့အစည်းကို စုစည်းထားခြင်းဖြစ်သည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ၏ အားနည်းချက်များ

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ ကျင့်သုံးခြင်းနှင့်ပတ်သက်၍ အနည်းဆုံးအဓိကအားနည်းချက် နှစ်ရပ်ရှိသည်။ ၎င်းတို့မှာ–

(၁) ကွန်ဆိုစီရေးရှင်းဒီမိုကရေစီတွင် အစိုးရတရပ်ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ပတ်သက်၍ ဒီမိုကရေစီအလုံအလောက် မရှိခြင်း။

(၂) တည်ငြိမ်၍ အုပ်ချုပ်ရေးထိရောက်သော အစိုးရတရပ်ကို အလွယ်တကူနှင့် မရရှိနိုင်ခြင်းကြောင့် ဖြစ်သည်။

အထက်၌တင်ပြခဲ့သော မူလေးရပ်အရ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီအစိုးရတရပ်ကို ဖွဲ့စည်းရာတွင် ဒီမိုကရေစီအခြေခံမူများအရ ကျင်းပသောအထွေထွေရွေးကောက်ပွဲ

များ၏ရလဒ်သည် အထူးအရေးမပါတော့ပေ။ ပါလီမန်ဒီမိုကရေစီ စစ်စစ်စနစ်ကိုအခြေခံသော အစိုးရနှင့် တဝက်တပျက်သမတဦးဆောင်ဒီမိုကရေစီ (Semi-Presidential system) ကိုအခြေခံသောအစိုးရများတွင် အထွေထွေရွေးကောက်ပွဲများ၏ရလာဒ်သည် နိုင်ငံရေးအရနှင့် ဒီမိုကရေစီသဘောတရားအရ အထူးအရေးကြီးလှသည်။ ပြည်သူများဒီမိုကရေစီကျင့်သုံးခြင်း၏ရလာဒ်အဖြစ် အလေးအနက်ထားရသော အရာလည်းဖြစ်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီစနစ်သည် နယ်သာလန်ကဲ့သို့သော ပါလီမန်ဒီမိုကရေစီကို အခြေခံ၍ဖွဲ့စည်းထားရသော အစိုးရနှင့် ယှဉ်တွဲကျင့်သုံးသောအခါမျိုးတွင် ပါလီမန်ဒီမိုကရေစီစနစ်စစ်စစ် နိုင်ငံကဲ့သို့ အထွေထွေရွေးကောက်ပွဲ၏ရလာဒ်သည် နိုင်ငံရေးအရ အထူးအရေးပါသော အဆင့်တွင် မရှိတော့ပေ။

ပါလီမန်ဒီမိုကရေစီစနစ်တွင် ပါလီမန်၌ အနိုင်ရပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့သည် ပါလီမန်၏ထောက်ခံမှုဖြင့် အစိုးရဖွဲ့စည်းသည်။ ဤလုပ်ထုံးလုပ်နည်းသည် ဒီမိုကရေစီနည်းကျ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက ထုတ်ဖေါ်ပြသလိုက်သော ဆန္ဒမဲများကို အကောင်အထည်ဖေါ်ခြင်းတမျိုးဖြစ်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးသော နယ်သာလန်နိုင်ငံတွင်မူ အစိုးရဖွဲ့စည်းရာတွင် ပါလီမန်ထောက်ခံမှုကို အဓိကစဉ်းစားခြင်းမပြုဘဲ ဒတ်ချ် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများ၏အကြံပြုချက်ကို မူတည်စဉ်းစားပြီး ဘုရင်က အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးရသည်။ ထိုသို့ လွှတ်တော်ဥက္ကဋ္ဌ များ၏ အကြံပေးချက်ကို အဓိက စဉ်းစားခြင်းသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ပုံဖေါ်ရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။ သို့ဖြင့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူတို့ပြသလိုက်သော ဆန္ဒမဲများ အဆင့်လျှော့ကျသွားသည်ကိုလည်း တွေ့နိုင်သည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီတွင် အမြဲတမ်းလိုလို ညွန့်ပေါင်းဖွဲ့စည်းရေးကို အာရုံစိုက်နေရသည့်အပြင်၊ လူနည်းစုများကို ဗီတိုအာဏာပေးထားရခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်စစ်စစ်ဘက်မှ ရှုမြင်သုံးသပ်လျှင် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်နေသည်ကိုတွေ့နိုင်သည်။ အများစုဆန္ဒအရ အုပ်ချုပ်သော ဒီမိုကရေစီ၏သဘောတရားသည် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီစနစ်တွင် ကွယ်ပျောက်နေသည်။ အနည်းစုကလေးများစုပေါင်းခြင်းဖြင့်သာ အများစုဖြစ်လာအောင် စီမံထားသည်။ ထို့ကြောင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီအောင်မြင်စွာ ကျင့်သုံးလျှင် ဒီမိုကရေစီကျင့်စဉ် အခြေခံသဘောတရားဖြစ်သော အများစုဆန္ဒအရ အုပ်ချုပ်ခြင်းဆိုသည်မှာ အရာမထင်တော့ပေ။

ဒီမိုကရေစီနိုင်ငံရေးစနစ်ခိုင်မာရေးနှင့် ပြည်သူ့အကျိုးပြုပေါ်လစီများ အစိုးရမှချမှတ်နိုင်စေရေးအတွက် အစိုးရကို အတိုက်အခံပြုလုပ်နေမည့် နိုင်ငံရေးအတိုက်အခံများလိုအပ်ကြောင်း ပညာရှင်များက ဆိုကြသည်။ ထိုသို့သောစနစ်ရှိသည့်နိုင်ငံများတွင် အစိုးရသည် ၎င်း၏ပေါ်လစီများကို တိတိကျကျတာဝန်ခံမှုရှိသကဲ့သို့ အတိုက်အခံများ၏ ဝေဖန်ထောက်ပြမှုသည်လည်း အစိုးရ၏၎င်း၏ပေါ်လစီကို တာဝန်ခံမှုကို ပိုမိုလေးနက် စေပါသည်။ အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးစဉ်က နိုင်ငံရေးပါတီ များချပြခဲ့သော ပြည်သူ့အကျိုးပြုပေါ်လစီကို ထိုပါတီ သို့မဟုတ် ပါတီများအာဏာရလာသောအခါ အမှန်တကယ်ထိရောက်စွာ ဖေါ်ဆောင်နိုင်စွမ်းရှိမရှိကို ပြည်သူများကိုယ်စား အတိုက်အခံများက စောင့်ကြည့်ကာ ဝေဖန်နေရသည်။ ဤနည်းဖြင့် ပြည်သူလူထု၏ ဒီ

မိုကရေစီအခွင့်အရေးကို အာဏာရအစိုးရများက အလွဲသုံးခြင်းမပြုနိုင်အောင် ကာကွယ် နိုင်သည်။ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီတွင် အစိုးရသည် ညွန့်ပေါင်းဖြစ်နေသဖြင့် အစိုး ရ၏ပေါ်လစီများအပေါ် မည်သည့်နိုင်ငံရေးပါတီက တာဝန်ခံမည်နည်းဆိုသည်ကို တိတိ ကျကျ မဖေါ်ထုတ် နိုင်ဘဲဖြစ်နေသည်။ ထိုအခြေအနေသည် ဒီမိုကရေစီစနစ်တွင် လို အပ်နေသော တာဝန်ခံမှုရှိသည့်အစိုးရ (Accountable government)မှုကို ထိခိုက် စေသည်။

ကွန်ဆိုစီရေးရှင်းဒီမိုကရေစီ ကျင့်သုံးသော နိုင်ငံများ

ကမ္ဘာ့နိုင်ငံတချို့တွင် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီစနစ် ကျင့်သုံးနေသည်ကို တွေ့ရ သည်။ သို့ရာတွင် အချို့နိုင်ငံများ၌ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီဟု လူသိများခြင်းထက် ပါ လီမန်ဒီမိုကရေစီစနစ် သို့မဟုတ် သမတဦးဆောင်အစိုးရစနစ် (Presidential system) ပုံစံတမျိုးမျိုးကို တွေ့ရပြီး၊ အနှစ်သာရအားဖြင့် ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကိုရအောင် ပြုလုပ်ထားသည်။

ဩစတြီးယားနိုင်ငံတွင် ၁၉၄၅–၁၉၆၆ ခုနှစ်များအတွင်း ကက်သလစ်နှင့် ဆိုရှယ် လစ်အုပ်စုများ အာဏာခွဲဝေအုပ်ချုပ်စဉ်က ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးခဲ့ သည်။ ဩစတြီးယားနိုင်ငံ၏ ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီကျင့်သုံးမှုကို လေ့လာခြင်းသည် ထိုကာလ အပိုင်းအခြားကို လေ့လာခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ပထမကမ္ဘာ စစ်ပြီးကတည်းက ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးခဲ့သည်ဟု ဆိုနိုင်သော်လည်း အထူးသဖြင့်ဘာသာစကားကွဲ လူမျိုးကွဲများ သိသိသာသာ နိုင်ငံရေးတွင် နေရာယူလာ ခဲ့သော ၁၉၇၀ ခုနှစ်နောက်ပိုင်းမှ ခိုင်ခိုင်မာမာ ကျင့်သုံးလာခြင်းဖြစ်သည်။ နယ်သာလန် နိုင်ငံတွင် ၁၉၁၇ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးခဲ့ သည်။ အဆိုပါသုံးနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီအစိုးရစနစ်အပေါ်အခြေခံ၍ ကွန်ဆိုစီရေး ရှင်းဒီမိုကရေစီ၏ အနှစ်သာရကို ဖေါ်ထုတ်သည်။

တတိယကမ္ဘာ့နိုင်ငံတချို့တွင်လည်း ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ကျင့်သုံးခဲ့သည် ကို တွေ့နိုင်သည်။ လက်ဘနွန်နိုင်ငံတွင် ၁၉၄၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ၊ ကျူပရပ်စ်နိုင် ငံတွင် ၁၉၆၀ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ကျင့်သုံးခဲ့ကြသည်။ အစိုးရဖွဲ့စည်းမှုတွင် ကွန် ဆိုစီရေးရှင်းဒီမိုကရေစီကို အနှစ်သာရများဖြင့်ကျင့်သုံးသောနိုင်ငံနှစ်ခုမှာ အစ္စရေးနှင့်က နေဒါ နိုင်ငံတို့ဖြစ်သည်။ အချို့နိုင်ငံများတွင်မူ ကွန်ဆိုစီရေးရှင်းဒီမိုကရေစီကို ပြည်နယ် များနှင့် ဒေသန္တရအဆင့်များအထိပါ ကျင့်သုံးသည်ကိုတွေ့ရသည်။ ဥပမာ– ဆွစ်ဇာလန် နိုင်ငံ၏ ကန်တွန်ခေါ်ပြည်နယ်များနှင့် ဩစတြီးယားနိုင်ငံ၏ ပြည်နယ်များတွင် ကွန်ဆိုစီ ရေးရှင်း ဒီမိုကရေစီကျင့်သုံးသည်။ ။

ကိုးကား

1. Bogdanor, Vernon (Ed.), *The Blackwell Encyclopedia of Political Science* (paperback edition), The Blackwell, London, 1992
2. Bradley, A.W., *Constitutional and Administrative Law*, Longman, Hong Kong 1985
3. Gill, Graeme, *The Dynamics of Democratisation: Elite, Civil Society and the Transition Process*, Macmillan Press, London, 2000
4. Lane, Jan-Erik, *Constitutions and Political Theory*, Manchester University press Manchester and New York 1996
5. Lijphart, Arend, *Parliamentary Versus Presidential Government*, Oxford University Press, Oxford, 1992
6. Lijphart, Arend, *Democracy in Plural Society; A Comparative Exploration*, Yale University Press, New Haven and London, 1977
7. Lijphart, Arend, *Democracies; Patterns of Majoritarian and Consensus Government in Twenty-One Countries*, Yale University Press, New Haven and London, 1984
8. Nagle, John D. and Mahr, Alison, *Democracy and Democratisation*, Sage Publications, London, Thousand Oaks, New Delhi 1999

နိုင်ငံရေးအသွင်ကူးပြောင်းရေး

တပ်မတော်နှင့် အပြောင်းအလဲ

မြန်မာ့နိုင်ငံရေးစနစ်အကူးအပြောင်းတွင် စဉ်းစားစရာ အကြောင်းအချက်တချို့

တင်မောင်သန်း

၁
နိုင်ငံရေးအကူးအပြောင်းကောက်ကြောင်း

အဓမ္မအာဏာသုံးအုပ်ချုပ်ရေးကနေ ဒီမိုကရေစီစံနစ်ကိုပြောင်းလဲတဲ့ဖြစ်စဉ်ဟာ နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဆုံးဖြတ်ဆောင်ရွက်ချက်တွေ အပြန်အလှန်သက်ရောက်ရာကဖြစ်ပေါ်လာရတဲ့ ဖြစ်စဉ်ပါ။ အစိုးရအတွင်းမှာဆိုရင် သဘောထားတင်းမာသူနဲ့ သဘောထားပျော့ပြောင်းသူတွေရဲ့ပဋိပက္ခ။ အတိုက်အခံထဲမှာဆိုရင် အလယ်အလတ်သမားတွေနဲ့ အောက်ခြေသိမ်းပြောင်းလဲချင်သူတွေရဲ့ပဋိပက္ခ။ ဒီပဋိပက္ခတွေရဲ့အပြန်အလှန်သက်ရောက်ပုံက နိုင်ငံရေးကူးပြောင်းပုံအတက်အကျနဲ့ ပုံသဏ္ဍာန်ကို ဆုံး ဖြတ်ပါတယ်။

နိုင်ငံတွေရဲ့ကူးပြောင်းပုံကို တက္ကသိုလ်ကြီးတွေရဲ့ နိုင်ငံရေးသိပ္ပံဌာနတွေနဲ့ အုပ်ချုပ်ရေးပညာဆိုင်ရာဌာနတွေက လေ့လာတဲ့အခါ ယေဘုယျအကူးအပြောင်းပုံသဏ္ဍာန်သုံးရပ်ကိုတွေ့ရပါသတဲ့။ ပထမ၊ အဓမ္မအာဏာသုံးအုပ်ချုပ်သူတွေက ချုပ်ကိုင်ပြောင်းလဲတဲ့သဏ္ဍာန်ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုကအားနည်းပြီး အာဏာသုံးအုပ်ချုပ်သူက စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး အားကောင်းတဲ့အခါ ဒီပုံသဏ္ဍာန်နဲ့ပြောင်းလဲပါသတဲ့။ Transformation လို့ Samuel Huntington က အင်္ဂလိပ်လို သုံးပါတယ်။ ဒုတိယ၊ လက်ရှိအုပ်ချုပ်သူတွေကို အတိုက်အခံတွေက ဖယ်ရှားလိုက်ပြီး ကူးပြောင်းတဲ့ပုံသဏ္ဍာန် ဖြစ်ပါတယ်။ အတိုက်အခံက စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေးတွေမှာ အုပ်ချုပ်သူတွေထက် အင်အားကောင်းလွန်းနေတဲ့အခါ ဒီပုံသဏ္ဍာန်နဲ့ပြောင်းလဲပါသတဲ့။ ဒါကို အင်္ဂလိပ်လို Replacement လို့ သုံးပါတယ်။

ဒါပေမဲ့ တစ်ဖက်ကအခြားတစ်ဖက်အပေါ် ဘက်ပေါင်းစုံအပြတ် အသတ်အားကောင်းနေတာ ကြုံရခဲပါတယ်။ စီးပွားရေးဟာ အုပ်ချုပ်သူတွေအတွက် များသောအား

ဖြင့် အကဲမသာတတ်ပါဘူး။ သံတမန်ရေးရာရဲ့သဘောသဘာဝကိုက စောင့်ကြည့်ရေးနဲ့ အခြေအနေအရ လိုက်လျောညီထွေနေထိုင်ရေးဆိုတော့ နောက်ဆုံးအချိန်ကြမှ လက်တွေ့ အကျိုးသက် ရောက်မှုရှိတဲ့ဆောင်ရွက်ချက်မျိုး ပြုလုပ်တတ်တာကို ကျနော်တို့ သတိပြု မိဖို့လိုပါလိမ့်မယ်။ နိုင်ငံရေးမှာတော့ ပါတီအဖွဲ့အစည်းအသီးသီးရဲ့ အနေအထား၊ လူမျိုး စုတွေရဲ့အနေအထား၊ လူထုရဲ့အနေအထားတွေကိုပါ ချင့်တွက်ရပါတယ်။ စစ်ရေး ရဲ့သ ဘောကတော့ သာမာန်အချိန်မှာ အာဏာရှိသူဖက်မှာပဲ ရှိတတ်ပါတယ်။ အကြပ်အ တည်း၊ အဆုံးအဖြတ်ကာလမှာမှ ဘက်ပြောင်းသွားတာမျိုးတွေ့ရတာမို့ ယေဘုယျအား ဖြင့် အတိုက်အခံဖက်မှာ မရှိသလောက်ပါပဲလို့ ပြောရမှာပါ။

တတိယပုံသဏ္ဍာန်ကတော့ အာဏာရှိသူတွေကချုပ်ကိုင်ပြောင်းလဲပုံလဲမဟုတ်၊ အ တိုက်အခံက ဖယ်ရှားပြောင်းလဲပုံလည်းမဟုတ်ဘဲ အာဏာရှိသူနဲ့ အတိုက်အခံအကြား သဘောတူညီမှုတစ်ရပ်နဲ့ ထွက်ပေါ်လာတဲ့ အပြောင်းအလဲပုံသဏ္ဍာန်ပါ။ ဒါကိုတော့ Transformation နဲ့ Replacement ရဲ့ ကြားချထားပုံစံမို့ Teansplacement လို့ သုံးပါတယ်။ အကူးပြောင်းဖြစ်စဉ်ဟာ အာဏာရှိသူတစ်ဦး၊ ဒါမှမဟုတ် အဝိုင်းအဝန်းထဲ မှာ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အကြောင်းပေါင်းစုံလို့ဖြစ်စေ ပြောင်းလဲဖို့လိုပြီ ဆိုတဲ့ အသိဖြစ်ပေါ်လာရာက စတတ်ပါတယ်။ အများဆုံးကြုံတွေ့ရတဲ့အကြောင်းက တော့ စီးပွားရေးကျဆင်းမှု၊ ဒါမှမဟုတ် စီးပွားရေးအကြပ်အတည်းပါ။ လူထုလှုပ်ရှားမှု တွေကလည်း ဒီအသိပေါ်ဖို့ အများကြီးအထောက်အပံ့ပြုပါတယ်။ ဒ့ါအပြင် အဓိကကျ တဲ့ အာဏာရှိသူတွေရဲ့ သမိုင်းဆိုင်ရာစိုးရိမ်မှုကလည်း အရေးပါပါတယ်။ ဘယ်နိုင်ငံရေး သမားမှ သမိုင်းမှာ နာမည်ဆိုး ကမ္ပည်းထိုးမခံချင်ပေဘူးကိုး။ တခါတလေကျတော့လည်း အာဏာရှိသူတွေအနေနဲ့ လုပ်ကိုင်နေရတာအပေါ် စိတ်ကုန်လာတာဟာလည်း အ ကြောင်းတစ်ကြောင်း ဖြစ်တတ်ပါသတဲ့။ ကုလားထိုင်မှာ ဆက်ထိုင်နေရလို့ ပေးရမဲ့ဆုံးရှုံး မှုတွေထက် အိန္ဓြေရရလေး ဆင်းပေးလိုက်ရတာက ပိုကောင်းမယ်လို့ထင်မြင်တတ်တဲ့ အချိန်တချိန်ကို နိုင်ငံရေးခေါင်းဆောင်တွေဟာ ရောက်သွားလေ့ရှိတတ်ပါသတဲ့။

ဒါက ပြောင်းလဲဖို့အသိဖြစ်ပေါ်လာရေးအတွက်တွေ့ရတဲ့ ပြည်တွင်းအကြောင်းရင်း တွေပါဘဲ။ ပြည်ပအကြောင်းရင်းတွေကတော့ စီးပွားရေးအကူအညီရပ်ဆိုင်းလိုက်တာ၊ အချုပ်အခြာအာဏာအပေါ် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရုပ်သိမ်းလိုက်တာ၊ ကုလ သမဂ္ဂ၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ် စတဲ့အဖွဲ့အစည်းတွေကလည်း ပြု ပြင်ပြောင်းလဲဖို့ တိုက်တွန်းလာတာ၊ ဒေသအတွင်းအဖွဲ့အစည်းတွေကလည်း ပြောင်းလဲ ရေးစကားဆိုလာတာတွေပါပဲ။ ဒေသအတွင်းနဲ့ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ နည်းပညာတိုးတက်မှုတွေဟာလည်း ပြောင်း လဲရေးအသိ ဖြစ်ပေါ်ဖို့ သွယ်ဝိုက် ဩဇာသက်ရောက်တတ်ပါတယ်။

ဒီအကြောင်းတွေအပြင် အခြားအရေးပါတဲ့ အခြေအနေသုံးရပ်ကိုလည်း ကျနော်တို့ သတိပြုမိဖို့ လိုအပ်ပါတယ်။ အခြေအနေတစ်ရပ်ကတော့ အကူးအပြောင်းအစမှာ အ တိုက်အခံအင်အားစုဟာ အရေးပါလောက်အောင် အင်အားမကောင်းသေးတာပါဘဲ။ ဒု တိယအခြေအနေကတော့ နိုင်ငံခေါင်းဆောင်တွေရဲ့ စိတ်သဘာဝ အခြေအနေဖြစ်ပါ တယ်။ ခေါင်းဆောင်တွေရဲ့ အတ္တဘဝင်ဟာ အကြောင်းနှစ်ကြောင်းကြောင့် ကြီးမားနေ တတ်ပါတယ်။ သူ့ကုလားထိုင်ကို ထိန်းထားနိုင်တဲ့အခါ အတ္တဘဝင်ကြီးမားလာသလို

သူ့ရဲ့နိုင်ငံရေးအစီအစဉ်တွေ အောင်မြင်တဲ့အခါမှာလည်း အတ္တအဆာ ပြည့်ဝလာတတ်ပါတယ်။ ဒါပေမဲ့ အပြောင်းအလဲလုပ်ဖို့ အသိအမှတ်ပြုလိုက်ရတဲ့အချိန်မျိုးမှာဆိုရင်တော့ ဒီအာဏာရှင်တွေရဲ့ နိုင်ငံရေးအစီအစဉ်တွေဟာ ကျဆုံးနေတတ်တာများပါတယ်။ ဒီအောင်မြင်မှုကမှ သမိုင်းမှာ နေရာကောင်းလေးတစ်နေရာ သူ့ကိုပေးမှာဆိုတာလည်း သူ့မသိစိတ်က သိနေတာပါဘဲ။ ဒါကြောင့် သူဟာ ကုလားထိုင်ပေါ် ထိုင်မြဲထိုင်နေပေမဲ့ သူ့အတ္တကတော့ တစ်ခြမ်းကြေနေပါပြီ။ အတ္တတစ်ခြမ်းကြေနေသူတွေရဲ့ တုံ့ပြန်ပြုမူတတ်တဲ့သဘောသဘာဝကိုလည်း ကျနော်တို့ ချင့်တွက်ရမှာပါပဲ။ တခါ အဖွဲ့အစည်းတိုင်းမှာ အခြားပုဂ္ဂိုလ်တွေထက် ပိုပြီးထူးကဲသြဇာညောင်းတဲ့ခေါင်းဆောင်တွေရှိနေပေမဲ့ သူလုပ်ချင်သလောက် လုပ်နိုင်တာမဟုတ်ဘူးဆိုတာလည်းသတိထားရပါမယ်။ အာဏာရှိသူတစ်ဦးတစ်ယောက်က ပြောင်းလဲဖို့ အသိဝင်ပေမဲ့ ဒီအသိနဲ့ သူ့အနေအထားဟာ အခြား အာဏာလက်ကိုင်ရှိသူတွေရဲ့ မဟာဗျူဟာကိုပါ ပြောင်းလဲနိုင်လောက်အောင် အားကောင်းမှသာ အပြောင်းအလဲရဲ့ ခရီးက စတင်တတ်တာပါ။

အာဏာရှိသူ တစ်ဦးတစ်ယောက်က ပြောင်းလဲဖို့အသိဝင်ပေမဲ့ ဒီအသိနဲ့ သူ့အနေအထားဟာ အခြား အာဏာလက်ကိုင်ရှိသူတွေရဲ့ မဟာဗျူဟာကိုပါ ပြောင်းလဲနိုင်လောက်အောင် အားကောင်းမှသာ အပြောင်းအလဲရဲ့ ခရီးက စတင်တတ်တာပါ။

များသောအားဖြင့်ကတော့ အာဏာရှိသူတွေရော၊ အတိုက်အခံတွေရောဟာ ဘက်ပေါင်းစုံ မစဉ်းစား ကြပါဘူး။ သတင်းအမှောင်ချထားတာမို့ နှစ်ဖက်စလုံးဟာ တကယ့်အဖြစ်မှန်နဲ့ မနီးစပ်ကြတော့ပါဘူး။ စနစ်ရဲ့အကန့်အသတ်ကို ခံကြရတာကိုး။ ပြီးတော့ ပွင့်လင်းလွတ်လပ်တဲ့ပတ်ဝန်းကျင်မရှိလေ၊ ကိုယ့်မှာရှိနေတဲ့ နိုင်ငံရေးဉပါဒါန် တွေက ပိုမိုခိုင်မာလာတတ်လေ မဟုတ်လား။ ဒီတော့ အာဏာရှိသူတွေက သူ့ထိန်းချုပ်မှုနဲ့ အတင်းပြောင်းလို့ရမယ်ထင်သလို အတိုက်အခံကလည်း ဖယ်ရှားပြောင်းလဲလို့ ရမယ်ထင်တာပေ့ါ။ ဒီလို ထိပ်တိုက်တွေ့ကြုံကြတဲ့အခါ၊ ဖိနှိပ်မှု ပြန်ဝင်လာတတ်ပါတယ်။ အဓမ္မအာဏာသုံးအုပ်ချုပ်ရေးစနစ်ဆီ ပြန်ဆုတ်သွားတတ်ပါတယ်။ ဒီလိုနဲ့ အာဏာ လက်ကိုင်ရှိသူက ဖိသထက်ဖိနှိပ်လာသလို အတိုက်အခံတွေကလည်း ပြင်းနိုင်သမျှ အပြင်းထန်ဆုံး ပြန်ဆန့်ကျင်ရပါတယ်။ လူထုကလည်း နိုင်ငံရေးကနေ နောက်ပြန်ဆုတ်သွားလိုက်တာ နိုင်ငံရေးဆိုရင် စိတ်မဝင်စားတဲ့အနေအထား ရောက်လုလု ဖြစ်လာပါသတဲ့။ ဒါကို Depoliticized Stage လို့ ပညာရှင်တွေကခေါ်ပါတယ်။ ဒီအဆင့်က ကြာ ပါတယ်။ ဘယ်လောက်ထိကြာသလဲဆိုရင် တစ်ဖက်နဲ့တစ်ဖက်ဟာ ခရီးဆက်လျှောက်ဖို့ ဖြည့်ဖက်ဖြစ်တယ်ဆိုတာ နှစ်ဖက်လုံး သဘောပေါက်လာတဲ့ကာလအထိ တာရှည်တာမျှော ကြာပါသတဲ့။ အဲ့ဒီလိုသဘောပေါက်လာမှ ဆွေးနွေးညှိနှိုင်းတဲ့အဆင့် ရောက်လာတာပါ။

ဒါကတော့ ပါမောက္ခကြီးတွေချပြတဲ့ အကူးအပြောင်း ယေဘုယျကောက်ကြောင်းပါဘဲ။

၂
သဘောထားတင်းမာသူများနဲ့ ပျော့ပြောင်းသူများ

အဓမ္မအာဏာသုံးအုပ်ချုပ်ရေးစနစ်ကနေ နိုင်ငံရေးကူးပြောင်းပုံကို အထူးပြုလေ့လာကြတဲ့ ပါမောက္ခ Guillermo O' Donnell နဲ့ ပါမောက္ခ Philippe C. Schmitter တို့ရဲ့စကားလေးနဲ့ စပါရစေ။

"အဓမ္မအာဏာသုံးအုပ်ချုပ်ရေးကိုဆန့်ကျင်ပြီး အတိုက်အခံရဲ့အားသက်သက်နဲ့တော့ နိုင်ငံရေးအကူး အပြောင်းကို မဆောင်ရွက်နိုင်ပါဘူး" တဲ့။

"အဓမ္မအာဏာသုံးအုပ်ချုပ်ရေးစံနစ်အတွင်းမှာ အရေးကြီးတဲ့ကွဲပြားမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။ ပိုပြီး တိတိကျကျပြောရရင် အဲ့ဒီလိုကွဲပြားရာက တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ဖြစ်ပေါ်တဲ့အကျိုးဆက် ကြောင့်မဟုတ်ပဲ နိုင်ငံရေးအကူးအပြောင်း အစဆိုတာ မရှိဘူးလို့ ကျနော်တို့ အလေးထားပြောချင်ပါတယ်" တဲ့။

ကျနော်တို့ဒီမိုကရေစီအင်အားစုတွေဟာ အကူးအပြောင်းကာလမှာ အုပ်စိုးသူတွေထဲက သဘောထားပျော့ပြောင်းသူများရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့ မေ့နေတတ်ကြပါတယ်။ နိုင်ငံရေးလှုပ်ရှားမှု မြင့်မားနေတဲ့ကာလမှာ လူထုအားကို ကျနော်တို့ ပိုကဲတွက်ဆတတ်သလောက် အုပ်စိုးသူတွေထဲက သဘောထားတင်းမာသူတွေရဲ့ စိုးရိမ်မကင်းအလေးထား တဲ့အကြောင်းတွေကိုတော့ လျှော့တွက်တတ်ကြပါလေရော။

ဒီအခါ အုပ်စိုးသူအတွင်းမှာ သဘောထားတင်းမာတာက ဘာလဲ။ သဘောထားပျော့ပြောင်းတာက ဘာလဲဆိုတာကို ကျနော်တို့ ပြန်ကြည့် ခွဲခြားဖို့လိုလာပါတယ်။

လွတ်လပ်ရေးမရမီ မြန်မာနိုင်ငံရေးရဲ့ ဦးစားပေးလုပ်ငန်းစဉ်တွေကတော့ "လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယ" ပါ။ ဒီမိုကရေစီဘောင်အတွင်းမှာ လက်ဝဲညီညွတ်ရေးမူ (၁၄)ချက်တင်ပြခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

မြန်မာ့နိုင်ငံရေးမှာ လက်ဝဲတိမ်းညွှတ်မှုရယ်၊ ညီညွတ်ရေးဆိုင်ရာ အယူအဆရယ်ဟာ အရေးကြီးပါတယ်။ လက်ဝဲပါတီတွေက တစ်ပါတီ၊ တစ်ဖွဲ့အောက်မှာ ညီညွတ်ရေးလိုလားသလို၊ တပ်က တစ်မိန့်၊ တစ်အာဏာအောက်မှာ ညီညွတ်ရေးကို လိုလားခဲ့ပါတယ်။ တော်လှန်ရေးကောင်စီလက်ထက် (၃၃)ဦး အကြံပေးအဖွဲ့ထဲက ဦးနုနဲ့အခြား (၁၀) ဦးအဖွဲ့ကပဲ ပါလီမန်ဒီမိုကရေစီအတွင်းက ညီညွတ်ရေးကို လိုလားခဲ့တာပါ။

၁၉၆၂ မှာ တပ်ရဲ့အုပ်ချုပ်ပုံအယူအဆနဲ့ လက်ဝဲပါတီရဲ့ အုပ်ချုပ်ပုံအယူအဆကို ဆွဲစေ့လိုက်တာ ဗိုလ်ချုပ်ကြီးနေဝင်းပါ။ ဒီနောက်ပိုင်း မြန်မာနိုင်ငံကိုအုပ်စိုးခဲ့တာကတော့ ဗိုလ်ချုပ်ကြီးနေဝင်း၊ တပ်မတော်ထွက်ပုဂ္ဂိုလ်တွေဦးဆောင်တဲ့ မဆလ နဲ့ တပ်မတော်တို့ပါဘဲ။ ဦးနေဝင်းဟာ အာဏာရှင်စနစ်ကို လိုလားတဲ့ သခင်ဗစိန်အုပ်စုကလာပါတယ်။ နောက်ပိုင်းမှာ ဆိုရှယ်လစ်ဝါဒကို ယုံကြည်သက်ဝင်သူဖြစ်လာပြီး နိုင်ငံရေးသမားဆိုတာ အင်မတန်မှန်တဲ့သူတောင်မှ ပါတီယန္တရားရဲ့ ကျေးကျွန်တွေဖြစ်လာတာပဲလို့ ထင်မြင်ပါသတဲ့။ တော်လှန်ရေးကောင်စီကတော့ ပါလီမန်ဒီမိုကရေစီစံနစ်ရဲ့ ကောင်းနိုး၊ ဟုတ်နိုး ထင်ယောင်မှုတွေကင်းပါသတဲ့။ ဆိုလိုတာက ပါလီမန်ဒီမိုကရေစီဟာ ကောင်းတယ်လို့

မယုံဘူးပေါ့ဗျာ။ ဒါတွေက ဒေါက်တာမောင်မောင် ရေးခဲ့တာပါ။

ပညာရှင်တွေရဲ့အဆိုအရ သဘောထားတင်းမာသူတွေရဲ့ ပင်မအုတ်မြစ်ကတော့ ဒီမိုကရေစီရဲ့ အသံစုံ မညီမညာ မြည်ဟီးလှုပ်ခတ်နေတာတွေကို အူထဲ၊ အသည်းထဲကကို မနှစ်မြို့နိုင်တာပါပဲတဲ့ခင်ဗျာ။ ဒါက ပထမလက္ခဏာပါ။ သဘောထားတင်းမာသူတွေဟာ နိုင်ငံရေးကို ပါတီနိုင်ငံရေးနဲ့၊ အမျိုးသားနိုင်ငံရေးဆိုပြီး တံဆိပ်နှစ်ခုကပ်လာပြီး၊ သူတို့ကိုယ်သူတို့ ပါတီတွေအထက်က ပိုတာဝန်သိ၊ ပိုမြင့်မြတ်တဲ့ အမျိုးသားနိုင်ငံရေးသမားတွေလို့ ယူဆချင်ကြပါတယ်။ နိုင်ငံရေးဆန့်ကျင်တဲ့နိုင်ငံရေးဟာ ဒုတိယလက္ခဏာပါပဲ။

တတိယ၊ တစ်မိန့်တစ်အာဏာ၊ တစ်ဖွဲ့တစ်ပါတီအောက်က ညီညွတ်ရေး၊ အုပ်ချုပ်ရေးကို လိုလားပါတယ်။

စတုတ္ထ၊ ကျွန်ုပ်တိုင်းပြည်ကို ကယ်တင်ခဲ့သည်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ စကားဟာ စတုတ္ထလက္ခဏာပါ။ သူတို့ဟာ သူတို့ကိုယ်သူတို့ ကယ်တင်ရှင်လို့ သဘောထားပြီး လူထုကိုတော့ ဘာမှမဆုံးဖြတ်တတ်တဲ့ အကယ်တင်ခံအဖြစ် မြင်ကြတာကိုး။ ကြွေးကြော်သံကတော့တပ်မတော် သည်သာအမိ၊ တပ်မတော်သည်သာအဖပါပဲ။ ပဉ္စမ၊ ၁၉၅၈ ခုနှစ်၊ အောက်တို ဘာလ ၂၁ ရက်နေ့မှာကျင်းပခဲ့တဲ့ တပ်မတော်ကွန်ဖရင့်က တပ်ရဲ့ပထမအရေးဟာ ငြိမ်ဝပ်ပိပြားရေးနဲ့ဥပဒေစိုးမိုးရေးဖြစ် တယ်လို့သတ် မှတ်ခဲ့ပါတယ်။ တိုင်းပြည်ဖရိုဖရဲမဖြစ်ရေးဟာ သူတို့ရဲ့အလေးထားမှုဖြစ်ပါတယ်။ ဘာကြောင့်ဖရိုဖရဲဖြစ်ရတယ်ဆိုတဲ့အကြောင်းကို လူထုအခြေခံသဘော စံနစ်သဘောနဲ့ယှဉ်မစဉ်းစားနိုင်တာဟာ သဘောထားတင်းမာမှုရဲ့ ပဉ္စမလက္ခဏာပါပဲ။

ဆဋ္ဌမ၊ အသုံးပြုတဲ့နည်းနာက ဆွေးနွေးရေးမဟုတ်ပဲ ဖိနှိပ်၊ အကြပ်ကိုင်၊ အဓမ္မလုပ်ဆောင်ရေးဖြစ်တတ်ပါတယ်။ တပ်မတော်ကပစ်ရင် မိုးပေါ်ထောင်မပစ်ဘူး။ မှန်အောင်ပဲပစ်တယ်ဆိုတာ သဘောထားတင်းမာသူတွေရဲ့ ကျင့်ထုံးပါပဲ။

သတ္တမ၊ နိုင်ငံရေးမှာ အမျိုးမျိုးကွဲပြားနေတာဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဖေါ်ဆောင်ရေးအတွက် အဟန့်အတားဖြစ်လိမ့်မယ်ဆိုပြီး ဦးစိန်လွင်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့တဲ့ မဆလပါတီညီလာခံရဲ့သဘောထားဟာ သူတို့ရဲ့ပေါ်လစီ ဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ငြင်းပယ်တာပါပဲ။

အဋ္ဌမ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို လုပ်မယ်ဆိုပေမဲ့ နိုင်ငံတကာကိုမယုံကြည်၊ နိုင်ငံတကာစံတွေကို ငြင်းပယ်တာပါပဲ။ တနည်းပြောရင် နိုင်ငံတကာနဲ့ ကဏ္ဍာကာစစိတ် အောက်မှာ စီးပွားရေးကို ငါ့အုပ်စုချုပ်ကိုင်ရေးရှိပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးကြွေးကြော်သံတွေနဲ့ ဖုံးထားတတ်ပါတယ်။

နဝမ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်လို့ယူဆပြီး အင်အားကြီးမားလှတဲ့တပ်မတော်ကတဆင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်မဲ့ ပေါ်လစီပါပဲ။

ဒီတင်းမာတဲ့သဘောထားတွေဟာ လက်ရှိအုပ်စိုးသူတွေကြားမှာ အသာစီးရနေတယ်ဆိုတာ မြင်သာပါတယ်။ ဒီမိုကရေစီကိုကူးပြောင်းဖို့ အဟန့်အတားဖြစ်နေတယ်ဆိုတာလည်း ရှင်းပါတယ်။ ဒါပေမဲ့ ပျော့ပြောင်းတဲ့သဘောထားတွေဟာလည်း ပေါ်ခဲ့၊

ပေါ်နေတာကို ကျနော်တို့အသိအမှတ်ပြုရမှာပါ။

တစ်ဖွဲ့၊ တစ်ပါတီအုပ်ချုပ်ရေးစနစ်တွေမှာ ခေါင်းဆောင်ဟာ စီးပွားရေးပေါ်လစီပြု ပြင်ပြောင်းလဲမှုနဲ့ အကူးအပြောင်းကာလကို စတင်တတ်ပါတယ်။ နိုင်ငံတော်မှာ ပါတီရဲ့ ဦးဆောင်မှုကဏ္ဍကို စိမ်ခေါ်ထိပါးလေ့မရှိပါဘူး။ နိုင်ငံတော်နဲ့ ပါတီကို ခွဲခြားပစ်လိုက်တာဟာ တစ်ပါတီစနစ်ကနေ ဒီမိုကရေစနစ် ပြုပြင်ပြောင်းလဲရေးအတွက် အကြီးမားဆုံး စိမ်ခေါ်မှုပါ။ ဒါကြောင့် ဘဝအားဖြင့် ဦးနေဝင်းနဲ့ တပ်မတော်ခေါင်းဆောင်တချို့မှာ တင်းမာတဲ့သဘောထားနဲ့ စရိုက်တွေရှိပေမဲ့၊ သူတို့တင်ပြလုပ်ဆောင်ခဲ့တဲ့ တစ်ပါတီလား၊ ပါတီစုံလား၊ လူထုဆန္ဒခံယူပွဲကျင်းပရေး၊ သည့်နောက် ပါတီစုံစနစ်ကိုရွေးချယ်တာ၊ ပါတီဖွဲ့ခွင့်ပေးတာ၊ ၁၉၉၀ ရွေးကောက်ပွဲကျင်းပတာ၊ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းအများစုနဲ့ အပစ်အခတ်ရပ်ဆဲထားတာ၊ စစ်မဟာဗျူဟာဌာနက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖိတ်ခေါ်ဆွေးနွေးပွဲတွေကျင်းပတာနဲ့ နောက်ဆုံး ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးနေတာဟာ သဘောထားပျော့ပြောင်းတဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ လုပ်ရပ်တွေပါပဲ။

ဒါပေမဲ့ ဒီပျော့ပြောင်းတဲ့ နိုင်ငံရေးလမ်းကြောင်းက အောက်စီးမှာပဲရှိတယ်လို့ ပြောရမှာပါ။ တချို့ပညာရှင်တွေနဲ့ နိုင်ငံရေးသမားတွေကတော့ ပြောခဲ့တာတွေ ဘာမှ အကောင်အထည်မပေါ်ခဲ့တာကြောင့် ဦးနေဝင်းနဲ့ တပ်မတော်ဟာ ဘယ်တုန်းကမှ မပျော့ပြောင်းခဲ့ဘူး။ ဆိုခဲ့တဲ့နိုင်ငံရေးတွေဟာ ဟန်ပြလှည့်ဖြားထားတာပဲဖြစ်တယ်လို့ ကောက်ချက်ချကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်သွားနေတဲ့ ယနေ့နိုင်ငံရေးလမ်းကြောင်းဟာ ဘယ်လိုလမ်းကြောင်းလဲဆို တာတော့ ကျနော်တို့ ဆန်းစစ်ရမှာပါပဲ။

၃
တပ်မတော်ရဲ့နိုင်ငံရေးလမ်းကြောင်း

နိုင်ငံရေးကိုအကဲဖြတ်ကြတဲ့အစဉ်အလာက အပြောထက် လုပ်ရပ်ကိုပဲကြည့်တာမို့ လက်ရှိတပ်မတော် ခေါင်းဆောင်တွေဟာ အာဏာနဲ့ပတ်သတ်ရင် အရှူးတပိုင်းဖြစ်နေပြီလို့ပဲ ကောက်ချက်ချကြပါတယ်။ တပ်မတော်ထဲမှာ သဘောထားပျော့ပြောင်းသူတွေ ကောရှိရဲ့လားလို့ ပြည်တွင်းပြည်ပနိုင်ငံရေးအကဲခတ်သမားတွေက မေးခွန်းထုတ်လေ့ရှိပါတယ်။

သံကန့်လန့်ကာထဲကနိုင်ငံတွေကိုကြည့်တဲ့အခါ တစ်ရုပ်၊ တစ်သံ၊ တပြေးတည်းမြင်ရတတ်ပါတယ်။ နက်ရှိုင်းတဲ့ရေစီးကြောင်းတွေကို မမြင်ရပါဘူး။ ကောင်းကောင်းထိန်းချုပ်ထားနိုင်တယ်လို့ထင်နေရာက ဖြုန်းကနဲပြိုကျသွားတာ ဆိုဗီယက်အင်ပါယာက သက်သေပါ။

ဒါကြောင့် ကျနော်ကတော့ အုပ်စိုးသူတွေရဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ လုပ်ရပ်ကို ခွဲကြည့်ချင်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ပြောင်းလဲပုံနဲ့ လုပ်နည်းကိုင်နည်းဆိုတဲ့ခေါင်းစဉ်(၄)ခုအောက်မှာ ချုပ်ကြည့်တဲ့အ ခါ ဟောဒီလိုတွေ့ရပါတယ်။

ခေါင်းဆောင်	နိုင်ငံရေး	စီးပွါးရေး	ပြောင်းလဲပုံ	နည်းနာ
ဦးနေဝင်း	ပါတီစုံ	နိုင်ငံခြားမယုံ	ချုပ်ကိုင်/လူထု	ဖိနှိပ်
ဦးစိန်လွင်	တပါတီ	ကန့်သတ်ပြောင်းလဲ	ချုပ်ကိုင်/တပါတီ	ဖိနှိပ်
ဒေါက်တာမောင်မောင်	ပါတီစုံ	–	ချုပ်ကိုင်/လူထု	လွတ်လပ်ခွင့်
ဗိုလ်ချုပ်မှူးကြီးစောမောင် (၁၉၉၀ မေလအထိ)	ပါတီစုံ	ဈေးကွက်/ကန့်သတ်	ချုပ်ကိုင်/လူထု	ဖိနှိပ်

၁၉၈၇ သြဂုတ်မှာ ဦးနေဝင်းက အစီရင်ခံစာတွေလိမ်ညာထားကြောင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းတန်ရင်ပြောင်းဖို့ စပြောပါတယ်။ ၁၉၈၈ ဇူလိုင် ၂၃ မှာ တစ်ပါတီ/ပါတီစုံလူထုဆန္ဒခံယူပွဲကိစ္စ တင်လာပါတယ်။ သူ့နိုင်ငံရေးက ပါတီစုံနိုင်ငံရေးလို့ ပြောလို့ရပါတယ်။ စီးပွားရေးနဲ့ပတ်သက်ရင်တော့ နိုင်ငံခြားရင်းနှီးမြှပ်နှံမှုကို အားမပေးခဲ့ပါဘူး။ ဦးနေဝင်းရဲ့အဆိုကို ပယ်ချတတ်လာသူကတော့ ဦးစိန်လွင်ပါပဲ။ ဦးစိန်လွင်ရဲ့ နိုင်ငံရေးက တစ်ပါတီနိုင်ငံရေးပါ။ စီးပွားရေးကို အကန့်အသတ်နဲ့ပြုပြင်ပြောင်းလဲချင်ပါတယ်။ ဖိနှိပ်ရာမှာ အရက်စက်ဆုံးအာဏာရှင်ပါပဲ။

သြဂုတ်လ ၁၈ ရက်၊ ဒေါက်တာမောင်မောင်တက်လာတဲ့အခါ ပါတီတွင်းပွင့်လင်းရေးကိုဆော်သြပြီး ပါတီစုံစနစ်နဲ့ရွေးကောက်ပွဲ ကျင်းပဖို့သဘောတူတယ်။ ဒါပေမဲ့ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကိုငြင်းတယ်။ တပ်က အာဏာသိမ်းပြီးတဲ့အခါ ပါတီတွေဖွဲ့ခွင့်ပေးတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှု စတယ်။ ၁၉၉၀ မေလမှာ ရွေးကောက်ပွဲလုပ်ပေးတယ်။ ဒါပေမဲ့ အာဏာလွှဲမပေးဘူး။ ရွေးကောက်ခံရတဲ့ကိုယ်စားလှယ်တွေဟာ ဖွဲ့စည်းပုံရေးဆွဲရေးအတွက်ပဲလို့ ဆိုလာတယ်။ ဒါပေမဲ့ အားလုံးရဲ့ ပြောင်းလဲပုံဟာ ချုပ်ကိုင်ပြောင်းလဲပုံပါ။ ဒေါက်တာမောင်မောင်ကလွဲလို့ အသုံးပြုခဲ့တဲ့နည်းနာတွေက ပိတ်ပင်၊ တားဆီး၊ အကျဉ်းချ၊ ပစ်ခတ်စတဲ့ ဖိနှိပ်ရေးနည်းနာချည်းပါပဲ။ ဒါပေမဲ့ ဦးနေဝင်း၊ ဒေါက်တာမောင်မောင်နဲ့ ၁၉၉၀ မေလအထိ ဗိုလ်ချုပ်မှူးကြီးစောမောင်တို့ရဲ့ ပြောင်းလဲပုံလမ်းကြောင်းမှာတော့ ဘယ်လိုအကြောင်းကြောင့်ဖြစ်စေ လူထုအခန်းကဏ္ဍကို တစုံတရာ အသိအမှတ်ပြုလာတာတွေ့ရပါတယ်။

၁၉၉၀ မေလနောက်ပိုင်းကနေ ၁၉၉၂ ဧပြီလအထိ တပ်ရဲ့ခေါင်းဆောင်ပိုင်းမှာ လမ်းကြောင်းဝါးနေပုံရပါတယ်။ ဗိုလ်ချုပ်ကြီးသန်းရွှေတက်လာတဲ့အခါမှာတော့ လမ်းကြောင်းက တဖြည်းဖြည်းရှင်းလာပါတယ်။

၁၉၉၂ ဧပြီမှာ ဗိုလ်ချုပ်ကြီးသန်းရွှေက ဗိုလ်ချုပ်မှူးကြီးစောမောင်ကိုဖယ်ရှားလိုက်ပြီး ဖွဲ့စည်းပုံရေးဖို့ အမျိုးသားညီလာခံတော့ခေါ်ပါရဲ့။ ဒါပေမဲ့ ညီလာခံကို စစ်တပ်က ရွေးတဲ့ ကိုယ်စားလှယ် (၉၀) ရာခိုင်နှုန်းနီးပါးနဲ့ ရေရောထားလိုက်တယ်။ ၁၉၉၃ စက်တင်ဘာမှာ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့တွေကို ပြန်လည်အသက်သွင်းပြီး စစ်တပ်ရဲ့ နိုင်ငံရေးအဖွဲ့အဖြစ် ထူထောင်လာခဲ့လိုက်တာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ချေမှုန်းလုနီးနီး ထိလှုပ်ရှားခဲ့ တယ်လို့ဆိုရမှာပါ။ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာမှာတော့ ရုတ်တရက်

ဒေါ်အောင် ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပါတယ်။

တပ်မတော်ကရေးဆွဲနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကိုကြည့်ရင် တပ်ကသွားချင်တဲ့လမ်းကြောင်းကို တွေ့နိုင်ပါတယ်။ ဒီဖွဲ့စည်းပုံမှာ လွှတ်တော် (၂)ရပ်ပါပါတယ်။ အောက်လွှတ်တော်မှာ နေရာ(၄၄၀)ရှိပြီး အထက်လွှတ်တော်မှာ နေရာ(၂၂၄)နေရာ ရှိပါမယ်။ ဒီနေရာတွေရဲ့ လေးပုံတစ်ပုံဟာ စစ်တပ်အတွက်ဖြစ်ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်က လေးပုံတစ်ပုံကိုခန့်မယ်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးနဲ့ ဥပဒေပြုရာထူးနေရာတွေကိုလည်း စစ်တပ်ကယူထားဦးမယ်။ ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ဒေသ ဝန်ကြီးနေရာတွေဟာ စစ်တပ်အတွက်ဖြစ်ရမယ်။ စစ်ရေးအသုံးစားရိတ်၊ စစ်တပ်ရာထူးခန့်ထားရေး၊ ဗိုလ်ချုပ်ကြီးတွေအပါအဝင် ရာထူးရွှေ့ပြောင်းရေး၊ ရာထူးကရပ်စဲရေးတွေကို ကာကွယ်ရေးဦးစီးချုပ်ကပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အရပ်ဖက်အစိုးရက ဘာမှဝင်ရောက်လုပ်ပိုင်ခွင့်မရှိပါဘူး။ ဒါ့အပြင် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အရေးပေါ်အခြေအနေလို့ယူဆရင် နိုင်ငံတော်အာဏာကို သိမ်းယူခွင့်ပေးထားပါသေးတယ်။

တပ်မတော်ရဲ့ နိုင်ငံရေးလမ်းကြောင်းဟာ နိုင်ငံတကာစာနယ်ဇင်းတွေမှာ သားသတ်သမားလို့ ထင်ရှားခဲ့တဲ့ ဦးစိန်လွင်ရဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ ပိုနီးစပ်နေတယ်လို့ ပြောရမှာပဲ ခင်ဗျား။ ဒါဟာ မြန်မာပြည်ရဲ့ရှေ့ရေး အကျိုးအပြောင်းအတွက် စိုးရိမ်စရာပါ။ မြန်မာ့တပ်မ တော်ရဲ့ပုံရိပ်အတွက်လည်း စိုးရိမ်စရာကောင်းပါတယ်။

အစိုးရ ဘယ်လိုဖွဲ့သလဲဆိုတော့ သမ္မတလောင်းတစ်ဦးစီကို ကာကွယ်ရေးဦးစီးချုပ်ရယ်၊ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်က အဆိုပြုရပါမယ်။ သမ္မတလောင်းရဲ့ အရည်အချင်းကို သတ်မှတ်ထားရာမှာ စစ်ရေးအတွေ့အကြုံ ဆယ်နှစ်ရှိရမယ်၊ နိုင်ငံအတွင်း အနှစ်နှစ်ဆယ် ဆက်တိုက်နေထိုင်ရမဲ့အပြင် သူ့ရဲ့ဇနီး၊ ဒါမှမဟုတ် ခင်ပွန်း၊ သူ့ ရဲ့မိဘ၊ သားသမီးတွေနဲ့ သူတို့ရဲ့အိမ်ထောင်ဖက်တွေဟာ နိုင်ငံသားဖြစ်ရပါမတဲ့။ ဒီတော့ သမ္မတလောင်း သုံးဦးရှိလာပြီ။ ရွေးဖို့အတွက် သမ္မတရွေးချယ်ရေးအဖွဲ့ ဖွဲ့မယ်။ အဲဒီအဖွဲ့မှာ အောက်လွှတ်တော်ကိုယ်စားလှယ်၊ အထက်လွှတ်တော်ကိုယ်စားလှယ်နဲ့ ကာကွယ်ရေးဦးစီးချုပ်ရဲ့ကိုယ်စားလှယ်တို့ဟာ အရေအတွက်တူညီကြပါမတဲ့။ ဒီအဖွဲ့က နေသမ္မတရွေးမယ်။ သမ္မတကနေ အစိုးရအဖွဲ့နဲ့ ဒေသဆိုင်ရာအုပ်ချုပ် ရေးအဖွဲ့တွေကို ခန့်ပါမတဲ့။

မဆလ တစ်ပါတီအုပ်ချုပ်ရေးကို စစ်တပ်နဲ့ တစ်ပါတီအုပ်ချုပ်ရေးအဖြစ်ခွဲလိုက်တဲ့သဘောပါပဲ။ ပါတီကတော့ ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအဖွဲ့ကြီးပေါ့ခင်ဗျား။ ပါတီအဖြစ်ပြောင်းလဲဖို့အတွက် ဖွဲ့စည်းပုံကို လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက ရေးဆွဲပြီးနေခဲ့ပါပြီ။ စီးပွားရေးကတော့ တပ်မတော်ရဲ့ စီးပွားရေးဦးပိုင်လီမိတက်ကို ဗဟိုထားတဲ့ဈေးကွက်၊ ကန့်သတ်စီးပွားရေးစံနစ်ပါပဲ။

ဒါကြောင့် တပ်မတော်ရဲ့ နိုင်ငံရေးလမ်းကြောင်းဟာ နိုင်ငံတကာစာနယ်ဇင်းတွေမှာ "သားသတ်သမား"လို့ ထင်ရှားခဲ့တဲ့ ဦးစိန်လွင်ရဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ ပိုနီးစပ်နေတယ်လို့ ပြောရမှာပဲခင်ဗျား။

ဒါဟာ မြန်မာပြည်ရဲ့ ရှေ့ရေးအကျိုးအပြောင်းအတွက် စိုးရိမ်စရာပါ။ မြန်မာ့တပ်မ

တော်ရဲ့ပုံရိပ်အတွက်လည်း စိုးရိမ်စရာကောင်းပါတယ်။ တပ်မတော်ရဲ့ပေါ်လစီကိုစဉ်းစား သူတွေဟာ အမိန့်အာဏာသုံး၊ ချုပ်ကိုင်အုပ်ချုပ်ရေးစံနစ်ရဲ့ သဘောသဘာဝကို ထည့်မှ စဉ်းစားကြပါလေစလို့ ကျနော်ဖြင့် အံ့သြမိပါရဲ့ခင်ဗျား။

၄
စံနစ်

နိုင်ငံရေးမှာမှမဟုတ်ပါဘူး။ မိသားစု၊ အဖွဲ့အစည်း၊ လူမှုရေး စတဲ့လူ့ကိစ္စအားလုံး မှာ သူ့စံနစ်နဲ့သူ ရှိကြစမြဲပါပဲ။

အဖွဲ့အစည်းတစ်ရပ်ထဲပဲဝင်ဝင်၊ အလုပ်တစ်ခုထဲပဲရောက်ရောက် လူဆိုတာ ရှိဆဲ စံနစ်ကို ဆက်ခံလိုက်လုပ်ရတာပဲ။ နောက်မှ ရွေးချယ်ပြောင်းလဲရတာကိုး။

ယနေ့ မြန်မာ့တပ်မတော်ကြုံတွေ့နေရတာလည်း ဒီအခြေအနေပါပဲ။ ဒေါ်အောင် ဆန်းစုကြည်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဆွေးနွေးနေကြတာဟာ အဓမ္မအာဏာ သုံးအုပ်ချုပ်ရေးစံနစ်ကနေ ဒီမိုကရေစီစံနစ်ပြောင်းဖို့ နိုင်ငံရေးကူးပြောင်းပုံကို ဆွေးနွေး နေကြတာလို့ ကျနော်နားလည်ပါတယ်။ ဒီအခါ ၁၉၆၂ ကစတင်ကျင့်သုံးတဲ့ခဲ့စံနစ် ဘာ ကြောင့်ကျဆုံးရတယ်ဆိုတာကို ရှင်းရှင်းမြင်နိုင်မှသာ ကျနော်တို့နိုင်ငံရဲ့ ရှေ့ခရီးက သာယာမှာပါ။

တပ်မတော်ကိုအာဏာလွှဲပေးခဲ့တဲ့ ဒေါက်တာမောင်မောင်ရဲ့ နောက်ဆုံးထုတ် စာ အုပ်ထဲကစကားကို ကျနော်နားလည်သလို ဘာသာပြန်ပြောပါရစေ။

"ကျနော်တို့ကျဆုံးခဲ့ကြတယ်။ မြန်မာနိုင်ငံကို ငြိမ်းချမ်းကြွယ်ဝတဲ့အရပ်အဖြစ် ဖန် တီးဖို့ ကျနော်တို့ အခွင့်အလမ်းရခဲ့ကြပါရဲ့။ ဒါပေမဲ့ ဒီအခွင့်အလမ်းကို ဒုက္ခ၊ သုက္ခစုံ အ ဖြစ် ကျနော်တို့လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ အကျအဆုံးအများစုကို မြုပ်ထားတုန်းပါပဲ။ မှား နေတယ်ဆိုတာ ကောင်းကောင်းကြီးသိလျက်နဲ့ နားထောင်ကောင်းတဲ့စကားတွေ ပြောကြ၊ အစီရင်ခံစာအမှားတွေတင်ကြ၊ အားလုံးကောင်းပါသည်ခင်ဗျား..... ဟန် ဆောင်ကြ။" ပါသတဲ့။

အဲ့ဒီခေတ် မဆလပါတီဝင်တွေရဲ့ကြားမှာ ပြောလေ့ရှိတဲ့စကားကတော့ "မူက ကောင်းတယ်၊ လူကမကောင်းတာပါတဲ့။"အဲ့ဒီတုန်းက တိုင်းမှူးဘဝ၊ ယခု ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မေမြို့ကိုတက်တော့ "ပါတီထဲမှာလူကောင်းကဆယ်ရာနှုန်းမကျော်ဘူး"လို့ ခ ရီးသွားဖေါ်မိတ်ဆွေတစ်ဦးကို သူ့အထင် ပြောခဲ့ဖူးပါတယ်။ ကျနော်တို့ဟာ သဘောတ ရား ဒါမှမဟုတ် မူနဲ့လူအကြားက စနစ်ရဲ့ သဘောသဘာဝနဲ့အရေးပါပုံကို မေ့နေခဲ့ကြ ပုံရပါတယ်။

နိုင်ငံရေးဆိုတာ တိုင်းပြည်ရဲ့ ကိစ္စအဝဝကို စီမံခန့်ခွဲတာပါပဲ။ ဒါကြောင့် အဖွဲ့အ စည်းရေးရာ စီမံခန့်ခွဲမှုထောင့်ကနေ စံနစ်ကို ကျနော် ချဉ်းကပ်ကြည့်ပါမယ်။

အဖွဲ့အစည်းဆိုတာ လူမှုရည်ရွယ်ချက်တစ်ရပ်ကိုဖော်ဆောင်ဖို့အတွက် လူတွေက ဖွဲ့ကြတာပါ။ အဖွဲ့တိုင်းမှာ တည်ဆောက်ပုံနဲ့ စံနစ်ရှိပါတယ်။ အဲ့ဒီအတိုင်း အဖွဲ့ဝင်တွေ က လုပ်ကိုင်ကြရင်း အဖွဲ့ရဲ့ဓလေ့ထုံးတမ်း(Organizational Culture) ဖြစ်ပေါ်လာရ

တာပေါ့။

မဆလကို အဓိကထူထောင်သူတွေက တပ်မတော်ရဲ့ အကြီးအကဲတွေဖြစ်တာမို့ တပ်ရဲ့စနစ်နဲ့ ဓလေ့ထုံးတမ်းဟာ ပါတီရဲ့ဓလေ့ထုံးတမ်းဖြစ်လာတယ်။ တပ်ရဲ့ဓလေ့ထုံးစံက အထက်လူကြီးရဲ့အမိန့်ကို နာခံပုံအပ်ရေး(Submissive Culture) ပါ။ ဆုံးဖြတ်အလုပ်လုပ်ပုံစနစ်က အထက်ကပဲစတယ်။ လုပ်ပိုင်ခွင့်အာဏာကို ဗဟိုတစ်ခုမှာ ချုပ်ထားတယ်။

အာဏာဗဟိုတစ်ခုတည်းက ဆင်းသက်လာတဲ့အဖွဲ့တွေမှာ စံနစ်ကလူထက်ကြီးမားလွန်းမကကြီးမားလာတတ်ပါတယ်။ လူတွေလုပ်သမျှဟာ အထက်အမိန့်အရ လုပ်ရတာပါပဲ။ ကိုယ့်သဘောနဲ့ဆုံးဖြတ် လုပ်ရတာ ဘာမှမရှိသလောက်ပါပဲ။ လူက ငါအရေးပါတယ်ဆိုတဲ့ခံစားမှုရှိမှ လူ့ဘဝမှာ၊ အလုပ်မှာ ကိုယ့်တန်ဖိုးကို ကိုယ်ခံစားရတာကိုး။ အခုတော့ "ငါ"ဆိုတဲ့ ပုဂ္ဂလသဘောဆောင်တဲ့ လူရဲ့လက္ခဏာ ပျောက်သွားလေရော။ အင်္ဂလိပ်လို Loss of Individuality လို့ပြောတယ်။ ဒီအခါ တာဝန်ရှိတယ်ဆိုတဲ့စိတ် (Sense of Responsibility) လည်းမရှိဘူး။ စိတ်ဓာတ်ရေးရာအားဖြင့် မလုံခြုံတဲ့အခါ ဘာလုပ်လုပ် ကြိုကာထားဖို့ပဲစဉ်းစားတော့တယ်။ Defensiveness လို့ စိတ်ပညာသဘောအရ ပြောတယ်။ ဒီတော့ လူတွေက အလုပ်ကို စီမံခန့်ခွဲတာမဟုတ်တော့ဘူး။ အထက်ကလူကို စီမံခန့်ခွဲဖို့ပဲ ကြိုးစားတော့တယ်။ အထက်ကကြားချင်တာဘာလဲ။ မြင်ချင်တာဘာလဲ။ ကိုယ့်ဘာသာ အဓိပ္ပါယ်ကောက်ပြီး ကြားချင်တဲ့စကားပြောတယ်။ မြင်ချင်တာပြတယ်။ အမှန်မပြောတော့ဘူး။ ဒီလိုနဲ့ အဖွဲ့အစည်းရဲ့ စီမံခန့်ခွဲမှုဆက်သွယ်ရေးကိရိယာက မုသားဖြစ်လာပါသတဲ့။ ဒါ ကျနော်တို့ဆီမှဖြစ်တာမဟုတ်ပါဘူး။ ဆိုရှယ်လစ်နိုင်ငံတွေနဲ့ စစ်အုပ်ချုပ်ရေးနိုင်ငံတွေမှာ ဖြစ်ခဲ့တာပေါ့။ ချက်သမ္မတ Vaclav Hovel ရဲ့ Power of the Powerless စာအုပ်မှာ ဒီမုသားသဘောတွေ တွေ့နိုင်တယ်။ မုသားရဲ့သဘာဝကိုက တစ်နိုင်ငံလုံးမှာ အယုံအကြည်ကင်းမဲ့တဲ့ ဝန်းကျင်ကို ဖန်တီးပေးပါတယ်။

ဒါဖြင့် ဒီလူတွေဟာ စိတ်သဘောဆိုးသူတွေလားဆိုတော့ မဟုတ်ပါဘူး။ အိမ်မှာသွားစကားပြောကြည့်ပါ။ ဘာဖြစ်နေတယ်ဆိုတာ သူတို့သိတယ်။ ဒီလိုစံနစ်မျိုးအောက်မှာ လူတစ်ယောက်ဟာ ပင်ကိုလူနဲ့ အဖွဲ့အစည်းလူဆိုပြီး ကိုယ်ရည်ကိုယ် သွေးနှစ်မျိုးဖြစ်သွားရော။ အိမ်မှာပင်ကိုလူက အမှန်ပြောတယ်။ ရုံးမှာ အဖွဲ့အစည်းလူက သူ့အဖွဲ့အစည်းဓလေ့ထုံးစံအရပြောတယ်။

လူတွေရဲ့ ရင့်ကျက်မှုသဘာဝမှာ အဆင့်သုံးဆင့်ကို ဖြတ်ရပါတယ်။ လူတစ်ယောက်ကြီးပြင်းလာသလိုပေါ့။ ပထမ မိဘကိုမှီခိုရတယ်။ နောက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတယ်။ ဒီအဆင့်မှာ ငါကွဆိုတဲ့မာနဝင်နိုင်တယ်။ ဟုတ်လှပြီထင်တယ်။ ဒါထက်ပိုအတွေ့အကြုံရှိ ရင့်ကျက်လာတော့ ငါဆိုတဲ့ စိတ်နည်းလာပြီး လူအချင်းချင်း အပြန်အလှန်ထောက်ကူ ဆောင်ရွက်တတ်လာတယ်။ လူတစ်ယောက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ဒီရင့်ကျက်မှုခရီးစဉ်(Maturity Continum)ကို ဖြတ်ရတယ်လို့ ပါမောက္ခ Steven R. Covey ကဆိုတယ်။ အဆင့်အားဖြင့်ပြောရရင် ပထမ မှီခိုရေး(Dependence)၊ ဒုတိယ အမှီအခိုကင်း ကိုယ်တိုင်လွတ်လွတ်လပ်လပ်ဆုံးဖြတ်ဆောင်ရွက်ရေး (Independence) နဲ့ တတိယ အချင်းချင်းအပြန်အလှန်ထောက်ကူဆောင်ရွက်ရေး (Inter-

dependence) အဆင့်တွေပါပဲ။

၁၉၈၈ ဇူလိုင်လ၊ မဆလညီလာခံမှာ တစ်ပါတီလား၊ ပါတီစုံလား လူထုဆန္ဒခံယူပွဲလုပ်ဖို့ ဦးနေဝင်းအဆို တင်ပြီးတဲ့အခါ ဆွေးနွေးဖို့ အစုအဖွဲ့တွေဖွဲ့ပါသတဲ့။ အဖွဲ့ဝင်တွေက ရောက်တက်ရာရာပြောနေကြပြီး အဖွဲ့ခေါင်းဆောင်တွေက အချက်ပြလိုက်တာနဲ့ အထက်ရဲ့ဆုံးဖြတ်ချက်ကို သိနိုင်မယ့်တစ်နေရာမှာ သွားစုစောင့်နေကြသတဲ့လေ။ ဒေါက်တာမောင်မောင်ရေးတာပါ။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ နိုင်ငံတော်ကောင်စီဝင်တွေဟာ စိတ်ထဲရှိသမျှ စိတ်လိုက်မာန်ပါပြောကြတာ ၁၉၈၈ ဩဂုတ်လ (၂၄) အစည်းအဝေးကျမှတဲ့ခင်ဗျ။ ဒါထက် နှစ်နည်းနည်းစောပြီး၊ အနည်းဆုံး လပိုင်းစောပြီး ဒီလိုများဆွေးနွေးခဲ့ကြရင် တိုင်းပြည်အတွက် ဘယ်လောက်များကောင်းလိုက်လေမလဲလို့ ဒေါက်တာမောင်မောင်စိတ်ထဲ ဖြစ်ရှာပါတယ်။ "ကျွန်တော်တို့အားလုံးဟာ စိတ်ဓာတ်ရေးရာ သတ္တိကြောင်သူတွေ ဖြစ်နေကြပြီလား"လို့ နိုင်ငံတော်ကောင်စီဝင်တစ်ဦးက မေးခဲ့ပါသတဲ့။

၁၉၆၂ ခုနှစ်ကစခဲ့တဲ့ တပ်ဗဟိုပြု တစ်ပါတီအုပ်ချုပ်ရေးစံနစ်ဟာ စိတ်ဓာတ်ရေးရာသတ္တိကြောင်မှု(Moral Cowardness)နဲ့ မှီခိုရှင်သန်ရေး(Dependency)ကိုပဲ ကြီးထွားစေခဲ့တာပါ။ အချင်းချင်းဆက်သွယ်ရေးက မုသားဖြစ်တယ်။ ရလာဒ်က နိုင်ငံချွတ်ခြုံကျရတာပါပဲ။ လူထုဆန္ဒမပါ၊ အမိန့်ပေးအာဏာနဲ့အုပ်ချုပ်တဲ့စနစ်ရဲ့ အတွင်းသဘောကိုယ်နိူက်က လူတွေနဲ့ နိုင်ငံကို လူလားမမြောက်စေပါဘူး။

ကမ္ဘာကြီးဟာ ပညာခေတ်ကြီးကိုရောက်၊ နည်းပညာသစ်တိုးတက်မှုတွေနဲ့ အရှိန်ပြင်းပြင်း ခရီးနှင်နေတဲ့ကာလမှာ လူလားမှမမြောက်သေးတဲ့ ကျနော်တို့နိုင်ငံဟာ ဘယ်လိုများ အမှီလိုက်မှာပါလိမ့်။ ဒါကို တပ်မတော်က ထည့်စဉ်းစားရပါလိမ့်မယ်။ တပ်ရဲ့အရည်အချင်း၊ တပ်ရဲ့အကန့်အသတ်ကိုလည်း ထည့်တွက်ရပေမှာပေါ့ခင်ဗျာ။

၅
နိုင်ငံရေးအကူးအပြောင်းမှာ တပ်မတော်ရဲ့အခန်းကဏ္ဍ

၁၉၈၈၊ စက်တင်ဘာ (၁၀)ရက်နေ့ နေ့လည်ခင်းတစ်ခင်းရဲ့ အတွေ့အကြုံလေးကို ဒေါက်တာမောင်မောင်က သူ့ရဲ့နောက်ဆုံးစာအုပ် The 1988 Uprising in Burma စာမျက်နှာ(၁၉၁)မှာ ရေးထားခဲ့ပါတယ်။ ကျနော်နားလည်သလို ပြန်ပြောပါရစေ။

"အခု ပါတီညီလာခံအဆုံးမှာတော့ ဗိုလ်ချုပ်ကြီးစောမောင်ကို ကျွန်တော်ပြောလိုက်ပါတယ်။ သူနဲ့ ဗိုလ်ချုပ်ကြီးသန်းရွှေတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီရဲ့ တာဝန်တွေကနေ နားခွင့်ပေးလိုက်ပြီ။ တိုင်းမှူးတွေနဲ့ အခြားတပ်မတော်အ ရာရှိတွေလည်း သူတို့ရဲ့ပါတီရာထူးတွေကနေ နားနိုင်ပြီလို့၊ တိုင်းဒေသတွေကို သူတို့ လွတ်လွတ်လပ်လပ်သတင်းပို့နိုင်ပြီ။ ဒါကို ကျွန်တော်ပြောလိုက်တဲ့အချိန်မှာ ဖြစ်သွားတဲ့ ဗိုလ်ချုပ်ကြီးနှစ်ယောက်ရဲ့မျက်နှာကို ကျွန်တော် အမြဲပြန်မြင်ယောင်လို့ရမှာပါ။ သူတို့မျက်နှာတွေက တကယ့်ပျော်ရွှင်မှုနဲ့ ဝင်းပသွားတာပေါ့။ တစ်နေ့ကုန်လို့ ကျောင်းဆင်း ခေါင်းလောင်းထိုးသံကိုကြားလိုက်ရတဲ့အခါ အပြေးပြန်သွားကြတဲ့ ကျောင်းသားလေးတွေလိုပဲ၊

သူတို့ထွက်သွားကြလေ ရဲ့” တဲ့။

ဗိုလ်ချုပ်ကြီးနှစ်ယောက်ရဲ့ခံစားချက်ကို ကျနော်နားလည်နိုင်ပါတယ်။ ၈၈ အရေးအခင်းနဲ့ ပြည်တွင်းစစ်ဟာ နိုင်ငံရေးဆုံးဖြတ်ချက်ဖြစ်တယ်။ ဒါပေမဲ့ လက်တွေ့တိုက်၊ အသေခံ၊ အမုန်းခံရတော့ တပ်မတော်သားတွေပါပဲ။

ဒါပေမဲ့ မြန်မာပြည်လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၅၀)ကျော်ကာလမှာ အနှစ် (၄၀) ကျော် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက တပ်မတော်ထွက်တွေ၊ အတိအကျပြောရရင် အငြိမ်းစားဗိုလ်ချုပ်တွေပါဘဲ။ တိုင်းပြည်ဆင်းရဲ၊ ခေတ်နောက်ကျ၊ ဝန်ကြီးဌာန အသီးသီးချစားပျက်စီးလာတဲ့အခါ ပြည်သူလူထု မကျေမနပ်ဖြစ်တာ တပ်မတော်ပဲ ဖြစ်ရပြန်ပါတယ်။

၁၉၆၂ ခုနှစ်ကစပြီး တပ်မတော်နဲ့ အာဏာကုလားထိုင်ကြားမှာ ကော်ဇောနီတစ်ချပ်ကို တော်လှန်ရေးကောင်စီက ခင်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရေးအကူးအပြောင်းမှာ ဒီကော်ဇောနီကို ဘယ်လို၊ ဘယ်မျှ ပြန်လိပ်မလဲဆိုတာ လူထုအတွက်ရော၊ တပ်မတော်အတွက်ပါ အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်ကစပြီး တပ်မတော်နဲ့ အာဏာကုလားထိုင်ကြားမှာ ကော်ဇောနီတစ်ချပ်ကို တော်လှန်ရေးကောင်စီက ခင်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရေးအကူးအပြောင်းမှာ ဒီကော်ဇောနီကို ဘယ်လို၊ ဘယ်မျှ ပြန်လိပ်မလဲဆိုတာ လူထုအတွက်ရော၊ တပ်မတော် အတွက်ပါ အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။

ဒီလိုပြောတဲ့အတွက် တပ်မတော်ရဲ့အခန်းကဏ္ဍကို ပစ်ပယ်တယ်လို့ မထင်စေချင်ပါဘူး။ တပ်ဟာ မိမိအဖွဲ့အစည်းရဲ့ စွမ်းဆောင်နိုင်ရည် စည်းကို ကျော်လွန်နေပြီလို့ ပြောချင်တာပါ။ လူတစ်ယောက်ရဲ့ ဘဝပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းပဲ ဖြစ်ဖြစ် ကိုယ်တတ်နိုင်တာ ဘယ်လောက်လဲဆိုတာ သိနားလည်ဖို့ အရေးကြီးပါတယ်။ ကိုယ့်ကိုကိုယ် စည်းသတ် နိုင်ရပါတယ်။ စည်းကျွံသွားတာနဲ့အမျှ ကျွံသလောက် အကန့်အသတ်တွေကကြီးလာ အနှုတ်ရခက်လာ၊ နစ်သထက်နစ်လာပါတယ်။ နောက်ဆုံးမှာ ကျဆုံးရပါတယ်။

တပ်ဆိုတဲ့အဖွဲ့အစည်းဟာ တိုင်းပြည်ကို ပြည်ပရန်ကကာကွယ်ဖို့ စစ်ပွဲအတွင်း စွမ်းဆောင်နိုင်ရည် အမြင့်မားဆုံးရောက်အောင် အဓိကရည်ရွယ်ပြင်ဆင်ထားတဲ့အဖွဲ့ပါ။ ဒါကို ဦးတည်လေ့ကျင့်ထားတဲ့အတွက် ဆုံးဖြတ်ချက်ချရာမှာမြန်တယ်။ အမိန့်အဆင့်ဆင့်နာခံပုံ၊ ဖော်ဆောင်ပုံ တိတိကျကျရှိတယ်။ စည်းကမ်းရှိတယ်။ အဆင်းရဲ၊ အပင်ပမ်းခံလုပ်နိုင်တယ်။ အဖွဲ့အတွင်းသံယောဇဉ်ကြီးတယ်။ အဖွဲ့အစည်းသဘောအရ အမိန့်နာခံရေးဟာ အသက်ပဲ။

ဒါတွေက စစ်ဆိုတဲ့ဘောင်အတွင်းမှာ သိပ်လိုအပ်တဲ့အရည်အချင်းတွေပါပဲ။ ဒီအရည်အချင်းတွေနဲ့ ၁၉၅၈အစိုးရအဖြစ် တစ်နှစ်ခွဲကာလတိုလေးကို ဝင်ရောက် ဆောင်ရွက်လို့ရလာတဲ့ ရလာဒ်ကောင်းတွေကို ပြည်ပပညာရှင်တချို့က အသိအမှတ်ပြုကြတာပေါ့။ တပ်ဆိုတဲ့ အဖွဲ့အစည်းရဲ့သဘာဝနဲ့ ဒီလောက်အလုပ်လောက်နဲ့ ကိုက်ပါတယ်။ တပ်ကိုလေ့ကျင့်ထားတာ အချိန်တိုကာလအတွင်း ထိမ်းသိမ်းရေးအတွက်ကိုး။

၁၉၆၂ ကျတော့ တပ်က ရွေးလိုက်မိတဲ့နိုင်ငံရေးစံနစ်က အမိန့်အာဏာသုံး တစ်ပါ

တီနိုင်ငံရေးစံနစ် ဖြစ်နေရော။ အာဏာကိုချုပ်ကိုင်၊ စုစည်းတဲ့နိုင်ငံရေးစံနစ်နဲ့ အမိန့်အာဏာနဲ့ပဲဆောင်ရွက်ရတဲ့ တပ်မတော်တို့ပေါင်းမိတော့ တိုင်းပြည်ဟာ မိအေးနှစ်ခါနာရပါတော့တယ်။ တိုင်းပြည် နာသလို တပ်လဲနာပါတယ်။ ဘယ်လိုနာသလဲ။ အရပ်ဖက်မှာပါ အာဏာရှိလာတဲ့အတွက် စစ်ဗိုလ်တွေရဲ့တပ်တွင်းက အာဏာဟာလည်း အတိုင်းအဆမရှိ ပိုကြီးမားလာတယ်။ ဒီလိုကြီးလာလေ၊ ထိပ်ပိုင်းအာဏာပိုင်တွေအပေါ် ကျန်သူတွေက ပိုမှီခိုလာရလေဖြစ်တယ်။ Dependency ဖြစ်ပါတယ်။ ဒါဟာ အဖွဲ့အစည်းတစ်ရပ်အတွက် အရေးကြီးလှတဲ့ မိမိဘာသာမိမိ စတင် စူးစမ်းဆောင်ရွက်ရေး (Initiative)၊ ဆုံးဖြတ်ချက်ချတတ်ရေး(Decision Making)၊ ပျော့ပျော့ပြောင်းပြောင်းဆောင်ရွက်တတ်ရေး(Flexibility)၊ စိတ်ကူးစိတ်သန်းကောင်းပေါ်ပေါက်ရေး(Imagination) နဲ့ တီထွင်ဖန်တီးမှုရှိရှိလုပ်တတ်ရေး(Creativity)တွေကို သင်းကွပ်ပစ်လိုက်ပါတယ်။ ပြည်သူ့ဝန်ထမ်းစံနစ်တစ်ရပ်လုံး ပျက်သလောက်ဖြစ်နေတာဟာ နှစ်ပေါင်း ၄၀ ကျော် ဒီဒဏ်ကို ခံခဲ့ရလို့ဖြစ်ပါတယ်။ ခုအတိုင်း ဆက် သွားရင် တပ်ပါပျက်လိမ့်မယ်။

ဒုတိယ၊ ဟော့ဒီစကားလေးကို လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ "အာဏာဟာ ပျက်စီးစေတယ်။ အာဏာဟာ အနံ့ရရုံ၊ မြင်ရုံနဲ့တောင်ပျက်စီးကြတယ်။ နီးကပ်ရုံနဲ့တောင်ပျက်စီးကြတယ်။ ဇနီးတွေ၊ မိသားစုတွေ၊ အမျိုးတွေ။ နောက်လိုက်တွေ၊ မြှောက်ပင့်ကပ်ဖားတွေ။ ပြီးတော့ အာဏာဟာ ငါတကောမာနအပါအဝင် မကောင်းဆိုးရွားမှုအပေါင်းကိုလည်း မွေးဖွားပေးပါသေးတယ်" တဲ့။ အနောက်တိုင်းကပုဂ္ဂိုလ်တစ်ဦးရဲ့ စာသားတွေမဟုတ်ပါ။ ဒေါက်တာမောင်မောင်ရဲ့စာအုပ် စာမျက်နှာ(၂၂၆)က စာသားတွေဖြစ်ပါတယ်။ အာဏာကခွာနိုင်မှသာ တပ်မတော်ဟာ လူထုရဲ့သူ့ရဲကောင်းဖြစ်ပါလိမ့်မယ်။

တတိယ၊ တပ်မတော်ဟာ သူ့ရဲ့အင်အားကို အတိတ်သဘောနဲ့ နားလည်တတ်ပါတယ်။ နိုင်ငံရေးအကူးအပြောင်းမှာ တပ်မတော်ဟာ အတိတ်ကိုစိတ်စွဲနေရာကထွက်ပြီး အနာဂတ်သဘောနဲ့ ကိုယ့်အင်အားကိုနားလည်၊ ကိုယ့်အကန့်အသတ်ကို သဘောပေါက်ဖို့လိုပါလိမ့်မယ်။ အနာဂတ်ဆိုတာ........ကမ္ဘာကြီးသွားနေတဲ့လမ်းကြောင်း၊ ပညာခေတ်ရဲ့သဘောသဘာဝ၊ နည်းပညာဖြစ်ပေါ်တိုးတက်မှု၊ စစ်အေးလွန်နိုင်ငံရေးနဲ့ သံတမန်ရေး စတဲ့အပြောင်းအလဲတွေကိုနားလည်၊ လက်ခံမှသာ အနာဂတ်ကို မြင်နိုင်တာပါ။

စတုတ္ထ၊ "ရေဖူးပေါက်တာမလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်"ဆိုတာ တပ်မတော်ရဲ့ သံချေးကိုက်အတွေးခေါ်ပဲ ဖြစ်ပါတယ်။ ဦးနေဝင်းကို ဥာဏ်နီဥာဏ်နက်များတဲ့လူလို့ထင်ကြပြီး ဒေါက်တာမောင်မောင်ကို မယုံကြတာ ဒီအတွေးအခေါ်က အကြောင်းတစ်ကြောင်းလို့ ကျနော်ထင်ပါတယ်။ အဆုံးသတ် ရလာဒ်က လုပ်ပုံကိုင်ပုံကို အဆုံးအဖြတ်ပေးလိမ့်မယ်ဆိုတဲ့ အတွေးအခေါ်ပေါ့။ တပ်မတော်ခေါင်းဆောင်တွေက အဆုံးသတ်ရလာဒ်နဲ့ အလုပ်ကို ဆုံးဖြတ်ပါတယ်။ လူထုနဲ့ နိုင်ငံတကာက တပ်မတော်နဲ့ ခေါင်းဆောင်တွေကို သူတို့လုပ်ပုံကိုင်ပုံနဲ့ ဆုံးဖြတ်ပါတယ်။

ပဉ္စမ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတဲ့အတွေးအခေါ်ဟာ လူဖြူ၊ လူမဲ လူမျိုးရေးခွဲခြားတာလို တပ်နဲ့ အရပ်သားအဆင့်အတန်းခွဲခြားရေးကိုသွားနေပါပြီ။ ကျနော်တို့လူထုဟာ ဒုတိယတန်းစားနိုင်ငံသားတွေ ဖြစ်လို့နေပါပြီ။ တိုင်းပြည်

အင်အားရှိလာမှပဲ တပ်လည်း အင်အားရှိလာမယ်ဆိုတာ နားလည်ဖို့ လိုပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေတို့ဟာ မဆလပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီမှာ ပိုပြီးအလယ်အလတ်ကျ၊ ပိုပြီးလစ်ဘရယ်ကျတဲ့ အဖွဲ့ဝင်တွေဖြစ်ပါသတဲ့။ အဲ့ဒီတုန်းက ထောက်လှမ်းရေးတပ်တွေကို ပြန်ပြီးထူထောင်ခဲ့ရတဲ့ ဗိုလ်မှူးကြီးခင်ညွန့်ကလည်း ပါတီနဲ့ နိုင်ငံတော်ခေါင်းဆောင်တွေကို ကျောင်းသားတွေနဲ့ဆွေးနွေးဖို့ ၁၉၈၈ မတ်လနဲ့ ဇွန်လမှာ တိုက်တွန်းခဲ့ပါတယ်လို့ ဒေါက်တာမောင်မောင်က စာမျက်နှာ ၁၈၃ မှာ ရေးခဲ့ပါတယ်။

လစ်ဘရယ်ဆိုတဲ့ နိုင်ငံရေးအဓိပ္ပါယ်က လူတစ်ဦးချင်းစီရဲ့အခွင့်အရေးတွေကိုလေးစားပြီး သဘောထားကွဲပြားသူတွေနဲ့ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်တယ်လို့ အဓိပ္ပါယ်ရပါတယ်။ ၁၉၆၂ ကတည်းကခင်းထားတဲ့ ကော်ဇောနီကလည်း ညစ်ပတ်နံစော်နေပါပြီ။ ဒေါက်တာမောင်မောင်မညာခဲ့ဘူးလို့လည်း ကျနော်တို့ ယုံချင်နေပါတယ်ခင်ဗျား။

၆
နိုင်ငံရေးအကူးအပြောင်းအတွက် တွေ့ဆုံဆွေးနွေးပွဲ

နှစ်တွေကြာလာတာနဲ့အမျှ လေးလံထိုင်းမှိုင်းလာတာနဲ့ အပြောင်းအလဲမရှိတာကို တည်ငြိမ်တာပဲလို့ စတင်လာခဲ့ပါသတဲ့။ အစည်းအဝေးသြဝါဒမိန့်ခွန်းတွေနဲ့ အဆိုပြုချက်တွေကို တိုးတက်လာတာနဲ့အတူတူ သဘောထားလာခဲ့တယ်။ ဆင်ခြေပေးတာက ကျိုးကြောင်းညီတာတွေဖြစ်လာတယ်။ ထိန်းချုပ် ကစားထားတဲ့ စာရင်းအင်း ကိန်းဂဏာန်းတွေက တကယ့်အချက်အလက်တွေ ဖြစ်လာပါတယ်။ ကျနော် တို့လူထုက အဲ့ဒီလောက် မရိုးအ လှပါဘူး။ သူတို့မြင်ပါတယ်။ သူတို့ခံစားပါတယ်။ သူတို့သိပါတယ်။ ဒါပေမဲ့ သူတို့စိတ်ရှည်နိုင်ကြပါတယ်။ သူတို့စောင့်နိုင်ကြပါတယ်။ စောင့်နိုင်သမျှ ကုန်သွားတဲ့အခါမှာတော့ မုန်တိုင်းကျခဲ့တော့တာပါပဲတဲ့။

မြန်မာပြည်ပြည်သူလူထုရဲ့ မုန်တိုင်းပစ်မှတ်တွေအနက် ပစ်မှတ်တစ်မှတ်ဖြစ်ခဲ့တဲ့ မဆလပါတီရဲ့ တစ်ဦးတည်းသော ပညာရှင်ဥက္ကဌရဲ့ နောက်ဆုံးထုတ်၊ အဖွင့်စာမျက်နှာကစာသားတွေပါ။ "ကျနော်တို့လူထုက အဲ့ဒီလောက် မရိုးအ လှပါဘူး။ သူတို့မြင်ပါတယ်။ သူတို့ခံစားပါတယ်။ သူတို့သိပါတယ်။" ဆိုတဲ့စကားတွေကိုတော့ ကျနော်ထပ်ကြေ့ပြောပါရစေ။ နိုင်ငံရေးအကူးအပြောင်းမှာ လူထုက နိုင်ငံရေးစိတ်ဝင်စားတဲ့ကာလရှိတယ်။ အစိုးရက ဖိနှိပ်ပစ်လိုက်ပြီးတဲ့အခါမှာ လူထုဟာ နိုင်ငံရေးကို စိတ်မဝင်စားတော့ပဲ ကာလရှည်တစ်ရပ်ကို ဖြတ်ရတယ်။ ပြီးတော့ လူတိုင်းက နိုင်ငံရေးစိတ်ဝင်စားနေတဲ့ အဆင့်ပြန်ရောက်လာတယ်ဆိုတဲ့ အကူးအပြောင်းအဆင့်ကိုလည်း ကျနော်ပြန်ပြောပါရစေ။ လူထု ငြိမ်နေတာကို ထိန်းနိုင်ပြီလို့ထင်ရင် အလွဲကြီးလွဲပါလိမ့်မယ်။ မြန်မာ့နိုင်ငံရေးဟာ ၁၂ နှစ်ကနေ ၁၄ နှစ်တိုင်းမှာ အလှည့်အပြောင်းတွေဖြစ်တတ်တယ်ဆိုတာလည်း ကျနော်ထောက်ပြပါရစေ။

မုန်တိုင်းဟာ ဘယ်တုန်းကမှ မရိုးတတ်ပါဘူး။ အချက်မပေး၊ တံခါးမခေါက်ပဲ အဓမ္မဝင်ရောက်လာတယ်ရယ်လို့ မရှိပါဘူး။ ကုလားထိုင်ပေါ်ကလူတွေကသာ "ငါတကော

မာနအပါအဝင်၊ မကောင်းဆိုးဝါးမှုအပေါင်းနဲ့ ” မမြင်မကြားကြတာပါ။

ဒီတခါကျတော့မယ့်မုန်တိုင်းကိုတော့ ရှောင်နိုင်ပါစေလို့ ကျနော်ဆုတောင်းပါတယ်။ တွေ့ဆုံဆွေးနွေးရေးနဲ့လည်း ရှောင်နိုင်လိမ့်မယ်လို့ ကျနော် မျှော်လင့်ချင်ပါတယ်။

တွေ့ဆုံဆွေးနွေးနေကြတဲ့ တပ်မတော် ခေါင်းဆောင်တွေရော၊ ဒေါ်အောင်ဆန်းစုကြည်ရောဟာ ကျနော့်ထက် အတွေ့အကြုံအားဖြင့် ကြီးမားကြသူတွေဖြစ်တဲ့အတွက် မိ ကျောင်းမင်းရေခင်းပြတဲ့အလုပ် ကျနော်မလုပ်ချင်ပါဘူး။ ဒါပေမဲ့ ပညာရှိ သတိဖြစ်ခဲ ဖြစ်တတ်သလို၊ အဝိဇ္ဇာကြောင့်လည်း အယူအကောက်လွဲမှာ ကျနော်စိုးရိမ်ပါတယ်။

အချက် (၆) ချက် ကျနော့်ကို ပြောခွင့်ပြုပါ။

တောင်အာဖရိကမှာ မဲန်ဒဲလားတို့ရဲ့ နိုင်ငံရေးပါတီ အာဖရိကအမျိုးသားကွန်ကရက်နဲ့ လူဖြူအစိုးရတို့ တွေ့ဆုံဆွေးနွေးနေရာက ပျက်လုလုဖြစ်သွားပါတယ်။ အဲ့ဒီအချိန်မှာ တောင်အာဖရိကကွန်မြူနစ်ပါတီခေါင်းဆောင် ဂျိုးစလိုဗို ရဲ့ စကားတစ်ခွန်းက ဆွေးနွေးပွဲပျက်မဲ့အရေးက ကယ်တင်ပေးခဲ့တယ်လို့ ကျနော်မှတ်သားဖူးပါတယ်။ သူ့စကားကို ကျနော်ပြန်ပြောပြပါရစေ။ “ကျနော်တို့ဟာ စစ်ရှုံးတဲ့ရန်သူတွေနဲ့ ညှိနှိုင်းနေတာမဟုတ်ပါဘူး”တဲ့ခင်ဗျား။

ဒုတိယ၊ နိုင်ငံရေးအကူးအပြောင်းဆွေးနွေးပွဲတွေဟာ သာနိုင်သမျှသာအောင် အကုန်သိမ်းကျုံးယူရတဲ့ ကစားပွဲမဟုတ်ပါဘူး။ ပါဝင်ဆောင်ရွက်ခွင့်ပေးရေးနဲ့ အလယ်အလတ်ကျရေးဟာ နိုင်ငံအရေး အကူးအပြောင်းရဲ့ ပင်မအကျဆုံးမှုတွေ ဖြစ်ပါတယ်။

တတိယ၊ အကူးအပြောင်းဆွေးနွေးပွဲတွေဟာ အတက်အကျ ရှိတတ်ပါသတဲ့။ ဒါပေမဲ့ နိုင်ငံတွေရဲ့အပြောင်းအလဲဆီကိုခေါ်သွားတဲ့ စိတ်ဓာတ်တွေကတော့ စိုက်လိုက်မတ်တပ်ဖွဲ့ရှိတာ၊ မျှော်လင့်ချက်အပြည့်ထားတာနဲ့ အကောင်းမြင်တတ်တဲ့ စိတ်ဓာတ်တွေပါပဲတဲ့။

စတုတ္ထ၊ ကျနော်တို့ကြည့်မြင်ပုံက အဖြူအမည်း စဉ်းစားပုံဖြစ်တတ်တယ်။ အဖြူအမည်းနှစ်ရောင်ကြားမှာ ရောင်စုံဖြာနေနိုင်တာကို ကျနော်တို့ မေ့နေတတ်ကြပါတယ်။ အာဏာရှင်စနစ်ကနေ အကူးအပြောင်းဟာ အမည်းချည်းမဟုတ်သလို အဖြူကြီးလည်း မဟုတ်ပါဘူး။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့လည်း အကူးအပြောင်းကာလမှာ အုပ်စိုးသူတွေထဲက သဘောထားပျော့ပြောင်းသူများရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့ မေ့နေတတ်ပါတယ်။ အုပ်စိုးသူတွေအနေနဲ့လည်း ဒီမိုကရေစီခေါင်းဆောင်တွေအဖို့ လူထုမျက်နှာလှမ်းကြည့်ရတာကို မေ့နေတတ်ကြပါသတဲ့။

ပဥ္စမ၊ ညှိနှိုင်းဆွေးနွေးရေးကျွမ်းကျင်သူပညာရှင်တွေက ဆွေးနွေးသူတွေကို မလုပ်မနေရလုပ်ဖို့ တိုက်တွန်းတဲ့ အကြံပေးချက်လေးတစ်ချက်ကို သတိမေ့နေကြမှာ ကျနော်စိုးရိမ်ပါတယ်။ အဲ့ဒါကတော့ သဘောတူညီချက်မရရင် တစ်ဖက်ချင်းစီက ကြုံရမဲ့အခြေအနေ၊ အနေအထားတွေကြားထဲက အကောင်းဆုံးဟာ ဘာဖြစ်နိုင်သလဲ စဉ်းစားထားဖို့ပါပဲ။ ကျနော်ဥာဏ်မှီသမျှ နှစ်ဖက်လုံးကိုစဉ်းစားကြည့်တာတော့ အကောင်းဆုံးကိုမမြင်ပါ။ ဆိုးတကာ့အဆိုးဆုံးထဲက အသက်သာဆုံးကိုပဲ စဉ်းစားလို့ရပါတယ်။ ဒါကို အင်္ဂလိပ်လို Best Alternative to Non-Agreement ၊ အတိုကောက် BATNA လို့ သုံးပါတယ်။ BATNA ကိုဖေါ်ကြည့်ပြီးကြပါပြီလားခင်ဗျား။ အဲ့ဒီပညာရှင်တွေရဲ့ တိုက်

တွန်းချက်လေးကို မြန်မာပြည်အခြေအနေအရ ကျနော်က တိုက်တွန်းချက်ကလေးတစ်ချက် ထပ်ဖြည့်ပါရစေ။ သဘောတူညီချက်မရရင်၊ လူထုကြုံရမဲ့အခြေအနေ၊ အနေအထားတွေထဲ ဘာဖြစ်နိုင်သလဲ။ နှစ်ဖက်စလုံး သေချာစဉ်းစားပေးကြဖို့ပါ။ ဒေါက်တာမောင်မောင်ကတော့ ကောင်းကောင်းကြီး နားလည်သွားခဲ့ပါတယ်။ "ဒါပေမဲ့ လူထုက စိတ်ရှည်နိုင်ကြပါတယ်။ သူတို့ စောင့်နိုင်ကြပါတယ်။ စောင့်နိုင်သမျှ ကုန်သွားတဲ့အခါမတော့ မုန်တိုင်းကျခဲ့တော့တာပါပဲ" တဲ့။

ဆဌမ၊ ဘယ်လိုအခြေအနေဟာ မြန်မာပြည်အတွက် အကောင်းဆုံးအခြေအနေဖြစ်မလဲဆိုတဲ့ ရိုးရိုးမေးခွန်းတိုလေးကို စဉ်းစားဖို့မမေ့စေချင်ပါ။ အဖြေက ရှင်းလွန်းလှမယ်ထင်ပါတယ်။ လက်ရှိအခြေအနေမှာ တပ်မတော်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူမျိုးစုခေါင်းဆောင်တွေ သဘောထားကွဲလျက် အတူ အလုပ်လုပ်ကြမဲ့အခြေအနေဟာ တိုင်းပြည်အတွက်အကောင်းဆုံးပဲလို့ လူတိုင်းဖြေကြမှာပါ။

ဒါပေမဲ့ နိုင်ငံရေးက တိုက်ပွဲပဲလို့ပြောချင်သူတွေလဲရှိမှာပါပဲ။ နိုင်ငံရေးဆိုတာ ကိုယ့်အယူ၊ ကိုယ့်အထင်ကို လူတွေလက်ခံအောင် ဆောင်ရွက်တာဖြစ်ပေမဲ့၊ နိုင်ငံရေးစနစ်ဆိုတာကတော့၊ မတူတဲ့ လူအုပ်စုတွေ အဲဒီလိုဆောင်ရွက်နိုင်ဖို့နဲ့ လူထုက သူတို့ဘယ်နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်တယ်ဆိုတာဖော်ပြနိုင်ဖို့အတွက် ပတ်ဝန်းကျင်တရပ်ကို ဖန်တီးတာဖြစ်တယ်။ တွေ့ဆုံဆွေးနွေးရေးဟာ နိုင်ငံရေးလုပ်နေတာမဟုတ်ပါ။ နိုင်ငံရေးစနစ်တရပ်ဖော်ဆောင်ဖို့ စကားပြောနေကြတာဖြစ်ပါတယ်။ စနစ်က ဟန်မကျရင်၊ နိုင်ငံရေးဟာ တိုက်ပွဲဖြစ်ပါတယ်။ လက်ရှိအခြေအနေက ဒီဟန်မကျတဲ့စနစ်ကို အဆုံးသတ်ဖို့ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ တောင်အာဖရိကမှာ သဘောတူညီချက် ရတဲ့အခါ နိုင်ငံတော်အလံက နှစ်မျိုးဖြစ်သလို နိုင်ငံတော်သီချင်းကလည်း နှစ်မျိုးခင်ဗျ။ တကယ်လို့ ရုပ်ရှင်မပြမီ နိုင်ငံတော်အလံသုံးမျိုးအတွက်၊ နိုင်ငံတော်သီချင်းသုံးမျိုးကို ကျနော်တို့ပြည်သူလူထုက မတ်တပ်ရပ်အလေးပြုရမယ် ဆိုလို့ရှိရင်လည်း ကျနော်ပြောရဲပါတယ်။ လူထုက အလေးပြုဖို့ အဆင်သင့်ရှိနေပါတယ်လို့ ပြောလိုက်ပါရစေခင်ဗျား။ ။

အခြေခံဥပဒေဥပဒေရေးရာ

အခြေခံဥပဒေရေးရာသတင်းအတိုအထွာများ

သုတေသနဌာန၊
မြန်မာနိုင်ငံရွှေ့နေများကောင်စီ

ထိုင်းနိုင်ငံ–အဖယ်ရှားခံ အထက်လွှတ်အမတ်များရှေ့ရေး

လွန်ခဲ့သောနှစ်က အထက်လွှတ်တော်ဆီးနိတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသော အထက်လွှတ်တော်ဥက္ကဌ ဆနစ်–ဝါရာပန်ယာ အပါအဝင် မဲဆန္ဒနယ် (၇)နယ်မှ အထက်လွှတ်တော်အမတ်(၁၀)ဦးအား ယခုနှစ်မတ်လတွင် အချို့ကို ရွေးကောက်ပွဲကာလက မဲဝယ်မှု၊ အချို့ကို မဲဝယ်မှုအပါအဝင် ဥပဒေနှင့်မညီညွတ်သော မဲဆွယ်မှုများ လုပ်ခဲ့သည့်အထောက်အထားတွေ့ရှိရကြောင်းဖြင့် ရွေးကောက်ပွဲကော်မရှင်က တညီတညွတ်တည်းဆုံးဖြတ်ကာ လွှတ်တော်အမတ်နေရာများမှ ဖယ်ရှားခဲ့သည်။

အကြံပေးပုဂ္ဂိုလ်တဦးဖြစ်သည့် အထက်လွှတ်တော်အမတ် ကယောင်ဆန်–အတီဘိုဒီ က အဆိုပါအမတ်(၁၀)ဦးအားထိုသို့ဖယ်ရှားမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး(Constitutional Court) အဆုံးအဖြတ်ရရန် ပါလီမန်လွှတ်တော်ဥက္ကဌထံ တောင်းဆိုမည်ဟုဆိုသည်။ ရွေးကောက်ပွဲဆိုင်ရာအမှုများကို အလျှင်အမြန်စုံစမ်းစစ်ဆေးရမည်ဟု အခြေခံဥပဒေ ပုဒ်မ(၁၄၇)တွင် ပြဋ္ဌာန်းထားသော်လည်း ယခုကဲ့သို တနှစ်ကျော်ကြာပြီးမှ ရွေးကောက်ပွဲကော်မရှင်ကဆုံးဖြတ်ခြင်းသည် ထိုသို့ဆုံးဖြတ်ခွင့်ရှိ မရှိနှင့် အခြေခံဥပဒေပုဒ်မ(၁၃၃)ပါ လွှတ်တော်အမတ် အဖြစ်မှရပ်စဲခြင်းပြဋ္ဌာန်းချက်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖယ်ရှားခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်မပါရှိပဲနှင့် ယခုကဲ့သို့ဖယ်ရှားခွင့် ရှိမရှိ ဆိုသည်ကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် ဖယ်ရှားခံရသော အမတ် (၁၀) ဦးက ဆောင်ရွက်ကြမည်ဟု ကယောင်ဆန် ကဆိုသည်။

ဆနစ် ဝါရာပန်ယာ ကမူ ၎င်းအဆိုအရ ၎င်းအပေါ်လုပ်ကြံ စွပ်စွဲချက်များမှာ မမှန်ကန်ကြောင်းသက်သေပြရန်အတွက် ၎င်း၏ လောက်ဘူရီ မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေး

ကောက်ပွဲဝင်မည်ဟုဆိုသည်။ အခြားမဲဆန္ဒနယ်များမှ ကျန်အမတ်(၉)ဦးက ရွေးကောက်ပွဲ ဝင်မဝင်ကို ၎င်းကပြောဆိုသွားခြင်းမရှိပေ။

၎င်းအမတ်များအားရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးလုပ်ခွင့် ပိတ်ပင်ခြင်းအစား သတိပေးသည့်အနေနှင့် အမတ်နေရာများမှဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့အား ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံခွင့်ပြုခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလတတိယ အပတ်အတွင်းကျင်းပပြီး၊ ရွေးကောက်ပွဲရလဒ်ကိုမူ မေလ (၁၂)ရက်နှင့်(၂၆)ရက်ကြားတွင် ထုတ်ပြန်မည်ဟုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။ ထိုအမတ်များ ထပ်မံအရွေးခံရမည် မခံရမည်မှာ မရေရာပေ။

ထိုင်းနိုင်ငံ–မူးယစ်ဆေး ဥပဒေချိုးဖေါက်သူများအားသေဒဏ်ပေးနိုးဆော်

ဧပြီလ (၁၈)ရက်နေ့က ထိုင်းနိုင်ငံတွင် သေဒဏ်ချခံထားရသူ (၅) ဦးအား ကွတ်မျက်ခဲ့သည်။ သေဒဏ်ကွတ်မျက်ရာသို့ ပြည်တွင်းပြည်ပ သတင်းထောက်များအား ကြည့်ရှုသတင်းယူခွင့်ပြုခဲ့ပါသည်။ ရုပ်မြင်သံကြားဌာနကလည်း ထိုသတင်းကို ထုတ်လွှင့်ခဲ့သည်။ သေဒဏ်ကွတ်မျက်ရာသို့ သတင်းသမားများအား သေဒဏ်စီရင်မှုတွင် ယခုကဲ့ကို သတင်းယူခွင့်ပြုခြင်းမှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

သေဒဏ်ပေးခံရသူများမှာ မူးယစ်ဆေးကုန်ကူးသူ ထိုင်ဝမ်နိုင်ငံသားတစ်ဦး၊ ဟောင်ကောင်တရုပ်တစ်ဦး၊ ထိုင်းနိုင်ငံသား(၂)ဦးနှင့် လူသတ်မှုတခုတွင် နောက်ကွယ်မှကြိုးကိုင်သူ ထိုင်းမွတ်စလင်တဦးတို့ဖြစ်သည်။ ထိုင်းနိုင်ငံတွင် သေဒဏ်အတည်ပြုခဲ့သည့် ၁၉၃၅ ခုနှစ်မှစ၍ သေဒဏ်ပေးခံခဲ့ရသူပေါင်း (၃၀၃) ဦးရှိခဲ့သည်။ သေဒဏ်ပေးခံရဦးမည့် ဆဲဆဲအကျဉ်းသား(၇) ဦးရှိသည်။ သေဒဏ်စီရင်ချက်ချခံထားရသော တရားခံများမှာ နိုင်ငံခြားသား(၂၃) ဦးအပါအဝင် စုစုပေါင်း(၃၁၈)ရှိပြီး အမျိုးသား(၂၂၈)ဦး၊ အမျိုးသမီး (၃၀) ရှိသည်။ ၎င်းတို့အနက်(၁၈၀)မှာ မူးယစ်ဆေးဝါးမှုဖြင့် သေဒဏ်စီရင်ချက်ချထားခံရခြင်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး ပူရာချိုင်းပဲန်ဆုံဖဲန်က ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကိုထိခိုက်စေနေသော မူးယစ်ဆေးဝါးကုန်ကူးမှု၊ မှောင်ခိုရောင်းဝယ်မှု ကျူးလွန်သူများအား ပြင်းပြင်းထံထံ အရေးယူသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးမှောင်ခိုသမားများ သိသာစေရန်လည်း ပစ်ဒဏ်ချခံထားရသူများကို သေဒဏ်ကွတ်မျက်သွားမည်ဖြစ်ကြောင်း၊ ပြောဆို ခဲ့သည်။

အထက်လွှတ်တော်အမတ် ချာမ်ဆက်ပုင်ထောင်းနှင့် လူ့အခွင့်အရေးရှေ့နေ ဆွမ်ချိုင်းဟွမ်လာ တို့ကမူ သေဒဏ်ပေးခြင်းသည် လက်တွေ့ကျသော ဖြေရှင်းနည်းမဟုတ်ပဲ၊ တသက်တကျွန်းဒဏ်ဖြင့် လုံလောက်ကြောင်း ပြောဆိုခဲ့သည်။ သေဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International နှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက ကန့်ကွက်ခဲ့ကြသည်။ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သေဒဏ်ချမှတ်ခံထားရသူများအား ပစ်ဒဏ်လျော့ချပေးခြင်းအားဖြင့်လည်းကောင်း၊ သေဒဏ်ဥပဒေအား ဖျက်သိမ်းစေမည့် အခြေခံဥပဒေပြင်ဆင်ခြင်းအားဖြင့်လည်းကောင်း

လူ့အခွင့်အရေးကို ဆက်လက်ဖေါ်ဆောင်ပါရန် ထိုင်းအစိုးရအားတိုက်တွန်းထားသည်။

ယူဂိုဆလားဗီးယား–သမတဟောင်း မီလိုဆေးဗစ် အဖမ်းခံရ

၁၀–စုနှစ်တခုကြာ ဘော်လကန်ဒေသစစ်ပွဲဖန်တီးခဲ့သူ ယူဂိုဆလာဗ်သမတဟောင်း မီလိုဆေးဗစ် အား အကျင့်ပျက်ချစားမှုဖြင့် ဧပြီလ (၁)ရက်နေ့က ၎င်း၏နေအိမ်တွင် ဖမ်းဆီးခဲ့သည်။

အကယ်၍ သမတသစ် ဗိုဂျစ်လဗ်ကော်စနီးတိုကား အစိုးရအနေဖြင့် မတ်လ(၃၀) ရက်အထိ နယ်သာလန်နိုင်ငံ သီဟိဂ်မြို့ရှိ ကုလသမဂ္ဂစစ်ရာဇဝတ်ခုံရုံးနှင့် ပူးပေါင်းဆောင်ရွက်လိုဟန်မပြပါက အမေရိကန်ပြည်ထောင်စုမှပေးမည့် ဒေါ်လာသန်း(၅၀) စီပွားရေးအကူအညီကို ဆိုင်းငံ့ထားမည်ဟူသော ခြိမ်းခြောက်မှုထွက်ပေါ်ပြီးနောက်တွင် မီလိုဆေးဗစ်အား အချိန်ကိုက်ဖမ်းဆီးနိုင်ခဲ့သည်။

မီလိုဆေးဗစ်အား ဖမ်းဆီးလိုက်ခြင်းအတွက် နိုင်ငံတကာခေါင်းဆောင်များက ဝမ်းပန်းတသာ ဖြစ်နေကြသော်လည်း ၎င်းအား စစ်ရာဝတ်မှုကျူးလွန်ခြင်း၊ နှင့် လူသားဖြစ်မှုကိုရန်လိုသောပြစ်မှု(Crime Against Humanity) တို့အတွက် တရားရင်ဆိုင်ရန် သီဟိဂ်မြို့ရှိ ကုလသမဂ္ဂစစ်ရာဇဝတ်ခုံရုံးသို့လွှဲ ပေးမည်လားဆိုသည်ကိုတော့ သံသယရှိနေကြသည်။ အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ်၊ နိုင်ငံတို့မှ ခေါင်းဆောင်များက ၎င်းအား ခုံရုံး သို့လွှဲပေးရန် ယူဂိုဆလာဗီးယားနိုင်ငံအား တိုက်တွန်းထားသည်။ ကုလသမဂ္ဂခုံရုံး ပြောရေးဆိုခွင့်ရှိသူကလည်း ဘလ်ဂရိတ် အနေဖြင့် မိလိုဆေးဗစ်အားခုံရုံးသို့ လွှဲပေးရန်တာဝန်ရှိသည်ဟုဆိုသည်။

ယူဂိုဆလာဗ် ဒူးမားလွှတ်တော်၏နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌကမူ မီလိုဆေးဗစ်အားလွှဲပြောင်းပေးခြင်းသည် စိုးရိမ်ဘွယ် နိုင်ငံရေးအမှား ဖြစ်စေလိမ့်မည်ဟုဆိုသည်။ ယူဂိုဆလာဗ် သမတကမူ စစ်ရာဇဝတ်နှင့် လူသားဖြစ်မှုကိုရန်လိုသောပြစ်မှု အတွက် စုံစမ်းစစ်ဆေးမှု၌ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောခဲ့သော်လည်း တရားခံလွှဲပေးမှု မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ယူဂိုဆလားဗီးယား– စစ်ရာဇဝတ်မှုတရားခံ ဆန္ဒလျှောက် အစစ်ခံရန်ရှိ

ဘောစနီးယား ထိပ်တန်းခေါင်းဆောင် ဗလာဂိုဂျီ–ဆီးမစ် အား ဘောစနီးယားစစ်ပွဲကာလအတွင်းက ခရိုးအက်နှင့် မူစလင်တို့အပေါ်ကျူးလွန်ခဲ့သည့် ရက်စက်မှုများအတွက် တရားစွဲဆိုထားချက်ကို ထုချေအစစ်ခံရန် စစ်ရာဇဝတ်ခုံရုံးရှိရာ နယ်သာလန်နိုင်ငံ သီဟိဂ်မြို့သို့ မတ်လ(၁၂)ရက်နေ့က သွားရောက်ခဲ့သည်။

မစ္စတာဆီးမစ်သည် ကုလသမဂ္ဂတရားရုံးတွင် အစစ်ခံရန် မိမိကိုယ်ကိုမိမိ တရားရုံးတွင်အပ်နှံသည့် ပထမဆုံးသော ယူဂိုဆလပ် စစ်ရာဇဝတ်ကောင်ဖြစ်သည်။ ၎င်းသည် စစ်ရာဇဝတ်မှုနှင့်ပတ်သက်၍ အပြစ်မရှိကြောင်း သက်သေပြနိုင်မည်ဟု သူ့ကိုယ်သူ ယုံ

ကြည်နေသည်။

မစ္စတာ ဆီမစ်သည် ဘောဆန်စကီး ဆာမက်ဟုခေါ်သောမြို့အား ဆားဗီးယားစစ်တပ်များ ၁၉၉၂ ခုနှစ် ဧပြီလတွင် မသိမ်းပိုက်မီကတည်းက ထိုမြို့တွင် အရပ်ဘက်ဆိုင်ရာအကြီးအကဲဖြစ်သည်။ ထိုမြို့ရှိ ဆာဗ် ရဲများက ဆာဗ်လူမျိုး မဟုတ်သူများ အထူးသဖြင့် ကျွမ်းကျင်သူများနှင့် ထင်ရှားသော ခေါင်းဆောင်များကို အကျဉ်းစခန်းထဲမောင်းသွင်းခဲ့ပြီး၊ စခန်းသွင်းခံရသူအများစုမှာ အသတ်ခံရခြင်း၊ နှိပ်စက်ညှင်းပန်းခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခံရခြင်းများ ရှိခဲ့သည်။ စခန်းသွင်းမခံရသူများမှာလည်း ထိုမြို့မှ ထွက်ပြေးခြင်း၊ သို့မဟုတ် အလုပ်ကြမ်းစခန်းရှိရာ သို့ပြောင်းရွှေ့ခြင်း ခံခဲ့ကြရသည်။ မြို့လူဦးရေ၏ ထက်ဝက် (၁၇၀၀၀ ဦး) ခန့်ရှိခဲ့သော ခရိုအက်နှင့်မူဆလင်များမှာ ၁၉၉၅ ခုနှစ် စစ်ပြီးသောအခါတွင် (၃၀၀) ခန့်သာကျန်တော့သည်။

မစ္စတာဆီမစ်သည် ထိုမြို့၏ လူမျိုးစုသုတ်သင်ရှင်းလင်းရေး (Ethnic Cleancing) ကို ဦးဆောင်ခဲ့သူ ဒေသဆိုင်ရာအစိုးရခေါင်းဆောင်ဖြစ်ကြောင်း စစ်ခုံရုံးကဆိုသည်။

မစ္စတာဆီးမစ်၏ရှေ့နေ အိုင်ဂိုပန်တဲလစ် က မစ္စတာဆီးမစ် သူ့သဘောအလျောက်ကမ္ဘာ့စစ်ခုံရုံးတွင် အစစ်ခံရန် ဆုံးဖြတ်ခဲ့ခြင်းမှာ လူပုဂ္ဂိုလ်အချို့ကြောင့် ယူဂိုဆလာဗ် တနိုင်ငံလုံး ခံစားခံမဖြစ်သင့်ဟု ယုံကြည်သောကြောင့်ဖြစ်သည်ဟု ဆိုသည်။

နယ်သာလန်-ဂရုဏာ လူသတ်ခွင့်ဥပဒေ အတည်ပြု

နယ်သာလန်နိုင်ငံတွင် အထက်လွှတ်တော်အမတ်များက ရုဏာလူသတ်ခွင့်ဥပဒေကို ဧပြီလ(၁၁)ရက်နေ့တွင် အများစုဆန္ဒမဲဖြင့် ထောက်ခံအတည်ပြုလိုက်သည်။ အဆိုပါဥပဒေကြမ်းကို အောက်လွှတ်တော်မှ ယခင်နှစ် နိုဝင်ဘာလက အတည်ပြုခဲ့သည်။ ထို့ကြောင့် ဂရုဏာလူသတ်ခွင့်ဥပဒေမှာ အခုအခါ အသက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။ နယ်သာလန်သည် ဂရုဏာ လူသတ်ခွင့်ဥပဒေကို ကမ္ဘာတွင် ပထမဆုံး အတည်ပြုသည့်နိုင်ငံဖြစ်သည်။ ထိုဥပဒေကို ကမ္ဘာ့နိုင်ငံအများတွင် ထောက်ခံသူလည်းရှိသလို ဝေဖန်ကန့်ကွက်သူများလည်း အများအပြားရှိနေသည်။ အထူးသဖြင့် ဘာသာရေးအသိုင်းအဝိုင်းက ဆန့်ကျင်ကန့်ကွက်ကြသည်။ လူနာများအနေဖြင့် ရောဂါဝေဒနာ အသည်းအသန်ခံစားနေရပြီး မျှော်လင့်ချက်ကင်းမဲ့ပြီဟု ဆရာဝန်များကယူဆလျှင်၊ လူနာကလည်းဆရာဝန်ထံ သတ်ပေးရန်မေတ္တာရပ်ခံလျှင် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ကျော်ဖြတ်ပြီးလျှင် လူနာကိုသေစေရန် ဤဥပဒေကို အသုံးပြုဆောင်ရွက်ခွင့်ရှိသည်။ ရောဂါရှင် အသက်အရွယ် ကန့်သတ်မထားပေ။

ဆရာဝန်များအနေဖြင့် ဥပဒေကို တလွဲသုံးအမည်ကို တချို့ကစိုးရိမ်နေကြသည်။ အဆိုပါဥပဒေတွင် ဆရာဝန်များ လိုက်နာရမည့် စည်းကမ်းချက်များလည်း ပြဋ္ဌာန်းထားသည်။

ဤဥပဒေသည် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်သော အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးကို ချိုးဖေါက်သော ဥပဒေဖြစ်သည်ဟုလည်း ဝေဖန်သူများက ထောက်ပြကြသည်။

ပါကစ္စတန်– စစ်အစိုးရအမိန့်အပေါ် တရားရုံးချုပ်ဆုံးဖြတ်ချက်

ပါကစ္စတန်နိုင်ငံတရားရုံးချုပ်သည် ပါကစ္စတန်စစ်အစိုးရ၏ National Accountability Ordinance (NAO) ဟုခေါ်သော အမိန့်ပါ ပုဒ်မအချို့အား ဥပဒေနှင့်ဆန့်ကျင်နေကြောင်း ဧပြီလ ၂၄ ရက်နေ့က ဆုံးဖြတ်ခဲ့သည်။ အဆိုပါ အမိန့်အရ စွပ်စွဲထိန်းသိမ်းခြင်းခံနေရသူများက တရားရုံးချုပ်သို့စာချွန်လွှာတင်လျှောက်ထားခဲ့မှုအပေါ် တရားရုံးချုပ် က ထိုသို့ဆုံးဖြတ်ခဲ့ ခြင်းဖြစ်ပါသည်။

တရားရုံးချုပ်၏စာမျက်နှာ ၃၄၂ မျက်နှာပါဆုံးဖြတ်ချက်တွင်အဆိုပါ NAO အမိန့်ပါ ပြဋ္ဌာန်းချက်များအား ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ တရားမျှတမှုကိုအာမခံပေးထားပေးသည့် အချက်များနှင့်ကိုက်ညီစေရန်၊ အခြေခံအခွင့်အရေးများ (Fundamental Rights)နှင့် ကိုက်ညီစေရန် နှစ်လအတွင်း ပြင်ဆင်ပေးဖို့လည်း တောင်းဆိုထားသည်။

စစ်အစိုးရ၏ အမိန့်ပါ ပြဋ္ဌာန်းချက်များ ဥပဒေနှင့်မညီကြောင်း ဆုံးဖြတ်ခြင်းသည် ပါကစ္စတန်နိုင်ငံ တရားရုံးချုပ်၏ သမိုင်းဝင်ဆုံးဖြတ်ချက်ဖြစ်ရုံမက အခြား စစ်တပ်အုပ်ချုပ်ရေးရှိ သည့်နိုင်ငံများ၏ တရားရုံးများအတွက်လည်း နမူနာယူစရာဖြစ်ပေသည်။ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အဓိကတချက်နှစ်ချက်ကိုဖေါ်ပြသုံးသပ်ရလျှင်–

စစ်အစိုးရသည် ၁၉၉၉ အောက်တိုဘာလ အာဏာသိမ်းပြီးသည်နှင့် နိုင်ငံအနှံ့ဖြစ်ပွားနေသော အဂတိလိုက်စားမှုကို သုတ်သင်ရှင်းလင်းသွားမည်ဟုဂတိထားကာအဆိုပါအမိန့်ကို ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။ ထိုအမိန့်အရ အဂတိလိုက်စားသည်ဟု သံသယရှိသူအား (National Accountibility Bureau)၏ အထူးပုလိပ်အဖွဲ့က တရားရုံးမတင်ဘဲ ရက်ပေါင်း(၉၀)ထိန်းသိမ်း ခွင့်ရှိသည်။ (မြန်မာနိုင်ငံ ၁၉၇၅ ခုနှစ်နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှတားဆီးကာကွယ်သော ဥပဒေမှာလည်း တရားရုံးမတင်ဘဲ ရက်ကြာရှည်စွာဖမ်းဆီးထိန်းသိမ်းထားခွင့်ရှိသည်) စုံစမ်းစစ်ဆေးသည့်ကာလတွင် အထောက်အထားတွေ့ရှိပါက အဂတိလိုက်စားမှုစစ်ဆေးသည့် တရားရုံး (သီးသန့်တရားရုံး)တင်ပြီး တရားခံပြစ်မှုထင် ရှားကျူးလွန် သည်ဟုဆုံးဖြတ်ပါက ဝန်ထမ်းအဖြစ်တာဝန်ထမ်း ဆောင်ခြင်း၂၁ နှစ်တားမြစ်ခံရမည့်အပြင် ပြစ်ဒဏ်ချမည်ဟုပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍မှု လူတဦးတယောက်အား လုံလောက်သော အကြောင်းပြချက်မရှိဘဲ ရက်ပေါင်းများစွာထိန်း သိမ်းထားခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အာမခံထားသောနိုင်ငံသားများ၏ ပုဂ္ဂလိကလွတ်လပ်မှုကို ချိုးဖေါက်ရာရောက်သည်ဟု တရားရုံးချုပ်၏ ယခုဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။ လူတဦးတစ်ယောက်ကို တစ်ကြိမ်လျှင် ၁၅ ရက်ထက် ပို၍ချုပ်ခွင့်(ရီမန်) မပေးသင့်ကြောင်း၊ ဆက်လက်ချုပ်ထားရန်လိုအပ်ပါက တရားရုံး၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပစ်ဒဏ်ချခံရသူအားလည်း အစိုးရဝန်ထမ်းလုပ်ခွင့်ကို ၁၀ နှစ်ထက်ပို၍ မပိတ်ပင်သင့်ကြောင်း ဖေါ်ပြထားသည်။

NAO အမိန့် အပိုဒ် ၂၄ အပိုဒ်ခွဲ (ဃ) တွင် "ဤအမိန့်အရ ဖမ်းခံထားရသူ တဦး

တယောက်ကိုမျှ NAB ဗျူရိုဥက္ကဋ္ဌ၏ ရေးသားထားသော အမိန့်မပါဘဲ လွှတ်ပေးခြင်း မပြုရ" ဟူသောအချက်မှာလည်း တရားစီရင်ရေးဆိုင်ရာ လွှတ်လပ်မှုကို ထိခိုက်စေကြောင်း၊ တရားဥပဒေဆိုင်ရာမူသဘောအရ NAB ဗျူရိုဥက္ကဋ္ဌ သည် တရားလိုကိုယ်စားလှယ်နှင့် တရားသူကြီးတာဝန်ကို တပြိုင်တည်းယူ၍မရကြောင်း တရားရုံးကထောက်ပြထားသည်။ တရားစီရင်မှုဆိုင်ရာပြန်လည် သုံးသပ်မှုနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို တရားသူကြီးများကိုသာလျှင် အပ်နှင်းထားရကြောင်း၊ အဆိုပါ အာဏာများကို အမျိုးသားရေးတာဝန်ခံမှုဗျူရိုကို အပ်နှင်း၍မရကြောင်း၊ ထိုသို့အပ်နှင်းပါက တရားစီရင်ရေး လွှတ်လပ်မှုအယူအဆ ကိုထိခိုက်စေကြောင်းလည်း ထောက်ပြထားသည်။ တရားရုံးပြောင်းစစ်ခွင့်အာဏာကို ဗျူရိုကိုသာပေးထားပြီး စွပ်စွဲခံရသူများအားထိုအခွင့်အလမ်းမပေးထားခြင်းသည် ဥပဒေနှင့်အညီဖြစ်စေရမည်ဟူသော ဥပဒေအယူအဆကို အခြေခံသည့် ဖွဲ့စည်းပုံဥပဒေအပိုဒ် ၄ အားဆန့်ကျင်နေသည်ဟု တရားရုံးချုပ်က ထပ်မံ၍ ထောက်ပြထားသည်။

တရားရုံးချုပ်သည် အခြေခံဥပဒေနှင့်မညီသော အဆိုပါပြဋ္ဌာန်းချက်များကို နှစ်လအတွင်း ပြင်ဆင်ပေးရန် တောင်းဆိုထားရာ၊ အမျိုးသားရေးတာဝန်ခံမှုဗျူရို တရားလိုအကျိုးဆောင်ချုပ်က တရားရုံးချုပ်၏ထောက်ပြချက်များကို ကျေနပ်မိကြောင်း၊ အချိန်ပေးထားသောနှစ်လအတွင်း ဖြစ်နိုင်သမျှဆောလျှင်စွာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ တခုတွင်ပြောဆိုခဲ့သည်။

ပါကစ္စတန်နိုင်ငံ အမြင့်ဆုံးတရားရုံး၏ ဖော်ပြပါဆုံးဖြတ်ချက်များထွက်ပေါ်လာခြင်းသည် ပြည်သူများအနေဖြင့် တရားရုံးကို အားထားရာ အဖြစ်ရှိနေသေးကြောင်းပြသရာ ရောက်ပေသည်။ ယခုဆုံးဖြတ်ချက်များသည် ဒုတိယအကြိမ် စစ်အစိုးရအား ထိုးနှက်လိုက်ခြင်းဖြစ်သည်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်မေလက တရားရုံးချုပ်သည် စစ်အစိုးရ အုပ်ချုပ်ရေး ၃ နှစ်ပြည့်ပါက အရပ်သားအစိုးရအား အာဏာလွှဲပေးရန် ဆုံးဖြတ်ချက်ချခဲ့ဖူးသည်။ ထိုဆုံးဖြတ်ချက်မှာ စစ်အစိုးရအုပ်ချုပ်ရေးအားတရားဝင် ဖြစ်စေခဲ့သော်လည်း စစ်အစိုးရ၏အုပ်ချုပ်မှုသက်တမ်းကို ကန့်သတ်ပေးလိုက် ရာရောက်ပေသည်။ မြန်မာနိုင်ငံ နဝတ/နအဖ စစ်အစိုးရကဲ့သို့ အကန့်အသတ်မဲ့အုပ်ချုပ်ခွင့်ရတာမျိုး မဖြစ်စေရန် ပါကစ္စတန် အမြင့်ဆုံးတရားရုံးက ဟန့်တားလိုက်ခြင်းဖြစ်သည်ဟုဆိုနိုင်ပေသည်။ သို့သော်စစ်တပ်ကို မည်မျှယုံကြည်ရမည်နည်းဟူသော မေးခွန်းစပ်လျဉ်း၍တော့ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ မြန်မာစစ်အစိုးရနှင့်မတူသော နိုင်ငံရေးနောက်ခံများ ပါကစ္စတန်တွင် ရှိသည်။ ပါကစ္စတန် စစ်ဗိုလ်ချုပ်အာဏာသိမ်းရာတွင် ၁၉၇၃ ခုနှစ်ကပြဋ္ဌာန်းထားသော အခြေခံဥပဒေ အားဖျက်သိမ်းခြင်းမပြုပေ။ သည့်အတွက် ပါကစ္စတန်ပြည်သူများအနေနှင့် အခြေခံဥပဒေတွင် အကာအကွယ်ပေးထားသော အခြေခံအခွင့်အရေးများကို တောင်းဆိုနိုင်သော အခွင့်အလမ်းများ ရှိနေသေးသည်။ ပြည်သူများအနေနှင့် စစ်တပ်အာဏာသိမ်းအုပ်ချုပ်မှုကို ယခင်ကနှစ်ကြိမ်ခံခဲ့ဖူးထားသော်လည်း မြန်မာပြည်သူများ ကဲ့သို့နှစ်ပေါင်း ၄၀ ဆက်တိုက်ခံခဲ့ရခြင်းမျိုးမဟုတ်ပေ။ တရားဥပဒေစိုးမိုးရေး(ငြိမ်ဝပ်ပိပြားရေးမဟုတ်ပါ) ဖော်ဆောင်ရာတွင် အဓိကကျသော တရားရုံး၏အခန်းကဏ္ဍ မြင့်မားနေသေးသည်။ ဝန်ကြီးဌာန ၄ ခုသာလျှင် စစ်တပ်မှများ တာဝန်ယူထားပြီး ကျန်ဝန်ကြီးဌာနများကို အရပ်သားများအား တာဝန်ပေးထားသည်။

ပါကစ္စတန် တရားရုံးချုပ်တရားသူကြီးများသည် တရားသူကြီးများ၏ အခန်းကဏ္ဍနှင့် တရားစီရင်ရေးလွတ်လပ်မှုကို အခိုင်အမာ ဆုပ်ကိုင်ထားပုံရသည်၊ အခြေခံဥပဒေအရ အပ်နှင်းထားသော အခြေခံအခွင့်အရေးများကို ဥပဒေနှင့်အညီ ပါကစ္စတန်ပြည်သူများ ခံစားခွင့်ရရန် အလေးထားပုံပေါက်သည်။ မြန်မာနိုင်ငံ တရားရုံချုပ်တရားသူ ကြီးချုပ် ဦးအောင်တိုးကမူ တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများတွင် တရားသူကြီးများအား ဗိုလ်ချုပ်ခင်ညွန့်၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အကြိမ်ပေါင်းများစွာနှိုးဆော်တိုက်တွန်းလေ့ရှိသည်။ ။